# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (16-3-2016) (၈၅၀၇)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဦးထင်ကျော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့နံနက်ပိုင်းတွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သူ ဦးထင်ကျော်ထံ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်နှင့် နိုင်ငံသားများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲ တာဝန်များကို လွှဲပြောင်းပေးအပ်ရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတအဖြစ် ဦးထင်ကျော်အား ရွေးချယ်တင်မြှောက်


**နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဦးထင်ကျော်။**

နေပြည်တော် မတ် ၁၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲအစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်ဩကျင်းပရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။**

နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်မှုကို နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များက ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး ရွေးချယ်ခဲ့ကြရာ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်က ထောက်ခံဆန္ဒမဲ(၃၆၀)ဖြင့် အများဆုံးရရှိပြီး ရွေးချယ်တင်မြှောက်ခံရခြင်းဖြစ်သည်။

ထိုသို့ ဆန္ဒမဲပေးရာတွင် မဲပေးပိုင်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ(၆၅၃) ဦးအနက် (၁)ဦးခွင့်တိုင်ကြားခဲ့သဖြင့် (၆၅၂)ဦးတို့မှဆန္ဒမဲပေးခဲ့ကြရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်က ထောက်ခံဆန္ဒမဲ(၃၆၀)ဖြင့်လည်းကောင်း၊ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူက ထောက်ခံဆန္ဒမဲ(၇၉)မဲဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ထောက်ခံဆန္ဒမဲ(၂၁၃)မဲဖြင့်လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ယခုရွေးချယ်တင်မြှောက်ခံရသည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပြီးနောက် နိုင်ငံတော်သမ္မတတာဝန်နှင့် ဒုတိယသမ္မတတာဝန်များကိုလွှဲပြောင်းထမ်းဆောင်ကြမည်ဖြစ်သည်။

**(သတင်းစဉ်)**


ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များက လျှို့ဝှက်ဆန္ဒမဲပေး ရွေးချယ်ကြစဉ်။ (သတင်းစဉ်)




ကြေးမုံစာတည်းရှုထောင့် ၁၆-၃-၂၀၁၆၊ ဗုဒ္ဓဟူးနေ့

# သဘာဝဘေးအန္တရာယ် ရင်ဆိုင်ရာဝယ်

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြီး ကမ္ဘာတစ်ခွင်ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေသည်ကို မီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ မြင်တွေ့ကြားသိနေရသည်။ ကမ္ဘာကြီးသည် လွန်ခဲ့သောရာစုနှစ်များကထက် ပို၍ပူနွေးလာသည်။ ၎င်းသည်ကိုအကြောင်းပြု၍ ဒေသအသီးသီး၏ ရာသီဥတုဖြစ်စဉ်များ ပြောင်းလဲလာသည်။

အထူးသဖြင့် ရာသီအလိုက် ဖြစ်ပေါ်လေ့ရှိသော မိုးလေဝသဖြစ်စဉ်များမှာ ပို၍ပြင်းထန်ကြမ်းတမ်းလာသည်။ ဥပမာ- မိုးရွာလျှင်အလွန်အကျွံရွာသွန်းခြင်း၊ ရက်ရှည်လများ မိုးခေါင်ခြင်း၊ လေပြင်းမုန်တိုင်းများ ပိုမိုပြင်းထန်လာခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုအကြိမ်ရေ ပိုမိုများပြားလာခြင်း၊ အချိန်အခါမဟုတ်ဘဲ ရာသီဥတုဖောက်ပြန်ခြင်းကဲ့သို့သောဖြစ်စဉ်များ ဆက်တိုက်ဖြစ်ပေါ်လာသည်။

ကြောင်းကျိုးကွင်းဆက်သဘောအရ ရာသီဥတုများဖောက်ပြန်ရခြင်းမှာ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့်ဖြစ်ပြီး ကမ္ဘာကြီးပူနွေးလာရခြင်းမှာ လူတို့ပယောဂကြောင့်ဟုဆိုသည်။ ကျောက်မီးသွေး၊ ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများလောင်ကျွမ်းခြင်း၊ သစ်တောများအလွန်အကျွံခုတ်လှဲခြင်း၊ မွေးမြူရေးလုပ်ငန်းကြီးများ အကြီးအကျယ်လုပ်ကိုင်ခြင်းစသည်တို့မှ ထွက်ပေါ်လာသော ဖန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာကြီးပူနွေးလာရခြင်း၏ အဓိကလက်သည်ဖြစ်သည်ဟု ဆိုထားသည်။

ရာသီဥတုပြောင်းလဲမှုဟူသည် နယ်အစည်းအတားမရှိသည့်အားလျော်စွာ မည်သည့်နိုင်ငံမျှ ရှောင်လွှဲ၍မရနိုင်ပါ။ မြန်မာ့မိုးလေဝသပညာရှင်တစ်ဦး၏ မကြာသေးမီကအဆိုအရ မြန်မာနိုင်ငံ၏ မုတ်သုံမိုးရွာသွန်းမှုသည် ပုံစံပြောင်းလဲခဲ့ပြီဟုဆိုသည်။ လွန်ခဲ့သည့် နှစ်ငါးဆယ်ဝန်းကျင်က မြန်မာနိုင်ငံ၏ ဥတုသုံးလီသည် သူ့အချိန်အခါနှင့်သူ မှန်မှန်ဖြစ်ပေါ်ခဲ့သည်။ ပုံသေကားချပ်ဖြစ်သော ဒေသတစ်ခု၏မိုးရာသီကာလကို ရန်ကုန်မိုးနှင့်ရန်ကုန်သားဟုပင် ပြောစမှတ်ပြုကြသည်။

ယခုအခါ မုတ်သုံမိုး ပုံမှန်ရနေကျဒေသများမှာ အချို့ရက်များတွင် မိုးမရွာ၊ ရွာသည့်အခါတွင်လည်း သည်းသည်းမဲမဲ၊ လွန်လွန်ကဲကဲရွာသည်။ မိုးတိမ်တမန်သယ်ဆောင်လာသည့် မိုးများသည် မိုးပုလဲပန်းများမဟုတ်ဘဲ မိုးလုံး မည်းများဖြစ်လာသည်။ မိုးနည်းရပ်ဝန်းဒေသများတွင်မူ ယခင်ကာလများကထက် မိုးပို၍ခေါင်လာသည်။ မိုးရသည့်ရက်နည်းလာပြီး မိုးရေချိန်လက်မကလည်း နည်းလာသည်။

ကမ္ဘာ့ရာသီဥတု မိုးလေဝသဖြစ်စဉ်ကို ပြန်ကြည့်လျှင် စက်မှုတော်လှန်ရေးမဖြစ်မီကာလ ခရစ်နှစ် ၁၈၀၀ ခုနှစ် နောက်ပိုင်းမှစတင်၍ ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပါဝင်မှု တစ်စတစ်စများပြားလာရာ ယနေ့အချိန်တွင် ကမ္ဘာ့လေထုအတွင်းတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပါဝင်မှု ရှိသင့်သည့်ပမာဏထက် ပိုမိုများပြားလာပြီး ကမ္ဘာ့ရာသီဥတုကို ဖောက်ပြန်စေခြင်းသာမက ကမ္ဘာ့လူသားများကိုပင် အန္တရာယ်ပေးသည့် အဆင့်ရောက်လာသည်။

ရာသီဥတုအပြောင်းအလဲသည် ပြည်သူတို့၏ လူမှုစီးပွားဘဝများကို အကျိုးသက်ရောက်မှုရှိသည်။ စိုက်ရေးပျိုးရေးအတွက် မိုးမျှော်သည့်ဒေသများက မျှော်နေရချိန်တွင် မိုးကြီးရေလျှံ၍ လယ်ရေမြုပ်သည့်ဒေသများက မြုပ်နေသည်။ ရပ်ထဲရွာထဲအထိ ရေဝင်လာသောအခါ သွားရေးလာရေးနှင့် ကျန်းမာရေးတို့အတွက် ပူပန်သောကရောက်ကြရသည်။ လုပ်ငန်းကိုင်ငန်းများ၊ ရောင်းရေးဝယ်တာများထိခိုက်ခံစားကြရသည်။

မည်သို့ပင်ဖြစ်စေ သဘာဝဘေးအန္တရာယ်ဟူသည် ရှောင်လွှဲ၍ရနိုင်သောကိစ္စမဟုတ်သည့်အတွက် မည်သို့ရင်ဆိုင်ကျော်လွှားမည်ဆိုသည်ကိုသာ ကြိုတင်မြော်တွေးကြရမည်ဖြစ်သည်။ နိုင်ငံတော်အဆင့်၊ ဒေသအာဏာပိုင်များအဆင့်နှင့် သက်ဆိုင်ရာဌာနများသာမက ပြည်သူအားလုံးကလည်း ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်ကို သတိမူကာ အတူလက်တွဲပြောင်းလဲကြရမည်။

ရာသီဥတုပြောင်းလဲမှုကို မလွဲမသွေရင်ဆိုင်ရမည့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသနေပြည်သူများအနေဖြင့်လည်း မိမိတို့၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်မှ ကျော်လွှားလွန်မြောက်နိုင်ရေးအတွက် ပြင်ဆင်ထားကြမှ သင့်ကြပေလိမ့်မည်။ ။

---

# ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား အထက်ပစ္စယံစေတီထီးတော်နှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူမည်

**ဇလွန် မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။


ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ အခမ်းနားကို တပေါင်းလဆန်း ၉ ရက် နံနက် ၇ နာရီတွင် ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ယခုနှစ်တွင် အထူးအစီအစဉ်ဖြင့် ဘုရားကြီး၏ အထက်ပစ္စယံစေတီတွင် ထီးတော်နှင့် လုံးတော်ပြည့်ရွှေသင်္ကန်းများကပ်လှူပူဇော်ခြင်း၊ ဘုရားပွဲတော်ကျင်းပစဉ်ရက်များအတွင်း ဓမ္မပူဇာပွဲများ၊ မြို့နယ်အတွင်းရှိဆရာတော်သံဃာတော် အရှင်သူမြတ်များအား နေ့စဉ် ဆွမ်းများကပ်လှူခြင်းနှင့် တပေါင်းလပြည့်နေ့တွင် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများကို လှူဒါန်းပြုလုပ်သွားမည်ဖြစ်သည်။




ယခုနှစ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ရုပ်ရှင်၊ ဗီဒီယို၊ ချား၊ ရဟတ်၊ မြန်မာ့ရိုးရာလက်ဝှေ့များ၊ ရဲရင့်ဗိုလ်နှင့် ရဲမိုးဇာတ်သဘင်အဖွဲ့နှင့်အတူ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များဖြစ်ကြသော နေမျိုးအောင်၊ မင်းခန့် ကျော်၊ စည်သူပလပ်ကျွတ်၊ အကယ်ဒမီ စိုးပြည့်သဇင်၊ ဆုပန်ထွာ၊ ရွှေမှုံရတီ၊ မိုးပြည့်ပြည့်မောင်၊ အဆိုတော် မောင်မောင်မြင့်စိန်ဦးစီးသည့် ပဒေသာကပွဲများဖြင့် ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေသန်း(ဇလွန်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၅**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၉၅၀၀၀ | - | ၇၉၅၀၀၀ |
| မန္တလေး(ရွှေဈေး) | ၇၉၄၅၀၀ | - | ၇၉၄၅၀၀ |

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၀၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၀၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၈၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် တစ်လီတာ | ၅၀၀/၅၂၀ ကျပ်၊ | ၅၅၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၂၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၆၄ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၀၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၅၁. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၇. ၃၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၇၀၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅. ၈၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၁၃၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၇၀. ၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၂. ၅၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၆. ၁၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၅. ၀၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

---

# သမိုင်းဝင်ဘော်ကြိုဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**သီပေါ မတ် ၁၅**

နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင်ဘော်ကြိုမုဋ္ဌော စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကြီးကို ၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့ (မတ် ၁၈ ရက်မှ ၂၃ရက်) အထိ ကျင်းပသွားမည်ဖြစ်သည်။

ရှေးအစဉ်အလာအတိုင်း တပေါင်းလဆန်း ၈ ရက် နံနက်ပိုင်းတွင် သီပေါမြို့ တုံစင့်နတ်နန်းမှ ကိုးမြို့ရှင်ဘိုးဘိုးကြီးအား ဘော်ကြိုဘုရားသို့ ပွဲတော်ဝင်ရန်ပို့ဆောင်ခြင်း၊ တပေါင်းလဆန်း ၁၀ ရက်နေ့ နံနက် ၈ နာရီတွင် ဘုရားပွဲတော် ဖွင့်ပွဲကျင်းပခြင်း၊ နံနက် ၁၀ နာရီတွင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲစတင်ခြင်း၊ တပေါင်းလပြည့်နေ့ နံနက် ၅ နာရီတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာဆွမ်းတော်ကြီးကပ်လှူခြင်း၊ မွန်းတည့် ၁၂နာရီတွင် လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချအမျှ အတန်းပေးဝေခြင်းအစီအစဉ်များဖြင့် ဆင်ယင်ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ်ဘုရားပွဲတော်တွင် ဘော်ကြိုမုဋ္ဌောစေတီတော် မြတ်ကြီး၏ မုခ်လေးမုခ်၌ သီတင်းသုံးကိန်းဝပ်တော်မူသော ရတနာမာရ်အောင်၊ ရတနာညာဏ်အောင်၊ ရတနာရန်အောင်နှင့် ရတနာဈာန်အောင် ရှေးဟောင်း ရုပ်ပွားတော်များအား ကိုယ်တိုင်ကိုယ်ကျ ရွှေသင်္ကန်း၊ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများကို ကပ်လှူပူဇော်ခွင့်ရမည်ဖြစ်သည်။

ပွဲတော်ရက်ကာလများအတွင်း၌ မြန်မာ့ရိုးရာခြင်း၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘောပြိုင်ပွဲများအပြင် ပျော်ပွဲရွှင်ပွဲများအဖြစ်၊ သမိုင်းမွေးရန်နှံ့၊ ရှမ်းပြဇာတ်နှင့် ရွှေမန္တလာ၊ မြန်မာဇာတ်သဘင်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သီပေါကိုလတ်)**

## ဓနအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**နေပြည်တော် မတ် ၁၅**

ပြည်သူများ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားရရှိလာမှုနှင့်အတူ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် နေပြည်တော် ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် "ဓနအလင်းရောင်" စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၃ ရက် နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၁၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျန်းမြို့ Watty အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E. Mr. Lyying SayaXang၊ လက်ထောက်စစ်သံမှူး Major Khampheng SONEPHACHANH နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီယန်ကျန်းမြို့မှ ပြန်လည်ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (မြဝတီ)



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် မတ် ၁၅**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျန်းမြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM) သို့ တက်ရောက်လျက်ရှိသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် မတ် ၁၄ ရက် မွန်းလွဲပိုင်းက အင်ဒိုနီးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Gatot Nurmontyo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ မလေးရှားနိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Ten Sri Dato'Sri (Dr.) Hj Zulkifeli Bin Mohd Zin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း **(အပေါ်ပုံ)**၊ စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj-Gen. Lim Cheng Yeow Perry ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(မြဝတီ)**

☆ **ကျောဖုံးမှ**

(၁၃) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM )တွင် ဆွေးနွေးပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံတပ်မတော်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ တပ်မတော်အကြီးအကဲများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးသဘာပတိ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Maj-Gen Souvone LEVANGBOUNMYက အာဆီယံဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် အာဆီယံတပ်မတော်များအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုလည်း စုပေါင်းကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ 13th ASEAN Military Intelligence Informal Meeting နှင့်စပ်လျဉ်း၍ လာအိုပြည်သူ့တပ်မတော်မှ ထောက်လှမ်းရေးမှူးချုပ်နှင့် 6th ASEAN Military Operations Informal Meeting နှင့်စပ်လျဉ်း၍ လာအိုပြည်သူ့တပ်မတော်မှ စစ်ဦးစီးဌာန၊ ရုံးအဖွဲ့အကြီးအကဲတို့က အစည်းအဝေးရလဒ်များကို တင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသဘာပတိ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Maj-Gen Souvone LEVANGBOUNMY ဦးဆောင်၍ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ တပ်မတော်အကြီးအကဲများက သက်ဆိုင်ရာခေါင်းစဉ်များအား နိုင်ငံအက္ခရာစဉ်အလိုက် ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အာဆီယံတပ်မတော်များ၏ စည်းလုံးညီညွတ်မှုဖြင့် ယခုနှစ်အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သော "အင်အားတောင့်တင်းသော အာဆီယံအသိုက်အဝန်းဖြစ်စေဖို့ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ကြပါစို့" ဟူသည့်အတိုင်း အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စစ်အေးတိုက်ပွဲပြီးဆုံးပြီးနောက် ကမ္ဘာပေါ်တွင် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုပုံစံများ တဖြည်းဖြည်းပြောင်းလဲလာကြောင်း၊ အာဆီယံ တစ်နိုင်ငံချင်းစီတွင် ကြုံတွေ့နေရသည့် ပြည်တွင်းလုံခြုံရေးခြိမ်းခြောက်မှုများမှာ လျော့ကျသွားပြီး ဒေသတွင်းနိုင်ငံအားလုံးပတ်သက်နေသည့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ ပိုမိုတိုးပွားလာခဲ့ကြောင်း၊ နိုင်ငံဖြတ်ကျော်ဖြစ်ရပ်များဖြစ်သဖြင့် အာဆီယံနိုင်ငံများအချင်းချင်း နီးကပ်စွာပူးပေါင်း ဆက်ဆံရန် အလွန်အရေးကြီးလာကြောင်း။

မြန်မာနိုင်ငံရင်ဆိုင်ကြုံတွေ့နေရသော သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှု တစ်ခုဖြစ်သည့် ဘင်္ဂါလီပြဿနာကို ဆွေးနွေးလိုကြောင်း၊ ၁၈၅၀ ပြည့်နှစ်နောက်ပိုင်းတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေများသို့ စပါးစိုက်ချိန်နှင့်ရိတ်သိမ်းချိန်များတွင် အလုပ်သမားများအဖြစ် အင်္ဂလိပ်တို့ ခေါ်ဆောင်လာရာမှ ဘင်္ဂါလီလူမျိုးများအခြေချနေထိုင်မှု စတင်ခဲ့ကြောင်း၊ ၎င်းတို့၏ မူလဇစ်မြစ်မှာ ဘင်္ဂလားနယ်သားများဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကိုလိုနီခေတ် ၁၈၇၂ ခုနှစ် သန်းခေါင်စာရင်းအရ စစ်တကောင်းသား ဘင်္ဂါလီ ၅၈၂၃၅ ဦးရှိခဲ့ပြီး ယနေ့ကာလ ၂၀၁၅ ခုနှစ် လူဦးရေစာရင်းအရ ၁၀၂၈၅၃၀ ရှိကြောင်း၊ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်အနက် ဘင်္ဂါလီမနေထိုင်သည့် မြို့နယ်လေးမြို့နယ်သာကျန်ရှိကြောင်း၊ ၂၀၁၂ခုနှစ်မှစ၍ လူပွဲစားများသည် လှေကြီးများဖြင့် ဘင်္ဂလားဒေ့ရှ်မှ ရနောင်းသို့ ဘင်္ဂါလီများကို သယ်ယူခဲ့ရာမှ အင်ဒိုချိုင်းနားကျွန်းဆွယ်၏ တောင်ပိုင်းဒေသများသို့ တိုက်ရိုက်ပို့ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ဖမ်းဆီးရမိခဲ့သည့် လှေစီးဘင်္ဂါလီများအား စိစစ်ချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထွက်ပြေးလာသူအများစုဖြစ်ကြောင်း၊ ဘင်္ဂါလီများသည် ကမ္ဘာ့နိုင်ငံတချို့ရှိ အစွန်းရောက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ရခိုင်ဒေသရှိ ဘင်္ဂါလီများအား ရိုဟင်ဂျာလူမျိုးအဖြစ် အသိအမှတ်ပြုလာစေရန်နှင့် ၎င်းတို့အဖွဲ့အစည်းများ ဆက်လက်ရပ်တည်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ၎င်းတို့၏ ပြဿနာသည် ဒေသတွင်းတည်ငြိမ်မှုကို ထိခိုက်စေနိုင်ခြင်း ရှိ/မရှိကို သက်ဆိုင်ရာအဖွဲ့အစည်းများက သေချာစွာစိစစ်ရန်လိုအပ်ကြောင်း၊ ဘင်္ဂါလီပြဿနာအပြင် အစွန်းရောက်နှင့် အကြမ်းဖက်ဝါဒအန္တရာယ်အား ကြိုတင်တားဆီးကာကွယ်နိုင်ရန် Cooperation၊ Coordinationနှင့် Collaboration တို့ကို တိုးချဲ့လုပ်ဆောင်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။



**(၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။** (မြဝတီ)

ယင်းနောက် အာဆီယံတပ်မတော်များ၏ ၂၀၁၆-၂၀၁၈ လုပ်ငန်းစီမံချက်အား ဆွေးနွေးကြပြီး (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM )ပူးတွဲကြေညာချက်အား လက်မှတ်ရေးထိုးကြသည်။

ထို့နောက် လာအိုတပ်မတော်စစ်ဦးစီးချုပ်က နိဂုံးချုပ်နှုတ်ခွန်းဆက်ပြောကြားပြီး (၁၄) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (14th ACDFIM )ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံမှ ဒုတိယစစ်ဦးစီးချုပ် Lieutenant General Romeo T Tanalgo ထံသို့ တာဝန်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဖိလစ်ပိုင်တပ်မတော် ဒုတိယစစ်ဦးစီးချုပ်က လက်ခံနှုတ်ခွန်းဆက်စကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် အာဆီယံတပ်မတော် အကြီးအကဲများသည် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်အား ဝန်ကြီးချုပ်ရုံး၌ သွားရောက်ဂါရဝပြုတွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံစဉ် လာအိုဝန်ကြီးချုပ်က အာဆီယံဒေသအတွင်းလုံခြုံရေး၊ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကြောင့် ဒေသတွင်းနိုင်ငံများ လုံခြုံရေး၊ ငြိမ်းချမ်းရေးကို မြှင့်တင်နိုင်ခဲ့ကြောင်း၊ ထို့ပြင် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် အခွင့်အလမ်းများ တွေ့ရှိရပါကြောင်း၊ အနာဂတ်တွင် တွေ့ကြုံရမည့် မမျှော်လင့်သောစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အာဆီယံ၏ အချက်အချာကျမှုနှင့် အဓိက မောင်းနှင်အားနေရာတွင် တည်ရှိမှုကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM )နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ဗီယန်ကျန်းမြို့ရှိ Don Chan Palace Hotel ၌ ကျင်းပရာ အစည်းအဝေးသဘာပတိ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Maj-Gen. Souvone LEVANGBOUNMY၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အာဆီယံနိုင်ငံများမှ တပ်မတော်အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့များနှင့် သတင်းမီဒီယာများ တက်ရောက်ကြပြီး လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်က အစည်းအဝေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားသည်။

ညပိုင်းတွင် (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (13th ACDFIM )သို့ တက်ရောက်ကြသည့် အာဆီယံတပ်မတော်အကြီးအကဲများကို လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Maj-Gen. Souvone LEVANGBOUNMY နှင့်ဇနီးတို့က Don Chan Palace Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(မြဝတီ)**



# ဆီးရီးယားမှ ရုရှားတပ်ဖွဲ့များ စတင်ရုပ်သိမ်းရန် ရုရှားသမ္မတ ပလာဒီမာပူတင် ညွှန်ကြား

**မော်စကို မတ် ၁၅**

ဆီးရီးယားနိုင်ငံမှ ရုရှားတပ်ဖွဲ့များ စတင်ရုပ်သိမ်းရန် သမ္မတ ဗလာဒီမာပူတင်က ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယားမှ ရုရှားတပ်ဖွဲ့များ စတင်ရုပ်သိမ်းရန် သမ္မတပူတင်က ညွှန်ကြားလိုက်ခြင်းနှင့်ပတ်သက်၍ အများက အံ့အားသင့်မှုဖြစ်ကြရသည်။ ဆီးရီးယားနိုင်ငံရှိ ရုရှားလေတပ်စခန်းမှ စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလေယာဉ်များ စတင်ပျံသန်းထွက်ခွာသွားပုံကို ရုရှားနိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

သမ္မတ ပူတင်သည် ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယင်းညွှန်ကြားချက် ပေါ်ထွက်လာခဲ့သည်။

ဆီးရီးယားနိုင်ငံရှိ ရုရှားတပ်ဖွဲ့များသည် ၎င်းတို့၏ စစ်ရေးရည်မှန်းချက်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း၊ ဆီးရီးယားနိုင်ငံ၌ ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိနိုင်ရေးအတွက် မိမိတို့က သံတမန်ရေးအရ ကြိုးပမ်းမှုကို အရှိန်အဟုန်မြှင့်တင်သွားမည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

ရုရှားတပ်ဖွဲ့ရုပ်သိမ်းရန် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ သမ္မတပူတင်က ဆီးရီးယားသမ္မတ အာဆတ်ထံ တယ်လီဖုန်းဆက် အသိပေးခဲ့ကြောင်း ရုရှားအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက်စကော့က ပြောကြားသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကုလသမဂ္ဂ၏ ကမကထပြုမှုဖြင့် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန်လည် ကျင်းပချိန်တွင် ရုရှားတပ်ဖွဲ့များကို ဆီးရီးယားမှ ပြန်လည်ရုပ်သိမ်းခြင်းဖြစ်သည်။

**ရိုက်တာ။**

# ဘဏ်စာရင်းမှ ဒေါ်လာ ၈၁ သန်း ခိုးယူခံရမှုကြောင့် ဘင်္ဂလားဒေ့ရှ် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ရာထူးမှ နုတ်ထွက်

**ဒါကာ မတ် ၁၅**

အမေရိကန်ပြည်ထောင်စုရှိ နယူးယောက်ဗဟိုဘဏ်၌ ဖွင့်လှစ်ထားသော ဘင်္ဂလားဒေ့ရှ်ဘဏ်ငွေစာရင်းမှ ဒေါ်လာ ၈၁ သန်း ခိုးယူခံရသည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး အာတူးရာမန်သည် ရာထူးမှ နုတ်ထွက်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟက်ကာများသည် နယူးယောက်ဗဟိုဘဏ်ရှိ ဘင်္ဂလားဒေ့ရှ် ဘဏ်စာရင်းမှ ဒေါ်လာ ၈၁ သန်းကို ဘင်္ဂလားဒေ့ရှ်ဘဏ်၏ ကွန်ပျူတာစနစ်များအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာခိုးယူခဲ့ခြင်း ဖြစ်သည်။ ကွန်ပျူတာ ဖောက်ထွင်းရေးဟက်ကာများသည် ဘင်္ဂလား ဒေ့ရှ်ဘဏ်စာရင်းမှ ငွေများကို ခိုးယူကာ ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖိလစ်ပိုင်နိုင်ငံရှိ ကာစီနိုလောင်းကစားလုပ်ကိုင်သူများထံ လွှဲပြောင်းပေးခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဘဏ် ငွေစာရင်းမှ ခိုးယူခံရသည့်ဖြစ်ရပ်နှင့် ပတ်သက်၍ ဗဟိုဘဏ်အကြီးအကဲက မိမိအား အသိပေးပြောကြားခဲ့ခြင်းမရှိဟု ဘင်္ဂလားဒေ့ရှ် ဘဏ္ဍာရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင် ရာမန်က ရာထူးမှ နုတ်ထွက်စာတင်သွင်းခဲ့သည်။

ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် မိမိ၏နုတ်ထွက်စာကို လက်ခံလိုက်ကြောင်း ရာမန်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ရာမန်သည် ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်၌ ဒုတိယအကြိမ် ရာထူး တာဝန်ထမ်းဆောင်နေသော ထင်ပေါ်ကျော်ကြားသည့် ဘဏ်လုပ်ငန်း ပညာရှင်တစ်ဦးဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်ဘဏ်၏ ကွန်ပျူတာစနစ်များအတွင်း ချိုးဖောက်ဝင်ရောက်ကာ ဟက်ကာများက ငွေခိုးယူသည့်ဖြစ်ရပ်သည် နိုင်ငံ့သမိုင်းတွင် ကွန်ပျူတာကွန်ရက်ဆိုင်ရာ အကြီးကျယ်ဆုံးသော ဖောက်ထွင်းမှုဖြစ်သည်။

**ရိုက်တာ။**

# အဏုမြူလက်နက်ထိပ်ဖူးစမ်းသပ်မှု မကြာမီပြုလုပ်မည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ပြောကြား

**ဆိုးလ် မတ် ၁၅**


မိမိ၏နိုင်ငံသည် အဏုမြူလက်နက်ထိပ်ဖူးစမ်းသပ်မှုနှင့် ယင်းလက်နက်ထိပ်ဖူးအား သယ်ဆောင်နိုင်စွမ်းရှိသော ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုများကို မကြာမီပြုလုပ်မည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားလိုက်ကြောင်း ကေစီအန်အေသတင်းဌာနက မတ် ၁၅ ရက်တွင်သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်သော ပဲ့ထိန်းဒုံးကျည်အား ကွန်ပျူတာဖြင့် သဏ္ဍာန်တူစမ်းသပ်မှုပြုလုပ်ခြင်းကို ကြီးကြပ်ခဲ့သည်။

အဏုမြူထိပ်ဖူးလက်နက်စမ်းသပ်ဖောက်ခွဲမှုနှင့် ယင်းထိပ်ဖူးလက်နက်အား သယ်ဆောင်နိုင်စွမ်းရှိမည့် ဒုံးကျည်အမျိုးအစားအချို့ကို စမ်းသပ်ပစ်ခတ်မည်ဟူသော ထုတ်ပြန်ကြေညာချက်သည် တိုတောင်းသောကာလအတွင်း မြောက်ကိုရီးယားနိုင်ငံ၏ အဏုမြူစွမ်းပကားအပေါ် ယုံကြည်မှုတိုးမြင့်လာခြင်းဖြစ်ကြောင်း စမ်းသပ်မှုပြုလုပ်မည့်အသေးစိတ်အစီအစဉ်များကို ရေးဆွဲရန် ကင်ဂျုံအန်က ညွှန်ကြားခဲ့ကြောင်း ကေစီအန်အေသတင်းတွင်ဖော်ပြသည်။

တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုကြောင့် ကိုရီးယားကျွန်းဆွယ်အတွင်း တင်းမာမှုများ မြင့်တက်လာစဉ် အဆိုပါ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ တောင်ကိုရီးယားသည် ယင်းစစ်ရေးလေ့ကျင့်မှုကို သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံး စစ်ရေးလေ့ကျင့်မှုအဖြစ် ပုံဖော်လုပ်ဆောင်ခဲ့သည်။

**ရိုက်တာ။**



# ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဆေးရုံတစ်ရုံကို ခွဲထွက်ရေးဝါဒီများ ဝင်ရောက်စီးနင်းတိုက်ခိုက်

**ဗန်ကောက် မတ် ၁၅**

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဆေးရုံတစ်ရုံကို ခွဲထွက်ရေးဝါဒီသောင်းကျန်းသူများက မတ် ၁၃ ရက်တွင် ဝင်ရောက်စီးနင်းတိုက်ခိုက် ဖျက်ဆီးသွားခဲ့ကြောင်း လူ့အခွင့်အရေး လှုပ်ရှားသူများက မတ် ၁၅ ရက်တွင် ပြောကြားသည်။ အဆိုပါတိုက်ခိုက်မှုကို လူမဆန်သောလုပ်ရပ်ဖြစ်သည်ဟု ထိုင်းနိုင်ငံ၏ လူ့အခွင့်အရေးကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည်။

ရိုင်ဖယ်စက်သေနတ်များ ကိုင်ဆောင်လာသည့် သောင်းကျန်းသူ အနည်းဆုံး ၁၀ ဦးခန့်သည် နာရတ်သီဝပ်ပြည်နယ် ချိုအရွှန်ခရိုင်ရှိ ဆေးရုံတစ်ရုံကို ဝင်ရောက်စီးနင်းတိုက်ခိုက်ကာ သားဖွားဆရာမတစ်ဦးကို ကြိုးဖြင့် ချည်နှောင်ထားခဲ့ပြီး ဆေးရုံအတွင်းရှိ ကွန်ပျူတာများ၊ တယ်လီဖုန်းများနှင့် အခြားသော ပစ္စည်းကို ဖျက်ဆီးသွားခဲ့ကြသည်။ ထို့ပြင် သောင်းကျန်းသူများသည် ဆေးရုံမှ ထွက်ခွာလာပြီးနောက် ထိုင်းလုံခြုံရေးတပ်ဖွဲ့များကို ပစ်ခတ်တိုက်ခိုက်သွားခဲ့ရာ ထိုင်းတပ်ဖွဲ့ဝင် ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားစဉ် ဆေးရုံဝန်ထမ်းများ၊ ဆရာဝန်များနှင့် လူနာများကို ဓားစာခံအဖြစ် အကာအကွယ်ယူကာ တိုက်ခိုက်ခဲ့ကြသည်။ ထိုင်းနိုင်ငံတောင်ပိုင်း နာရတ်သီဝပ်ပြည်နယ်သည် ဘာသာရေးအစွန်းရောက်ခွဲထွက်ရေးဝါဒီများနှင့် ပြဿနာဖြစ်ပွားနေသော ပြည်နယ်တစ်ခုဖြစ်သည်။

**အီတီချ်အာရ်ဒဗလျူ။**

# ဇင်ဘာဘွေပြည်သူလေးသန်းခန့် စားနပ်ရိက္ခာအကူအညီ လိုအပ်နေ



**ဟာရာရီ မတ် ၁၅**

ဆိုးရွားသောမိုးခေါင်ရေရှားမှု၏ အကျိုးသက်ရောက်မှုကြောင့် ဇင်ဘာဘွေပြည်သူ လေးသန်းခန့်မှာ ယခုအခါ စားနပ်ရိက္ခာအကူအညီလိုအပ်နေပြီး ယခင်ခန့်မှန်းထားသည့် သုံးသန်းထက် မြင့်တက်လာခဲ့ကြောင်း အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးက ပြောကြားသည်။

စားနပ်ရိက္ခာအကူအညီလိုအပ်လျက်ရှိသော အိမ်ထောင်စုအရေအတွက်အရ ပြည်သူလေးသန်းထက်ပင် များပြားနိုင်ကြောင်း ပြည်သူ့ဝန်ဆောင်မှု၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီး ပရစ္စကာမွပ်ဖူမီကာ၏ ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင်သတင်းစာ The Herald က ရေးသားဖော်ပြသည်။ ဇင်ဘာဘွေနှင့် အာဖရိကတိုက်တောင်ပိုင်းတစ်ခုလုံးမှာ အယ်နီညိုရာသီဥတုကြောင့် မိုးခေါင်မှုဒဏ်ခံခဲ့ရပြီး ဇင်ဘာဘွေအစိုးရသည် ပြီးခဲ့သည့်လက မိုးခေါင်မှုဒဏ်ခံပြည်သူများကို ကျွေးမွေးရေးအတွက် ပြောင်းဖူးဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ အကူအညီတောင်းခံခဲ့သည်။

မိုးခေါင်ရေရှားမှုက တိုင်းပြည်တွင်းရှိ ထောင်နှင့်ချီသော မွေးမြူရေးလုပ်ငန်းများလည်း ထိခိုက်ပျက်စီးစေခဲ့သည်။ အစိုးရထံ၌ မတ် ၁၀ ရက်မှစ၍ ပြောင်းဖူးလက်ကျန် တန်ချိန် ၉၁၀၀၀ ခန့်ရှိပြီး ယင်းမှာ ပြည်သူများကိုကျွေးမွေးရန် သုံးလထိလုံလောက်ကြောင်း ပရစ္စကာက ပြောကြားပြီး စားနပ်ရိက္ခာဖြန့်ဝေရာတွင် ဘက်လိုက်မှုမရှိရန်လည်း တာဝန်ရှိသူများကို သတိပေးလိုက်သည်။ ဇင်ဘာဘွေနိုင်ငံသို့ စားနပ်ရိက္ခာအကူအညီပေးရေးအတွက် သတ်မှတ်ထားသော အမေရိကန်ဒေါ်လာသန်း ၁၃၀ အနက် အမေရိကန်ဒေါ်လာ ၇၆ သန်း ကောက်ခံပြီးဖြစ်ကြောင်း ကုလသမဂ္ဂက ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံရှိ စားနပ်ရိက္ခာအကူအညီလိုအပ်သူ ပြည်သူတစ်သန်းကျော်အတွက် ရန်ပုံငွေရရှိပြီးဖြစ်သော်လည်း စားနပ်ရိက္ခာအကူအညီလိုအပ်သူများအတွက် ကယ်ဆယ်ရေးဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန် သန္နိဋ္ဌာန်ချမှတ်ခဲ့ကြောင်း ကုလသမဂ္ဂကဆိုသည်။

**ဆင်ဟွာ။**

# မြန်မာ့ရိုးရာအစားအသောက်များ၊ ရိုးရာအားကစားနည်းများ၊ ဓလေ့ထုံးစံများကဲ့သို့သော ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စာရင်းကောက်ယူသွားမည်ဖြစ်

## အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၇ နှင့် ၁၈ ရက်တို့တွင် ကျင်းပမည်



**နေပြည်တော် မတ် ၁၅**

မြန်မာ့ရိုးရာ အစားအသောက်များ၊ ရိုးရာအားကစားနည်းများနှင့် ဓလေ့ထုံးစံများကဲ့သို့သော ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၇ နှင့် ၁၈ တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒြပ်မဲ့ယဉ်ကျေးမှုမှာ ဘာသာစကားတွေ၊ ပါးစပ်ပြော ရာဇဝင်တွေ၊ လူမှုဘဝတွေ၊ ရိုးရာပွဲတော်တွေ၊ တီထွင်ဖန်တီးလုပ်ကိုင်ကြတဲ့ လက်မှုပညာတွေ၊ ရိုးရာအကတွေ၊ ရိုးရာယုံကြည်မှု အလေ့အထတွေ ဒါတွေပါဝင်ပါတယ်။"

"ပြီးတော့ သနပ်ခါးလူးတဲ့ အလေ့အထတွေ၊ အစားအသောက်မှာဆိုရင်လည်း ရိုးရာမုန့်တွေ၊ နေ့စဉ် မပါမဖြစ်စားနေကြတဲ့ ငါးပိရည်၊ တို့စရာတွေ၊ ရိုးရာအားကစားနည်းတွေ၊ ရိုးရာအိမ်ဆောက်နည်းတွေ၊ ရိုးရာပွဲလမ်းသဘင်တွေ၊ သာသနာရေးဆိုင်ရာ အလေ့အထတွေ၊ ရိုးရာနတ်ပွဲသဘင်တွေ၊ ချိတ်လုံချည်လိုမျိုး ရိုးရာအဝတ်အစားတွေ၊ ရိုးရာတိုင်းရင်းဆေးတွေ၊ ဒီလိုမျိုး ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တွေ ကျွန်မတို့နိုင်ငံမှာ အများကြီးရှိပါတယ်။ ဒါတွေကို နောင်လာနောက်သားတွေအတွက် ထိန်းသိမ်းရမှာဖြစ်သလို သူတို့တွေအတွက် မှတ်တမ်းမှတ်ရာတွေလည်း ထားရစ်ခဲ့ရမှာဖြစ်ပါတယ်"ဟု ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာနန္ဒာမှုန်းက ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့်ပတ်သက်၍ မြန်မာ့သတင်းစဉ်သို့ ပြောကြားသည်။

ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် မတ် ၁၇ နှင့် ၁၈ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပြီး "ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တွေကို စာရင်းကောက်တာ နိုင်ငံအလိုက် အမျိုးမျိုးရှိကြပါတယ်။ ဒီလို ကိုင်တွယ်လို့မရတဲ့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တွေကို စာရင်းတွေထုတ်ကြတယ်။ နောက်ပိုင်းမှာ ယူနက်စကိုကလည်း ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ကွန်ဗင်းရှင်းစာချုပ် ထုတ်ပြန်ပြီးတော့ ဆောင်ရွက်တယ်။ ဘာလို့ ဒီလိုဆောင်ရွက်ကြတာလဲဆိုတော့ အရင်တုန်းက ပြုမူနေထိုင်ပုံတွေဟာ လျော့ပါးလာတယ်။ ပြုမူနေထိုင်ပုံတွေဟာ ကူးယှက်ပြန့်ပွားလာတဲ့အတွက် လျော့ပါး ပျောက်ပျက်လာတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံမှာလည်း ဒီလို ယဉ်ကျေးမှုတွေကို ထိန်းသိမ်း မှတ်တမ်းတင်ထားရမယ်။"

"အရင်ကလည်း မှတ်တမ်းတင်ထားပါတယ်။ ဒါပေမယ့် အခုက နိုင်ငံတကာပုံစံနဲ့လည်း ညီအောင် ပြီးခဲ့တဲ့နှစ်ကစပြီး ယူနက်စကိုက အလုပ်ရုံဆွေးနွေးပွဲတွေ လာပြီးလုပ်တဲ့အခါ နိုင်ငံတကာမှာ လုပ်ဆောင်နေတဲ့ ပုံစံတွေကို ပြပါတယ်။ ပျောက်ပျက်သွားမယ့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ယူနက်စကိုက ကူညီထိန်းသိမ်းပေးဖို့ ဖိတ်ခေါ်ပါတယ်။ သူတို့နဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမယ်။ ဒါပေမယ့် ယဉ်ကျေးမှုအမွေအနှစ်တွေကို ယူနက်စကို ကိုတင်ပြပြီး ပူးပေါင်းဆောင်ရွက်ဖို့ တစ်ခုတည်း မဟုတ်ပါဘူး။ ကိုယ့်နိုင်ငံရဲ့ယဉ်ကျေးမှုကို ကိုယ့်လူမျိုးကပဲ အဓိကထိန်းသိမ်းသင့်ပါတယ်။ ထိန်းသိမ်းထားတဲ့ ဒြပ်မဲ့ယဉ်ကျေးမှုတွေကို စာအုပ်တွေအဖြစ် စုစည်းထုတ်ဝေသွားမယ်။ ဒါတွေကို နိုင်ငံတကာကိုပါ အသိပေးနိုင်ရင် ပိုပြီးကောင်းပါတယ်"ဟု အမြဲတမ်းအတွင်းဝန်က ပြောပြသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဒြပ်ရှိသော ယဉ်ကျေးမှုအမွေအနှစ်ကို လေးစားတန်ဖိုးထားတတ်စေရန်၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်နှင့် အပြန်အလှန်လေးစားမှုအကြောင်း၊ ဒေသဆိုင်ရာ၊ အမျိုးသားဆိုင်ရာ၊ နိုင်ငံတကာဆိုင်ရာ အဆင့်ဆင့်သိမြင်နားလည်မှုတိုးမြှင့်နိုင်ရန်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ပံ့ကူညီမှုပေးရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ယူနက်စကို၏ (၃၂) ကြိမ်မြောက်အထွေထွေအစည်းအဝေးတွင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး စာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့ဒြပ်မဲ့ အမွေအနှစ်များကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ယူနက်စကိုပုံစံဖြင့် စာရင်းကောက်ယူတင်သွင်းနိုင်ရန်နှင့် မြန်မာ့ယဉ်ကျေးမှုဒြပ်မဲ့ အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ် စာရင်းတွင် ဝင်ရောက်နိုင်ရန်ရည်ရွယ်၍ ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ လက်စွဲစာအုပ်များကိုလည်း ထုတ်ဝေထားကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

"ဒီလိုမှ ယဉ်ကျေးမှုတွေကို မှတ်တမ်းတင်မထားရင် တစ်ချိန်ချိန်မှာ ပျောက်ပျက်သွားနိုင်တယ်။ ကိုယ့်ယဉ်ကျေးမှုကို တခြားသူတွေက claim လုပ်လာနိုင်တဲ့အတွက် ကိုယ့်နိုင်ငံမှာ သေသေချာချာ မှတ်တမ်းတင်ထားမယ်။ ဆက်တိုက်ဆက်တိုက်လည်း ဆက်ပြီး ဆောင်ရွက်သွားရပါမယ်။ လာမယ့်မျိုးဆက်သစ်တွေကို သိစေချင်တယ်။ သူတို့ဆက်ပြီး ထိန်းသိမ်းချင်စိတ် ဖြစ်ပေါ်လာအောင်လည်း စေ့ဆော်ပေးဖို့ လိုအပ်ပါတယ်။"

"အသိပညာပေး ဖြန့်ဝေတာမျိုးတွေလည်း ဆောင်ရွက်မယ်။ ပြီးတော့ တစ်ဦးချင်းကစ တစ်ဖွဲ့ချင်း၊ ဒေသတစ်ခုချင်းစီကနေ ဒြပ်မဲ့ယဉ်ကျေးမှုတွေကို မကျန်စေချင်လို့ တင်ပြလာလျှင် ပူးပေါင်းဆောင်ရွက်ပေးသွားမယ်။"

"ကိုယ့်ယဉ်ကျေးမှုအမွေအနှစ်ကို ကိုယ်တိုင် ထိန်းသိမ်းတာဟာ အကောင်းဆုံးမို့ ဒေသတွေက စိတ်ဝင်စားတဲ့သူတွေ၊ အန်ဂျီအိုအဖွဲ့အစည်းတွေ၊ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဒီလိုအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို လုပ်တာပါ။ ကိုယ့်ယဉ်ကျေးမှု အမွေအနှစ်တွေကို မှတ်တမ်းတင်တဲ့ အခါမှာလည်း တစ်မျိုးစီမဖြစ်စေဘဲ ပုံစံတစ်မျိုးတည်းရအောင်၊ ပုံစံတစ်ခုတည်းဖြစ်အောင် ဒီဆွေးနွေးပွဲမှာ ဆွေးနွေးသွားမယ်" ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ၂၀၁၆ ခုနှစ် ဧပြီလမှ စတင်ကာ စာရင်းကောက်ယူသွားမည်ဖြစ်ပြီး စာရင်းကောက်ယူခြင်း တစ်နှစ်ပြည့်သည့် ၂၀၁၇ ခုနှစ် မတ်လတွင် ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၅နှစ်တာကာလအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှု မှတ်တမ်းများစာအုပ်ထွက်ရှိ

နေပြည်တော် မတ် ၁၅

**၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထိ ၅ နှစ်တာကာလအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှု မှတ်တမ်းများစာအုပ် အပိုင်း (၁)နှင့် အပိုင်း (၂)ကို ထုတ်ဝေလိုက်သည်။**





အဆိုပါ စာအုပ် နှစ်အုပ်တွင် ၂၀၁၁ ခုနှစ်မတ်လ ၃၀ ရက်နေ့ နေပြည်တော် လွှတ်တော်အဆောက်အအုံ၊ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတမှ ပြောကြားသည့် မိန့်ခွန်းနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် နေပြည်တော် လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတမှ ပြောကြားသည့် နိုင်ငံတော်အခြေပြမိန့်ခွန်းတို့အား ဖော်ပြထားသည်။

အပိုင်း(၁) စာအုပ်တွင် ဝန်ကြီးဌာန (၁၃)ခု၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ၅ နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှု မှတ်တမ်းများကို စာမျက်နှာ ၃၁၉ မျက်နှာဖြင့် ရေးသားပြုစုဖော်ပြထားသည်။

အပိုင်း(၂) စာအုပ်တွင် ဝန်ကြီးဌာန (၁၇)ခု၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ၅ နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်နှင့် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှု မှတ်တမ်းများကို စာမျက်နှာ ၄၀၉ မျက်နှာဖြင့် ရေးသားပြုစုဖော်ပြထားသည်။

အဆိုပါ အပိုင်း(၁)နှင့်အပိုင်း(၂) စာအုပ်များကို စာပေဗိမာန်စာအုပ်ဆိုင်များဖြစ်သည့် နေပြည်တော် အမှတ် (တ-၅၅)၊ သပြေကုန်းဈေး ဖုန်း-၀၆၇-၄၁၄၆၈၁၊ ရန်ကုန် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ဖုန်း-၀၁-၃၈၁၄၄၈၊ ၂၄၉၀၃၁၊ မန္တလေး (၈၆) လမ်း၊ ၂၁-၂၂ လမ်းကြား ဖုန်း-၀၂-၃၀၁၈၆ တို့တွင် မကြာမီ ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

### ❖ (၈)မိုင်လမ်းဆုံမှ

Crown Advanced Construction ကုမ္ပဏီလီမိတက်မှ အဆိုပါ(၈)မိုင်လမ်းဆုံခုံးကျော်တံတားသစ်အား တည်ဆောက်ခြင်းဖြစ်ပြီး ကမ္ဘာအေးဘုရားလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းဆုံရာဖြစ်သော ပြည်လမ်းမကြီးပေါ်တွင် တည်ရှိသည့် အဆိုပါခုံးကျော်တံတားသစ်၏ ပင်မတံတားအရှည်မှာ ၄၆၅ မီတာနှင့် ချဉ်းကပ်တံတားအရှည်မှာ တံတားသစ်၏တစ်ဖက်တစ်ချက်စီ၌ မီတာ ၃၀ စီပါဝင်ကာ ပင်မနှင့် ချဉ်းကပ်တံတားအရှည်မှာ စုစုပေါင်း ၅၂၅ မီတာရှိသည်။ (၈)မိုင်လမ်းဆုံခုံးကျော်တံတားသစ်၏ ယာဉ်သွားလမ်းအကျယ်ဖွဲ့စည်းထားပုံမှာ တံတား၏အဖြောင့်နေရာတွင် ၁၃ ဒသမ ၄ မီတာ (လေးလမ်းသွား) ဖြစ်ပြီး တံတား၏ အကွေ့နေရာတွင် ၁၄ ဒသမ ၅ မီတာ (လေးလမ်းသွား) ဖြစ်ကြောင်း သိရသည်။

တံတားသစ်၏အမျိုးအစားမှာသံမဏိသံပေါင် ( Steel Plate + Steel Box Girder) အမျိုးအစားဖြစ်ပြီး မော်တော်ယာဉ်တစ်စီးချင်း တံတားခံနိုင်ဝန်အလေးချိန်မှာ ၇၅ တန်ခံနိုင်ရည်ရှိကာ တံတားကင်းလွတ်အမြင့်မှာ(၈)မိုင်လမ်းဆုံနေရာ၌ ခြောက်မီတာရှိကြောင်းသိရသည်။ တံတားသစ်၏ အုတ်မြစ်အမျိုးအစားမှာ ဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်ပြီး အချင်း ၁ ဒသမ ၂ မီတာရှိသည်။ ပင်မတံတားအရှည်တွင် ကွန်ကရစ် RC တိုင် ၁၄ တိုင်ရှိပြီး ကမ်းကပ်ခုံ နှစ်ခုပါဝင်ကာ ချဉ်းကပ်တံတားတိုင်များ၏ တစ်ဖက်တစ်ချက်စီ၌ ကွန်ကရစ် RC တိုင် လေးတိုင်စီနှင့် ကမ်းကပ်ခုံတစ်ခုစီပါဝင်ကြောင်း သိရသည်။

တံတားသစ်အားတည်ဆောက်သော Crown Advanced Construction ကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဦးသန်းဆွေက "တံတားကြီးကို ၁၅ ရက်စောပြီးဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် ယာဉ်ကြောကျပ်တည်းမှုကို အများကြီး ဖြေရှင်းနိုင်တော့မှာပါ။ တံတားတည်ဆောက်စဉ်ကာလက ယာဉ်ကြောကျပ်တည်းခဲ့ပေမယ့် ခုတော့ တံတားသစ်တည်ဆောက်ပြီးသွားပြီဆိုတော့ မီးပွိုင့်မှာ ယာဉ်တွေ စောင့်ဆိုင်းစရာမလိုတော့ဘဲ အဓိကကျတဲ့ ပြည်လမ်းမကြီးတစ်လျှောက်ကို အလွယ်တကူမောင်းနှင်နိုင်ကြတော့မှာပါ။ မင်္ဂလာဒုံနိုင်ငံတကာလေဆိပ်အပါအဝင် အထက်မြန်မာပြည်နဲ့ ဆက်သွယ်ထားတဲ့ အမြန်လမ်းမကြီးကိုလည်း သွားလို့ရပြီဆိုတော့ သွားရေးလာရေးအဆင်ပြေပါပြီ"ဟု ပြောသည်။

အမှတ် (၄၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မရမ်းကုန်းမြို့နယ်)မှ တပ်ခွဲစုမှူး ဒုရဲမှူးစိုးနိုင်က "ဒီတံတားတည်ဆောက်လိုက်တဲ့အပေါ်မှာ ပြည်လမ်းပေါ်မှာမောင်းနှင်ကြတဲ့ ယာဉ်များဟာ မီးပွိုင့်မှာစောင့်ဆိုင်းစရာမလိုတော့ဘဲ ခုံးကျော်တံတားပေါ်က ဖြတ်သန်းမောင်းနှင်နိုင်ကြတော့မှာပါ။ ဒီတံတားတည်ဆောက်ပြီးစီးသွားပြီဆိုတော့ မြို့တွင်း၊ မြို့ပြင် မောင်းနှင်သွားလာကြမယ့် ယာဉ်မောင်းများအတွက် အဆင်ပြေစေပါပြီ။ အများအားဖြင့် လမ်းဆုံ၊ လမ်းပွိုင့်တွေဟာ ယာဉ်ကြောကျပ်တည်းမှုဖြစ်တဲ့ နေရာတွေပါ။ မီးပွိုင့်မှာ ယာဉ်တွေက တစ်ဖက်နဲ့ တစ်ဖက်စောင့်ဆိုင်းပြီး သွားလာနေရတာဖြစ်တဲ့အတွက် ယာဉ်ကြောကျပ်မှုတော့ရှိတတ်ပါတယ်။ ခုတော့ တံတားတည်ဆောက်ပြီးစီးလို့ (၈)မိုင်လမ်းဆုံမှာတော့ ယာဉ်ကြောပြေလျော့တော့မှာပါ"ဟု ပြောသည်။

တံတားသစ်ပေါ် ဖြတ်သန်းမောင်းနှင်သော ယာဉ်မောင်းတစ်ဦးကလည်း "အရင်တုန်းက ယာဉ်ကြောကျပ်တော့ အားလုံးစိတ်ညစ်ရတာပေါ့နော်။ ခရီးသွားတွေအတွက်လည်း လမ်းသွားရာမှာ ကြန့်ကြာတယ်လေ။ ခုတော့ တံတားကြီးပြီးမြောက်သွားတော့ အားလုံးအဆင်ပြေလို့ အများကြီးဝမ်းသာတယ်။ လမ်းတွေလည်းပြီးသွားပြီဆိုတော့ ကျွန်တော်တို့လို ကိုယ်ပိုင်ယာဉ်မောင်းတွေလည်း ချောချောမွေ့မွေ့သွားလို့ရပါပြီ။ ဒီလိုလမ်းတံတားတွေ တည်ဆောက်ပေးတဲ့အတွက် အားလုံးလည်းအဆင်ပြေကြလို့ နိုင်ငံတော်အစိုးရကို အများကြီး ကျေးဇူးတင်ပါတယ်"ဟု ဆိုလေသည်။

(၈)မိုင်လမ်းဆုံခုံးကျော်တံတားသစ်မှာ လေးလမ်းသွားတံတားဖြစ်လာသည့်အတွက် ရန်ကုန်မှ အပြည်ပြည်ဆိုင်ရာမင်္ဂလာဒုံလေယာဉ်ကွင်းသို့ လည်းကောင်း၊ ရန်ကုန်မြို့မှ အထက်မြန်မာပြည်အား ဆက်သွယ်ထားသည့် အမြန်လမ်းမကြီးသို့ လည်းကောင်း ယာဉ်များတောက်လျှောက်ဖြတ်သန်းသွားလာနိုင်ကြတော့မည်ဖြစ်ပြီး (၈)မိုင်လမ်းဆုံခုံးကျော်တံတားသစ်စီမံကိန်း (8 Miles Junction Flyover Bridge)စတင်ရန်အတွက် ပြီးခဲ့သည့် စက်တင်ဘာ ၉ ရက်က အုတ်မြစ်တူးဖော်ခြင်းနှင့် ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ ။

သတင်းနှင့်ဓာတ်ပုံ - ပွင့်သစ္စာ

# စာပေအသိ၊ လက်တွေ့အသိများဖြင့် လှပသောဘဝကို တည်ဆောက်ကြရမည်

သရက်တန်းစိုးရွှေ(စိတ်ပညာ)

အသက်ရှင်နေထိုင်ဆဲကာလတွင် တက်ကြွသည့်စိတ်ဓာတ်နှင့် မျှော်လင့်ချက်ရှိမှုသည် အမြဲတမ်းမရှိမဖြစ်လိုအပ်ပေသည်။ စိတ်ဓာတ်ကျသူအား တက်ကြွစေသောအရာ၊ အားကိုဖြစ်သောအရာမှာ တက်ကြွမှုပါလှသည့် စာသားများနှင့် စကားတို့ပင်ဖြစ်ပေသည်။ ဖြစ်သမျှအကြောင်း အကောင်းပေ့ါကွာဟု လက်လျှော့မည့်အစား ဖြစ်နိုင်ခြေများဖြင့် ပြန်လည်ကြိုးစားကြလျှင် ဘဝတွင် ရှင်သန်ရကျိုးနပ်ပေလိမ့်မည်ဖြစ်ပေသည်။

အတွေးနှင့် လုပ်ရပ်တို့ကို အခြေပြုကာ ဘဝကိုဘုံထား၍ လူတို့သည် အမျိုးမျိုးလှုပ်ရှားသွားလာနေတတ်ကြပေသည်။ မဖြတ်သန်း၊ မရင်ဆိုင်၍ မရသောနေ့စွဲတိုင်းကို လူသားတို့ မဖြစ်မနေအသုံးချရင်း ဘဝ၏လှုပ်ရှားခြင်းကို သရုပ်ဖော်တတ်ကြပေသည်။ လူကြီးသည်လည်း အချိန်ကိုသုံးကြရပေသည်။ လူငယ်သည်လည်း အချိန်ကိုသုံးတတ်ကြပေသည်။ အချိန်သုံးမှုအထွေထွေထဲတွင် လူငယ်တို့၏အချိန်သုံးမှုများသည် တစ်ခါတစ်ရံ ဖြုန်းမိသလိုဖြစ်သွားတတ်ကြပေသည်။

အရှုံး၊ အနိုင်များစွာကြားတွင် တည်ကြည်သောစိတ်ဓာတ်ဖြင့် မိမိဘဝပြုံးနိုင်ဖို့ အသိသုတ၊ ဗဟုသုတတို့လိုအပ်လှပေသည်။ လိုအပ်ခြင်းရှိနေသမျှ ရှာဖွေလေ့လာမှုကတော့ ရှိမြဲရှိနေကြရပေမည်။ ငယ်တော့ရသ၊ ကြီးတော့ဓမ္မ၊ ဆန္ဒတို့ပြောင်းလဲဆဲ အရွယ်အပိုင်းအခြားအတွင်း စာပေ၏အစွမ်းကို အားဆေးအဖြစ် အသုံးချစေချင်လှပေသည်။

**လူသားတို့၏လုပ်ရပ်သည် ၎င်းတို့၏ အတွေးအခေါ်များ၏ အကောင်းဆုံးစကားပြန်များပင် ဖြစ်ပေသည်။ ထို့အတူပင် ပညာသည် တိုးတက်မှု၏ ရှေ့သို့သွားသော ဂီယာများပင်ဖြစ်နေတတ်သည်။**

အပြောဆိုသည်မှာ လက်တွေ့မပါသမျှ ဟာတာတာဖြစ်တတ်ပေသည်။ ဆင်းရဲသားတစ်ယောက်ပိုင်ဆိုင်သည့် ဓနသည် အရည်အချင်းပင်ဖြစ်သည်။ ဘဝခရီးထဲတွင် အရှုံးဆိုတာကိုလက်ခံပါမှသာ အမှန်ကိုမြင်ကာ အခွင့်အလမ်းကို ရှာဖွေနိုင်သည့်သဘောတို့ ပါဝင်နေပေသည်။ ဆင်းရဲသမျှ သံဝေဂရဆိုသည့်တိုင်အောင် ဆင်းရဲနေတာကိုချည်းအပြစ်မဖို့ဘဲ အရည်အချင်းတို့ဆတိုးဖြည့်စွက်ကြရပေသည်။ လူသားတို့၏လုပ်ရပ်သည် ၎င်းတို့၏အတွေးအခေါ်များ၏ အကောင်းဆုံးစကားပြန်များပင်ဖြစ်ပေသည်။ ထို့အတူပင် ပညာသည် တိုးတက်မှု၏ ရှေ့သို့သွားသော ဂီယာများပင်ဖြစ်နေတတ်သည်ဟု ပညာရှိများမိန့်ဆိုထားခဲ့ပေသည်။ ဘဝတစ်ခုတည်ဆောက်မှုထဲတွင် စိတ်ခံစားမှုကို ဖော်ပြနေသောအလုပ်တို့မြင့်မြတ်ဖို့၊ စိတ်ဓာတ်ကောင်းတို့ မွေးတတ်ဖို့ လိုမြဲလိုနေကြပေမည်။

ဘဝသည် ရည်မှန်းချက်မဲ့စွာ လျှောက်လှမ်းရမည့်ခရီး မဟုတ်ပါချေ။ ပညာသင်ချိန်၊ စီးပွားရှာချိန်နှင့် တရားရှာချိန်ဟူသော ကာလအပိုင်းအခြားအလိုက် ဦးတည်ရည်မှန်းချက်တို့ဖြင့် လုပ်ဆောင်ကြရပေမည်။ တောင်ကမ်းကပ်တောင်ဘက်လှော်၊ မြောက်ကမ်းကပ် မြောက်ဘက်လှော်သော ပရမ်းပတာအကျင့်ကိုဖျောက်၍ ဘဝခရီးကိုလျှောက်ရာတွင် တည့်မတ်တည်ကြည်စွာ လျှောက်လှမ်းရမည်ဖြစ်ပေသည်။

လောကကမ္ဘာအတွင်း အသက်ရှင်နေထိုင်ခြင်းရှိနေသမျှ ရုန်းကန်မှုကတော့ ပြုနေကြရပေမည်။ လောကဓံရှစ်ပါးတို့၏ ဝင်ရောက်နှောင့်ယှက်မှုကို ကြံ့ကြံ့ခံကြရပေမည်။ ဆင်းရဲခြင်းဒဏ်ထက် ချမ်းသာခြင်း၏ဒဏ်ကို ပိုမို၍ခံနိုင်ရည်ရှိဖို့ လိုအပ်လှပေသည်။ ဖြစ်ချင်တာတွေလည်းမဖြစ်၊ မဖြစ်ချင်တာတွေလည်းဖြစ်ရသည့်သဘောသဘာဝကို နားလည်ကာ ခေါက်ရှာငှက်ပျံလောကဓံကို သဘောအမှန်အသိဖြင့် ရင်ဆိုင်ကြရပေမည်။ ဖြစ်သမျှအခက်အခဲ မာန်ဖွဲ့နှင့်ဖြတ်ကျော်တာ ကိုယ့်ထူးကိုယ်ချွန်ကာ အချောင်ခိုမလိုက်သောစိတ်ဓာတ်ဖြင့် ရင်ဆိုင်ရုန်းကန်ရပေမည်။

အကျင့်စာရိတ္တသည် အဆင်သင့်ပြုလုပ်ထားသောအရာမဟုတ်ဟုဆိုထားသည်။ သို့သော် တစ်ဆင့်ချင်း၊ ဖြည်းဖြည်းချင်း ဖန်တီးထားခြင်းဖြစ်ပေသည်။ ထို့အတူပင် နေ့လယ်ခင်း၏အလင်းရောင်ကို အလွန်သေးငယ်သောအပေါက်ကလေးများမှကြည့်လျှင် မြင်နိုင်သကဲ့သို့ အလွန်သေးငယ်သောအသေးအဖွဲ့ကိစ္စများသည် လူတစ်ယောက်၏ အကျင့်စာရိတ္တကိုပြသနိုင်ပေသည်။ အကျင့်သည် အဆင့်ကိုဖော်ပြနေတတ်ပေသည်။ အသေးအဖွဲ့မရှိသောလောကတွင် ဘဝအား လွှမ်းမိုးချုပ်ကိုင်သောစိတ်ကို ထိန်းနိုင်အောင် ကျင့်ဆောင်ရပေမည်။အတွေးအခေါ် အလေ့အထ စာရိတ္တကောင်းတို့ဖြင့် ဘဝကိုမြင့်မြတ်အောင် တည်ဆောက်ကြရပေမည်။

တတ်မြောက်တွေ့ကြုံထားသော အသိသုတများကို သေချာကျနစွာအသုံးချဖို့လိုလှပေသည်။ ထိုသို့သော တွေးတောချက်ကို အလွယ်တကူပေးနိုင်သည့်တက္ကသိုလ်သည် ကမ္ဘာပေါ်တွင် တည်ရှိနေပြီးဖြစ်ပေသည်။ ထိုတက္ကသိုလ်သည် အရှင်ဖြစ်၍ မိမိသယ်လိုရာသို့ သယ်ဆောင်လေ့လာခွင့်ရှိပေသည်။ ထိုတက္ကသိုလ်သည် စာအုပ်စာပေများသာလျှင်ဖြစ်ပေသည်။ ထို့အတူပင် လက်တွေ့ဘဝထဲမှ အတွေ့အကြုံများသည်လည်း ဘဝကသင်ပေးသောပညာများဖြစ်နေသည်မို့ ကောင်းမွန်စွာအသုံးချရင်း ဘဝကိုတိုးတက်အောင် ဆောင်ရွက်သင့်လှပါပေသည်။ ။

# စိတ်ကူးထဲက စိုက်ခင်းလေး

(ကိုရွှေမိုး)

နေရောင်က သာမန်ထက်ပူပြင်းလာနေသည်။ နေ့လယ်ဆို အရေးကြီးကိစ္စရှိလို့ မတတ်သာမှ အပြင်ထွက်ဖြစ်သည်။ ဒီနေ့ မနက်စောစော မိတ်ဆွေသူငယ်ချင်းက သူ့ခြံကိုလာဖြစ်အောင်လာခဲ့ဖို့ ချိန်းထား၍ အိမ်မှ စောစောထွက်လာဖြစ်ခဲ့သည်။ လိပ်စာက မြို့သစ် (၈)ရပ်ကွက် ပဲခူးတက္ကသိုလ်နှင့်မျက်နှာချင်းဆိုင် ကြေးသွန်းဘုရားကြီး၏ အနောက်ဘက်မှာဖြစ်သည်။ ဟိုအရင်တစ်ခေါက် ရောက်ဖူးခဲ့သည်။ ရှစ်ဧကကျော် ခြံကြီးထဲမှာ ရော်ဘာပင်တွေစိုက်ပျိုးထားပြီး ဧကဝက်လောက်ရှိသော ရေကန်ကြီးနှင့် ကန်ပတ်လည်တွင် သရက်၊ မာလကာ၊ မရမ်းပင်တို့နှင့် အုံ့အုံ့ဆိုင်းဆိုင်းရှိ၍ ဥယျာဉ်ခြံမြေက သာသာယာယာရှိလှသည်။

မြို့ရှောင်လမ်းမကြီးပေါ် ဆိုင်ကယ်ကို ဖြည်းဖြည်းမှန်မှန်လေး မောင်းနှင်လာခဲ့သည်။ အမြင်တွေက အရင်နှင့် လုံးလုံးပြောင်းခဲ့ပြီဖြစ်သည်။ တချို့နေရာတွေဆို မမှတ်မိနိုင်အောင် ပြောင်းလဲသွားခဲ့ပေပြီ။ လမ်းဘေးဝဲ၊ ယာရှိ လူနေအိမ်တိုက်တာများက မြို့သစ်၏တိုးတက်နေမှု ပြယုဂ်များ၊ အထပ်မြင့်ဝန်ထမ်းအိမ်ရာများကို တအံ့တသြဖြစ်ရသည်။ တစ်ခဏအချိန်လေးမှာ ပြောင်းလဲသွားတာက မယုံနိုင်စရာ။ မိတ်ဆွေခြံ၏ ခပ်လှမ်းလှမ်းမှာလည်း ဆောက်လက်စ စက်ရုံများနှင့် လုပ်ငန်းများလည်ပတ်လျက်ရှိသော စက်ရုံကြီးများက မြို့လူထုနှင့် ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများအတွက် မျှော်လင့်ချက်ရောင်ခြည်ဖြစ်လာမှာသေချာသည်။

ပဲခူးမြို့ ဥသာမြို့သစ်တွင်ရှိသော စက်မှုဇုန်မှ စက်ရုံများကို တအံ့တသြဖြစ်လောက်အောင် ငေးမောကြည့်ဖြစ်လာခဲ့သည်။ မကြာသေးမီက ဂျပန်နိုင်ငံမှ Nissan ကားထုတ်လုပ်ရန် မြေငှားရမ်းခြင်းစာချုပ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ချုပ်ဆိုထားပြီးဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်များမှ ရင်းနှီးမြှုပ်နှံရန် ပဲခူးတိုင်းဒေသကြီးကို စိတ်ဝင်စားမှုရှိနေခြင်းက ဒေသတွင်းနေသူတစ်ယောက်အဖြစ် ကျေနပ်မိသည်။

ပဲခူးစက်မှုဇုန်သည် ရန်ကုန်-မန္တလေးကားလမ်းမအတိုင်း ရန်ကုန်ဘက်မှလာလျှင် ပဲခူးတက္ကသိုလ်အနီး မြို့ရှောင်လမ်းမနှင့်နီးပြီး လမ်းဝင်၊ လမ်းထွက် အချက်အချာနေရာတွင် တည်ထားသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လျှပ်စစ်ဓာတ်အားလိုင်းများရရှိစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးထားခြင်းဖြစ်သည်။ လက်ရှိလည်ပတ်နေသော စက်ရုံများမှ သောင်းချီသော ဒေသခံများအား အလုပ်အကိုင်များ ဖန်တီးပေးလျက်ရှိသလို လက်ရှိတည်ဆောက်



နေသော စက်ရုံများလည်ပတ်နိုင်လျှင် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည့် မျှော်လင့်ချက်ရောင်ခြည်ဖြစ်သည်။ ပြောင်းလဲနေသောမြင်ကွင်းများကြောင့် မိတ်ဆွေ၏ခြံကို သေချာစေရန် အနားရောက်ခါနီး ဖုန်းဆက်ရသည်။ ကတ္တရာလမ်းမကြီးနှင့် ဓာတ်မီးတိုင်များက အရင်တောလမ်းနှင့် ဘာမျှမသက်ဆိုင်တော့သလို မျက်စိလည်စရာကောင်းတော့သည်။ မိတ်ဆွေက ခြံရှေ့မှစောင့်ပြီး ကြိုနှင့်သည်။ ခြံထဲရောက်တော့ သဘာဝရေကန်ပတ်လည်က သစ်အရိပ်အောက်ထိုင်ခုံမှာထိုင်ရင်း သဘာဝလေအေးကို တဝရှူလိုက်ရမှ လန်းလန်းဆန်းဆန်းရှိသွားသည်။

စိမ်းစိုနေသော ရော်ဘာစိုက်ခင်းများက အစေးထုတ်ယူနေပြီဖြစ်ကြောင်း ဓားနှင့်လှီးထားပြီးသား ပင်စည်နှင့် အစေးခံခွက်လေးများက သက်သေပြနေသည်။ ရေကန်ပေါင်ပေါ် အတက်လမ်းလေး၏နံဘေးပတ်လည်မှ စိမ်းစိုနေသော အပင်စိမ်းလေးများနှင့် အခင်းကို ကန်ပေါင်ပေါ်စတက်ကတည်းက တွေ့ရသည်။ ဒီအပင်ငယ်လေးတွေက ပူဒီနာပင်များနှင့် မြင်းခွာရွက်ပင်တို့ဖြစ်သည်။ ကန်ပတ်လည်မှာ သေသေချာချာ စိုက်ပျိုးထားတာဖြစ်သည်။ ရေကို ကန်ထဲမှရေစုပ်ပန့်ဖြင့်စုပ်ပြီး အခင်းရေလောင်းနေသော အလုပ်သမားနှစ်ယောက်ကို တွေ့ရသည်။ မီးရနေပြီကိုး။

အရင်ကတော့ မီးစက်နှင့် နှစ်ပါးသွားခဲ့ရသူတွေဖြစ်သည်။ အရင်တဲက အခုတစ်ထပ်တိုက်နှင့် ဖြစ်နေပြီ။ အရာအားလုံး ပြောင်းလဲခြင်းက ရပ်ပြတို့ ဖွံ့ဖြိုးတိုးတက်ခြင်းကိုပါ နောက်ချန်ထားရစ်ခဲ့ဖို့ မဖြစ်နိုင်တော့ပေ။

စိုက်ပျိုးပင်တွေအကြောင်း စကားစပ်မိသည်။ သရက်၊ မာလကာ၊ မရမ်းပင်တို့မှ တစ်နှစ် သိန်းငါးဆယ်လောက်ရတယ်ပြောလို့ အံ့သြရပြန်သည်။ မိတ်ဆွေက "ဒီ ပူဒီနာအပင်ကရော တစ်နှစ်ပတ်လည်ဆို တစ်ခင်း ဆယ်သိန်းလောက်ဝင်တယ်။ အခင်းလေးခင်းစိုက်ထားတယ်"ဟု ပြောသည်။ "ဒါဆို ဒီစိုက်ခင်းက သိန်းလေးဆယ်ဝင်တယ်ပေ့ါ။ တစ်ခင်းကို ပေလေးဆယ်နဲ့ အကျယ် ခြောက်ပေပေါင်လုပ်ကာ စိုက်ထားတယ်ဟု ပြောပြသည်။ "မိုးတွင်းလည်းမသေဘူး။ အောက်ကပြာခံပြီး စိုက်ထားတာ၊ လေးနှစ်ရှိပြီ။ အပင်ရဲ့သဘာဝက အစေ့မရှိတဲ့အပင်မျိုးလေ။ ရေမဝပ်ရင် တစ်နှစ်လုံးမသေဘူး။ ဒီကရတဲ့ဝင်ငွေက တစ်နှစ်လုံး အေးအေးဆေးဆေး နေပြီး စားလို့ရတယ်"လို့ သေသေချာချာ ရှင်းပြသည်။

သရက်သီး၊ မရမ်းသီး၊ မာလကာသီးများကိုကြည့်ပြီး မြေကပ်ပေါက်နေသော အပင်ငယ်လေးများက အရိပ်ရသောအပင်ကြီးများလောက် ဝင်ငွေရရှိနေသည်ကို အားကျနေမိသည်။ မိတ်ဆွေသူငယ်ချင်းကို နေမပူခင် နှုတ်ဆက်ပြန်ခဲ့သည့်စာရေးသူ အပြန်လမ်းမှာ တစ်လမ်းလုံးတွေးဖြစ်ခဲ့သည်။ ရပ်ပြတို့ တိုးတက်မှုကို တွေ့ခဲ့ရပြီး တအံ့တသြဖြစ်ခဲ့ရပြီးပြီ။

ပဲခူးတိုင်းဒေသကြီးရဲ့မြို့တော် ပဲခူးမှာ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး ဖြစ်လာခဲ့ပြီးရင်၊ စက်မှုလုပ်ငန်းတွေလည်း အခြေတကျ လည်ပတ်နိုင်ရင် နိုင်ငံရဲ့တိုးတက်မှုတွေမှာ ပဲခူးရွှေမြို့တော်ကြီးလည်း တစ်နေရာက ပါဝင်နေပါလိမ့်မည်။ မိသားစုတစ်နိုင် တစ်ပိုင်စိုက်ပျိုးခြင်းရဲ့ ဝင်ငွေတိုးတက်မှုက မီးဖိုချောင်စရိတ်အတွက် အထောက်အပံ့ဖြစ်စေတယ်ဆိုတာ မျက်မြင်တွေ့ခဲ့၊ သိခဲ့ရပါပြီ။ အိမ်ရောက်ရင် မြေပိုလေးမှာ ကိုယ်တိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးသလို သန့်ရှင်းလတ်ဆတ်တဲ့အသီးအနှံများကို မျက်လုံးထဲမြင်ယောင်နေမိရင်းဖြင့်။ ။

**လမ်းဘေးဝဲ၊ ယာရှိ လူနေအိမ်တိုက်တာများက မြို့သစ်၏တိုးတက်နေမှု ပြယုဂ်များ၊ အထပ်မြင့်ဝန်ထမ်းအိမ်ရာများကို တအံ့တသြဖြစ်ရသည်။ တစ်ခဏအချိန်လေးမှာ ပြောင်းလဲသွားတာက မယုံနိုင်စရာ။ မိတ်ဆွေခြံ၏ ခပ်လှမ်းလှမ်းမှာလည်း ဆောက်လက်စ စက်ရုံများနှင့် လုပ်ငန်းများလည်ပတ်လျက်ရှိသော စက်ရုံကြီးများက မြို့လူထုနှင့် ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများအတွက် မျှော်လင့်ချက်ရောင်ခြည်များဖြစ်လာ. . . .**

## နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၁/၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**
**( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက် )**
**နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း**

၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၆ နှင့်အညီ ကြေညာလိုက်သည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**



ပြည်ထောင်စုလွှတ်တော်တွင် မဲများရေတွက်နေစဉ်။ (သတင်းစဉ်)

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကျင်းပ

# သမ္မတအဖြစ် ဦးထင်ကျော်၊ ဒုတိယသမ္မတများအဖြစ် ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူတို့အား ရွေးချယ်တင်မြှောက်

**နေပြည်တော် မတ် ၁၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၆၅၃ ဦးရှိသည့်အနက် ၆၅၂ ဦးတက်ရောက်ပြီး တစ်ဦး ခွင့်တိုင်ကြားသည်။




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ အထမြောက်ကြောင်းနှင့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ စတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတလောင်းများဖြစ်ကြသည့် ဒုတိယသမ္မတ သုံးဦးအနက်မှ ဒုတိယသမ္မတတစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲလက်မှတ် ပုံစံ ၁၀ ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေအရ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရန် ဆန္ဒမဲပေးခြင်းကို မိမိအပါအဝင် နိုင်ငံတော်သမ္မတ ရွေးချယ်ရေးအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေပါ ဆန္ဒမဲပေးနည်းနှင့် ပယ်မဲအဖြစ်ဆုံးဖြတ်သတ်မှတ်မည့် ဆန္ဒမဲလက်မှတ်ဆိုင်ရာများကို ရှင်းလင်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတ ရွေးချယ်ရေးအဖွဲ့ဝင်များထံ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ဆန္ဒမဲလက်မှတ်အရေအတွက် ကိုက်ညီမှုရှိသဖြင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများအရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတလောင်းတစ်ဦးချင်းစီ ရရှိသည့်ဆန္ဒမဲများစိစစ်ရေတွက်နိုင်ရန် စစ်ဆေးရေးအဖွဲ့တွင်ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်သုံးဦးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်အမျိုးသားပါတီနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီတို့၏ ရှေ့မှောက်တွင် ထောက်ခံဆန္ဒမဲများကိုရေတွက်ကြရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်က ထောက်ခံမဲ ၃၆၀၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ထောက်ခံမဲ ၂၁၃ မဲနှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်ထားသည့် ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသည့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဟင်နရီဗန်ထီးယူက ထောက်ခံမဲ ၇၉ မဲ ရရှိကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ထောက်ခံဆန္ဒမဲအများဆုံးရရှိသည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်းနှင့် ထောက်ခံဆန္ဒမဲဒုတိယအများဆုံးရရှိသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဦးမြင့်ဆွေနှင့် ထောက်ခံဆန္ဒမဲ တတိယအများဆုံးရရှိသည့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်သည့် ဦးဟင်နရီဗန်ထီးယူတို့အား ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကို မတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်သူများကို တွေ့ရစဉ်။ (သတင်းစဉ်)

# ဥရောပချန်ပီယံလိဂ်ဖလား မတ် ၂၀ ရက်တွင် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်ရောက်ရှိလာမည်ဖြစ်ပြီး ရန်ကုန်မြို့တွင် လှည့်လည်ပြသမည်




**ရန်ကုန် မတ် ၁၅**

Heineken ၏ Champion The Trophy အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် သယ်ဆောင်လာမည့် ဥရောပချန်ပီယံလိဂ်ဖလား မတ် ၂၀ ရက်တွင် ရောက်ရှိလာမည်ဖြစ်ပြီး ရန်ကုန်မြို့တွင် လှည့်လည်ပြသခြင်း အစီအစဉ်အပါအဝင် ရက်သတ္တတစ်ပတ်အကြာ ရန်ကုန်မြို့၌ အထူးအစီအစဉ်များ၊ ဖျော်ဖြေရေးများ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်နှင့်ပတ်သက်၍ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ယနေ့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ကမ္ဘာတစ်ဝန်းမှ ဘောလုံးချစ်ပရိသတ်များ စိတ်ဝင်တစားကြည့်ရှုမှု အများဆုံးပြိုင်ပွဲဖြစ်သည့် ဥရောပချန်ပီယံလိဂ်၏ ချန်ပီယံဆုဖလားကြီးကို ကမ္ဘာတစ်ဝန်း လှည့်လည်ပြသခြင်း အစီအစဉ်အရ ဘောလုံးပရိသတ်များ ကိုယ်တိုင် ပါဝင်ဆင်နွှဲခွင့်ရရှိစေမည့် Champion The Trophy အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် သယ်ဆောင်လာခြင်းဖြစ်ပြီး မတ် ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့တွင် ပြသသွားမည့်အပြင် ကမ္ဘာကျော် အာဆင်နယ်ကစားသမားဟောင်း Fredrik Ljungberg က ကမ္ဘာ့ဘောလုံးသံတမန်အဖြစ် ပါဝင်ဆောင်ရွက်သွားမည့်အပြင် ထူးခြားသော ပြိုင်ပွဲများ၊ စိတ်ဝင်စားဖွယ် အစီအစဉ်များဖြင့် ဥရောပချန်ပီယံလိဂ်ဖလား မြန်မာနိုင်ငံတွင် ရောက်ရှိနေစဉ်တွင် အတူပါဝင်ဆင်နွှဲသွားမည်ဟု သိရသည်။

အဆိုပါ ချန်ပီယံလိဂ်ဆုဖလားကြီးကို မတ် ၂၀ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းမှ အစပြု၍ စတင်လှည့်လည်ပြသသွားမည်ဖြစ်ပြီး ရွှေဂုံတိုင်လမ်းဆုံမှ ဘုန်းကြီးလမ်း၊ လှည်းတန်းလမ်းဆုံ၊ ပြည်လမ်းတို့မှ ဆီဒိုးနားဟိုတယ်တွင် ရပ်နားပြသသွားမည်ဖြစ်သည်။ ဆက်လက်၍ ထူးခြားသော ပြိုင်ပွဲအစီအစဉ်များဖြင့် ဥရောပချန်ပီယံလိဂ်ဖလား လှည့်လည်ရောက်ရှိခြင်း အစီအစဉ်များကို ကျင်းပသွားမည်ဖြစ်သည်။ ဘောလုံးချစ်ပရိသတ်များ အနေဖြင့် Heineken ၏ အင်တာနက်ဖေ့စ်ဘွတ်စာမျက်နှာတွင် မတ် ၁၆ ရက်မှစတင်ကာ အသေးစိတ်သတင်းအချက်အလက်များကို ဖော်ပြပေးမည်ဖြစ်ပြီး ပြိုင်ပွဲများ ဝင်ရောက်ဆင်နွှဲနိုင်ပုံကိုလည်း တင်ပြပေးထားမည်ဟု သိရသည်။

မတ် ၂၅ ရက် နံနက် ၉ နာရီတွင် ယခုခရီးစဉ်၌ ကမ္ဘာ့ဘောလုံးသံတမန်အဖြစ် ပါဝင်ဆောင်ရွက်သွားမည့် ကမ္ဘာကျော် အာဆင်နယ်ကစားသမားဟောင်း Fredrik Ljungberg နှင့်အတူ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပသွားမည်ဟု သိရသည်။ မတ် ၂၆ ရက်တွင် မွန်းလွဲ ၁ နာရီမှ ည ၁၁ နာရီအထိ ဘောလုံးချစ်ပရိသတ်များအားလုံး ပါဝင်ဆင်နွှဲနိုင်မည့် အခမ်းအနားကြီးတစ်ခုကို ရန်ကုန်မြို့ ရွှေထွဋ်တင်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကာ အသက်(၁၈)နှစ်ပြည့်ပြီးသူမည်သူမဆို ဝင်ကြေးအခမဲ့ဖြင့် ပါဝင်ဆင်နွှဲနိုင်သည်ဟုသိရပြီး ကမ္ဘာကျော်ဘောလုံးသမား Fredrik Ljungberg က ပရိသတ်နှင့်အတူ တေးဂီတနှင့် ဖျော်ဖြေပွဲများတွင် ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

"ဥရောပချန်ပီယံလိဂ်ဖလားကြီး မြန်မာနိုင်ငံကို ရောက်လာမယ်ဆိုတော့ အတိုင်းထက်အလွန် ဝမ်းသာမိပါတယ်။ မြန်မာဘောလုံးချစ်ပရိသတ်အတွက်ကော၊ မြန်မာဘောလုံးအားကစားသမားတွေအတွက်ကော ဝမ်းသာပျော်ရွှင်စရာပါပဲ။ အရင်ကလည်း ကမ္ဘာ့ဖလားကြီး မြန်မာနိုင်ငံကို ရောက်ရှိလာတော့ ဝမ်းသာမိသလို အခုလည်း ဝမ်းသာမိပါတယ်"ဟု မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း မျိုးလှိုင်ဝင်းက ပြောသည်။

အဆိုပါ ဥရောပချန်ပီယံလိဂ်ဖလားသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ရုံးချုပ်တည်ရှိရာ ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့မှ ခရီးစဉ်စတင်ခဲ့ခြင်းဖြစ်ပြီး အာရှနိုင်ငံများတွင် လှည့်လည်ပြီးနောက် လာအိုနိုင်ငံ ဗီယန်ကျန်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်သည်။ မတ် ၂၆ ရက်တွင် မြန်မာနိုင်ငံမှ ဘရာဇီးနိုင်ငံသို့ ဆက်လက်ထွက်ခွာပြသမည်ဖြစ်ပြီး မြန်မာအပါအဝင် နိုင်ငံငါးနိုင်ငံသို့ လှည့်လည်ပြသခြင်းဖြစ်ကြောင်း သိရသည်။

"ဘောလုံးချစ်ပရိသတ်တွေ ကိုယ်တိုင်ပါဝင်နိုင်မယ့် အစီအစဉ်ကောင်းတွေ အများကြီးပါဝင်မှာ ဖြစ်ပါတယ်။ အသေးစိတ်အချက်အလက်တွေကိုလည်း Heineken ရဲ့ အင်တာနက်ဖေ့စ်ဘွတ်စာမျက်နှာမှာ အချိန်နဲ့တစ်ပြေးညီဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ နောက်ပြီး ချန်ပီယံလိဂ်ကို သွားရောက်ကြည့်ရှုနိုင်မယ့် ကံစမ်းမဲအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်တဲ့အတွက် ဘောလုံးပရိသတ်တွေ စိတ်လှုပ်ရှားစရာပါပဲ" ဟု APB Alliance Brewery ကုမ္ပဏီလီမိတက် ဈေးကွက်မန်နေဂျာ ဦးမျိုးရာဇာက ပြောသည်။

ဥရောပချန်ပီယံလိဂ်ဖလား လှည့်လည်ပြသမှုအစီအစဉ်ကို ယခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး Heineken ၏ Champion The Trophy အစီအစဉ်ဖြင့် ထူးခြားသောအစီအစဉ်များကို ကမ္ဘာတစ်ဝန်းရှိ ဘောလုံးပရိသတ်များထံ ဆောင်ကြဉ်းပေးနိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ဥရောပချန်ပီယံလိဂ်ဖလားကြီးကို နှစ်စဉ် ကမ္ဘာတစ်ဝန်း လှည့်လည်သယ်ဆောင် ပြသလျက်ရှိသည်။ ဥရောပချန်ပီယံလိဂ်ဖလားပြိုင်ပွဲကို ကမ္ဘာ့ဘောလုံး ပရိသတ်ပေါင်း ၄ ဒသမ ၃ ဘီလီယံကျော်၊ အားကစားကွင်းအတွင်း ကိုယ်တိုင်သွားရောက်ကြည့်ရှုသည့် ပရိသတ်ပေါင်း ၁ ဒသမ ၁ ဘီလီယံကျော်နှင့် ကမ္ဘာတစ်ဝန်း တိုက်ရိုက်ထုတ်လွှင့်ပြသမှုတွင် နိုင်ငံပေါင်း ၂၂၀ တို့မှ ပြသလျက်ရှိသည့် ကမ္ဘာကျော်ပြိုင်ပွဲကြီးတစ်ခု ဖြစ်သည်။ ယခုနှစ် ဥရောပချန်ပီယံလိဂ် ဗိုလ်လုပွဲကို မေ ၂၈ ရက်တွင် အီတလီနိုင်ငံ မီလန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၁)**

## ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၂/၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**
**( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက် )**
**ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း**

၂၀၁၆ ခုနှစ် မတ်လ ၁၅ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး ပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က အောက်ပါ ပုဂ္ဂိုလ်နှစ်ဦးအား ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ယင်းတို့ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၆ နှင့်အညီ ကြေညာလိုက်သည်-

| အမည် | မဲဆန္ဒနယ် | ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည့်အစုအဖွဲ့ |
| --- | --- | --- |
| ၁။ ဦးမြင့်ဆွေ | - | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ |
| ၂။ ဦးဟင်နရီဗန်ထီးယူ | ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃) | ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ |

**(ပုံ) မန်းဝင်းခိုင်သန်း**
**နာယက**

# မောင်တောခရိုင်အတွင်းသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော ရခိုင်မျိုးနွယ်စုများအား လယ်ယာသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**စစ်တွေ မတ် ၁၅**

မောင်တောခရိုင်အတွင်းသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော ရခိုင်မျိုးနွယ်စုများအား စိုက်ပျိုးရေးဦးစီးဌာနမှ လယ်ယာသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၅ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ပြည်နယ်စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးသာလူချေ တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးသာလူချေက အဖွင့်အမှာစကားပြောကြားရာတွင် ရခိုင်လူမျိုးစုအချို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြောင်း၊ တစ်ဖက်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သည့်ပြဿနာများကို တားဆီးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ပြန်လည်ဝင်ရောက်လာသော တိုင်းရင်းသားများအား နေရာချထားပေးခြင်း၊ လယ်ယာမြေများလုပ်ကိုင်ခွင့်ချပေးခြင်း၊ ကျေးရွာများထူထောင်ပေးခြင်းတို့ကို ယခင်ကတည်းကပင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းမှ လတ်တလောဖြစ်ပျက်နေသည့် အခြေအနေများကြောင့် ပြောင်းရွှေ့နေထိုင်လာကြသော ရခိုင်မျိုးနွယ်စု အိမ်ထောင်စု ၇၂၈ စု၊ လူဦးရေ ၃၃၄၉ ဦးတို့ကို ပြည်နယ်အစိုးရမှ မောင်တောခရိုင် မောင်တောမြို့နယ်တွင် ကျေးရွာ ၂၅ ရွာ၊ ဘူးသီးတောင်မြို့နယ်တွင် တစ်ရွာ စုစုပေါင်းကျေးရွာ ၂၆ ရွာတွင် နေရာချထားပေးခြင်း၊ ပြောင်းရွှေ့လာသည့် အိမ်ထောင်စုများ နေထိုင်ရေး၊ စားသောက်ရေး၊ ဘဝရပ်တည်ရေး အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် နိုင်ငံတော်မှ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အိမ်ထောင်စုများ၏ဘဝ ရေရှည်ရပ်တည်နိုင်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းတွင် အခြေခံလိုအပ်သော လယ်ယာသုံးပစ္စည်းများဖြစ်သည့် တောင်း၊ ဓားမ၊ ပေါက်ပြား၊ ငမန်းလွှများနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များကို ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (တိုင်းဒေသကြီး/ပြည်နယ်) ဦးအေးကိုကိုက ထောက်ပံ့ပစ္စည်းများပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် အိမ်ထောင်စုတစ်စုလျှင် တူ နှစ်လက်၊ ဓားမကြီး နှစ်ချောင်း၊ ပေါက်ပြား သုံးလက်၊ တူးရွင်းပြား တစ်လက်၊ ငမန်းလွှ တစ်ခု၊ ဆင့်ပွားအသုံးပြု၍ရသော ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များဖြစ်သော ငရုတ်မျိုးစေ့ နှစ်ထုပ်၊ ချဉ်ပေါင်မျိုးစေ့ နှစ်ထုပ်၊ ခရမ်းမျိုးစေ့ သုံးထုပ်၊ ရွှေဖရုံမျိုးစေ့ နှစ်ထုပ်၊ ကျောက်ဖရုံမျိုးစေ့ နှစ်ထုပ်တို့ကို ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးသာလူချေနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ကျေးရွာကိုယ်စားလှယ်များက လက်ခံရယူခဲ့သည်။ ထို့နောက် ရခိုင်မျိုးနွယ်စုကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ထောက်ပံ့ပေးအပ်ခဲ့သည့် လယ်ယာသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၅၀၆၁၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**ဇော်နိုင်ထွန်း**(IPRD)



မီးဘေးရှောင် မလောင်ခင်တား



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့်ဂျပန်ဂီတပညာရှင်များပူးပေါင်း၍ တေးဂီတဖျော်ဖြေပွဲကို မတ် ၁၅ ရက် ညနေ ၆ နာရီက မန္တလေးမြို့အမျိုးသားဇာတ်ရုံတွင်ဖျော်ဖြေတင်ဆက်စဉ်။

[ဓာတ်ပုံ- အောင်ရဲသွင်]

ကမ္ဘာ့မိုးလေဝသနေ့ (၂၃.၃.၂၀၁၆)




"ရာသီဥတုဘေးဒဏ်လျော့ပါးဖို့..၊ အနာဂတ်အတွက်ပြင်ဆင်စို့..။"

## လှည့်ကင်းမော်တော်ယာဉ်ဖြင့် လှည့်ကင်းတာဝန်ဆောင်ရွက်စဉ် လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၁၅**

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၃ ရက် ည ၈ နာရီခွဲတွင် နယ်မြေအတွင်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ခိုးမှု၊ လုယက်မှုများ မဖြစ်ပွားစေရေး မော်တော်ယာဉ်ဖြင့် လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ဆိုင်ကယ်စီးသူ သုံးဦးက လက်ကိုင်ဖုန်းလုယူထွက်ပြေးသွားကြောင်း သတင်းအရ လိုက်လံရှာဖွေဖမ်းဆီးခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၆၅)ရပ်ကွက် ပြည်ထောင်စုလမ်းမပေါ်၌ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နေ သန်းထိုက်ဝင်း (၂၀)နှစ်၊ သူဇာ (၁၉) နှစ်နှင့် စန္ဒာဟိန်း (၁၉) နှစ်တို့ သုံးဦးအား Felling-110 အမျိုးအစားဆိုင်ကယ်တစ်စီး၊ HUAWEI အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့် Honor အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



**သူဇာ၊ စန္ဒာဟိန်း၊ အာကာ(ခ) စိုးအာကာဖြိုး၊ သန်းထိုက်ဝင်းနှင့် သက်သေခံပစ္စည်းများ။**

ဖမ်းဆီးရမိသူ သုံးဦးအား စစ်ဆေးရာ HUAWEI အမျိုးအစားဖုန်းကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၈)ရပ်ကွက် ဇာဒက်ကြီးလမ်းမပေါ်တွင် လမ်းလျှောက်နေသူအမျိုးသားတစ်ဦးထံမှ သူဇာကလည်းကောင်း၊ Honor အမျိုးအစားလက်ကိုင်ဖုန်းကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၄)ရပ်ကွက် ကန်သာယာလမ်းမပေါ်တွင် လမ်းလျှောက်နေသူအမျိုးသားတစ်ဦးထံမှ သူဇာနှင့် စန္ဒာဟိန်းတို့ကလည်းကောင်း လုယူထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်းပေါ်ပေါက်ခဲ့သည်။

၎င်းတို့အား အခြားလုယက်မှုများ ကျူးလွန်ထားခြင်းရှိ၊ မရှိ ထပ်မံစစ်ဆေးရာ မတ် ၁၂ ရက် ည ၈ နာရီခန့်တွင် ၎င်းတို့နှင့်အတူ အာကာ(ခ) စိုးအာကာဖြိုးသည် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၇)ရပ်ကွက် ဦးထွန်းမြတ် လမ်းမပေါ်တွင် လမ်းလျှောက်နေသူ အမျိုးသားတစ်ဦးထံမှ Colne လက်ကိုင်ဖုန်းတစ်လုံးအားလည်းကောင်း၊ ည ၈ နာရီခွဲခန့်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် တက္ကသိုလ်အနီးလမ်းမပေါ်တွင် လမ်းလျှောက်နေသူ အမျိုးသားတစ်ဦးထံမှ HUAWEI 730 အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံးအားလည်းကောင်း လုယူခဲ့ကြောင်း ထပ်မံပေါ်ပေါက်သဖြင့် ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ အာကာ(ခ)စိုးအာကာဖြိုးအား မတ် ၁၄ ရက် နံနက် ၃ နာရီ မိနစ် ၄၀ တွင် ခရမ်းမြို့နယ် (၉)ရပ်ကွက်အတွင်းဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများပြန်လည်သိမ်းဆည်းကာ သက်ဆိုင်ရာရဲစခန်းတွင် အမှုများအသီးသီးရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း လက်ကိုင်ဖုန်းများ အသုံးပြုရာတွင် လွယ်လင့်တကူလုယူမခံရစေရေး သတိရှိကြစေရန် အသိပေးအပ်ပါသည်။

**(ကိုရဲ)**

## နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ Junction Center အနီး လူသတ်မှု၊ မုဒိမ်းမှုကျူးလွန်ခဲ့သူများအား အမိန့်ချမှတ်

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ၂၉-၉-၂၀၁၅ ရက် ည ၁၁ နာရီတွင် မ-------နှင့် ခင်ပွန်းဖြစ်သူ မောင်ချစ်နိုင်ဦးတို့ ဆိုင်ကယ် စီးလျက်ရှိနေစဉ် နံနက် ၁ နာရီခန့်တွင် ဒက္ခိဏသီရိမြို့နယ် အတွင်းရှိ Junction Center အကျော်တွင် ဆိုင်ကယ်အားကွေ့ပြီး ပြန်လာရာ အမည်မသိသူ လေးဦးက ၎င်းတို့အား ခြိမ်းခြောက်ပြောဆို၍ ချစ်နိုင်ဦးအား အမည်မသိသူနှစ်ဦးက ဓားဖြင့်ထိုးပြီး ကျန်နှစ်ဦးက မ-------အား သားမယားအဖြစ် ပြုကျင့်ခဲ့ကြောင်း အခင်းဖြစ်ပွားရာ နေရာမှ မ-------မှာ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ၃၀-၉-၂၀၁၅ ရက် နံနက်၉နာရီတွင် Junction Center နောက်ကျောဘက်သို့ သွားရောက်ပြီး ချစ်နိုင်ဦးအား ရှာဖွေရာ ဦးခေါင်းပေါက်ပြဲဒဏ်ရာ၊ ယာဘက်နားအထက်၊ အောက်ထိုးသွင်းဒဏ်ရာ၊ လည်ပင်းထိုးသွင်း ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်းသိရသည်။

အဆိုပါ အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ ဒက္ခိဏသီရိမြို့နယ် မြို့မရဲစခန်းက(ပ) ၉၈/၂၀၁၅၊ ပြစ်မှုပုဒ်မ-၃၀၂/ ၃၇၆/၃၉၂/၃၆၆ တို့ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ပြီး အမှုမှ ဖမ်းဆီးထားသူများအား ၂၆-၁၀-၂၀၁၅ ရက်တွင် ဒက္ခိဏခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၅ ရက်တွင် ဒုတိယခရိုင်တရားသူကြီးက အပြီးသတ် လျှောက်လဲချက်ကြားနာပြီး အောင်တင်မျိုး (ခ) အောင်ပိုင် (၂၁)နှစ်၊ ကျော်မောင် (ခ) ဇော်ဇော်အောင် (၁၉)နှစ်၊ ဇော်လေး(ခ)ဇော်မျိုးသူ (၂၁)နှစ် တို့အား ရာဇသတ်ကြီးပုဒ်မ ၃၆၆ အရ ရာဇဝတ်မှုကျူးလွန်သဖြင့် အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်ကျခံစေရန်၊ ကျော်မောင်(ခ) ဇော်ဇော်အောင်သည် ရာဇသတ်ကြီးပုဒ်မ ၃၇၉ အရ ရာဇဝတ်မှုကိုလည်း ကျူးလွန်သဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ်နှစ်၊ အောင်တင်မျိုး(ခ) အောင်ပိုင်၊ ကျော်မောင်(ခ)ဇော်ဇော်အောင်နှင့် ဇော်လေး(ခ)ဇော်မျိုးသူ တို့သည် ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁)(ဂ) အရ ရာဇဝတ်မှုကိုလည်း ကျူးလွန်သဖြင့် မသေမချင်း လည်ပင်းကြိုးကွင်းစွပ်၍ သတ်စေရန် ပြစ်ဒဏ်အသီးသီး အမိန့်ချမှတ်ခဲ့ကြောင်း၊ အမှုမှကျန်ရှိသော မောင်မျိုး (ခ)မျိုးဇော်ဝင်း (၁၇)နှစ်အား ဇမ္ဗူသီရိ မြို့နယ်တရားရုံးတွင် ကလေးသူငယ်အမှုအမှတ် ၈/၂၀၁၅ ဖြင့် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ဇနီးသည်နေအိမ်မှ ဆင်းသွား၍ နေအိမ်ကို ယမ်းဖြင့်ဖောက်ခွဲရန် ကြံစည်သူအား ဖမ်းဆီးရမိ

**ဟားခါး မတ် ၁၅**

ဟားခါးမြို့၌ လူနေအိမ်ကို ယမ်းဖြင့် ဖောက်ခွဲရန်ကြံစည်သူအား မြို့မရဲစခန်းမှ နာရီပိုင်းအတွင်း လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၄ ရက် ည ၉ နာရီခွဲခန့်တွင် ဟားခါးမြို့ ပြည်တော်သာရပ်ကွက် ဂန့်ဂေါလမ်း အိမ်အမှတ်(ပတသ/၃၁၆) အိမ်ရှင် ဦးသင်ခါးရ်မန်နေအိမ်တွင် ရောက်ရှိနေသူ ဦးဟရဲလ်ကုန်းသည် စိတ်ဆိုးပြီး နေအိမ်မှဆင်းသွားသည့် ၎င်း၏ဇနီးဒေါ်ပါရ်နွှမ်း တည်းခိုသည့် ဦးလှိုက်နောန်နေအိမ်အား ယမ်းဖြင့်ဖောက်ခွဲမည်ဟုသတင်းအရ ဟားခါးမြို့မရဲစခန်းမှူး ဒုတိယရဲအုပ်တင်မောင်အေး၊ တာဝန်မှူးရဲအုပ်အေးချို၊ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ်စန်းဝင်းမောင်ပါ တပ်ဖွဲ့ဝင် ၁၀ ဦးတို့သည်ပြည်တော်သာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဘွေလျှန်းပါအဖွဲ့ဝင်သုံးဦးတို့နှင့်အတူ ဦးသင်ခါးရ်မန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေကြရာ နေအိမ်အနောက်ဘက်အပေါက်မှ ထွက်ပြေးတိမ်းရှောင်သူ ဦးဟရဲလ်ကုန်း (၅၁)နှစ်အား လုံးထွေးဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသူ ဦးဟရဲလ်ကုန်းလက်အတွင်းမှ ဂက်စ်မီးခြစ်တစ်လုံး၊ ယမ်းနှင့်ဒီတိုနေတာ အသင့်တပ်ဆင်ထားသော ရှစ်လက်မခန့်ရှိယမ်းပျော့တစ်ချောင်း၊ ယမ်းပျော့နှစ်ချောင်း၊ ဒီတိုနေတာ ငါးခု၊ ငွေစက္ကူရောရာ ကျပ် ၁၇၉၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။

ယမ်းဖောက်ခွဲရန် ကြံစည်သူ ဦးဟရဲလ်ကုန်းအား ဟားခါးမြို့နယ် ရဲတပ်ဖွဲ့မှ စစ်ဆေးဖော်ထုတ်ခဲ့ရာ ဟားခါးမြို့ ပြည်တော်သာရပ်ကွက် ဗိုလ်ချုပ်လမ်း အိမ်အမှတ် (ပတသ/ ၁၉၃) နေ ဦးကျော်လွင်၏နေအိမ်မှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးသိရသဖြင့် ဦးကျော်လွင်နေအိမ်အား ဟားခါးမြို့နယ် ရဲတပ်ဖွဲ့မှ ဆက်လက်ရှာဖွေရာ ယမ်းပျော့တောင့် ရှစ်ခု၊ ဒီတိုနေတာ ၈၆ ခု၊ အနှေးယမ်းကြိုး တစ်ခွေ၊ နှစ်လုံးပြူး ကျည် ၄၃ တောင့်၊ သုည ဒသမ ၅ ကျည်ခွံ ၁၅၈ တောင့် တွေ့ရှိသိမ်းဆည်းခဲ့သည်။

ထို့နောက် ဦးကျော်လွင်ပိုင် ဈေးဟောင်းရပ်ကွက် ဒါအိုချိမ်းလမ်းရှိဂိုဒေါင်ကို ဝင်ရောက်ရှာဖွေရာ ယမ်းပျော့တောင့် ၈၂ တောင့်၊ ယမ်းပျော့တောင့် အပိုင်းအစ ၁၀ ခု၊ ဒီတိုနေတာ ၁၁၆ ခု၊ အနှေးယမ်းကြိုး ၁၀ ခွေ၊ ငွေစက္ကူရောရာ ကျပ် ၂၄၉၀၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ဦးဟရဲလ်ကုန်းနှင့် ဦးကျော်လွင် တို့အား ဟားခါးမြို့မရဲစခန်းက(ပ) ၁၀/၂၀၁၆၊ ၁၉၀၈ ခုနှစ် ပေါက်ကွဲစေတတ်သော အရာဝတ္ထုပစ္စည်းများ ဥပဒေပုဒ်မ(၅)အရ ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ပြည်နယ် (ပြန်/ဆက်)**

# မြန်မာ့ရက်ကန်းပညာကို နိုင်ငံခြားသားဧည့်သည်များ စိတ်ဝင်တစားဝင်ရောက်လေ့လာ



**အမရပူရ မတ် ၁၅**

အမရပူရမြို့သည် ရက်ကန်းလုပ်ငန်းကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသောကြောင့် မြန်မာနိုင်ငံ၏ ရက်ကန်းမြို့တော်အဖြစ် လူသိများ ထင်ရှားသည့် အမရပူရမြို့တွင် ရက်ကန်းလုပ်ငန်းရှင်များနှင့် ပိုးထည်တိုက်များ များစွာရှိပြီး အမရပူရမြို့သို့ရောက်ရှိလာသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် အဆိုပါပိုးထည်တိုက်များသို့ဝင်ရောက်၍ မြန်မာ့ရက်ကန်းထည်များနှင့် ချိတ်လက်ရက်ထည်ရက်လုပ်နေမှုများကို စိတ်ဝင်တစားဝင်ရောက်လေ့လာလျက် ရှိကြောင်း သိရသည်။

"ကျွန်မဧည့်သည်တွေက ထိုင်းလူမျိုးတွေပါ။ ဒီရောက်တုန်း မြန်မာ့ရက်ကန်းထည်တွေနဲ့ ချိတ်လက်ရက်ထည်ရက်လုပ်နေပုံကို ဝင်ရောက်ပြသတာပါ။ မြန်မာ့လွန်းရာကျော်ချိတ်ထည်ဟာ နာမည်ကြီးကြောင်း၊ မြန်မာ့ရက်ကန်းပညာနဲ့ သူတို့ဆီမှာရှိတဲ့ ရက်ကန်းပညာဟာမတူကြောင်း လက်တွေ့ပြသပြီး ရှင်းပြပေးနေတာပါ"ဟု ရွှေဆင်တိုင်း ပိုးထည်တိုက် လက်ရက်ကန်းရုံသို့ ဝင်ရောက်လေ့လာနေသော နိုင်ငံခြားသားခရီးသွားဧည့်သည် အဖွဲ့တစ်ဖွဲ့မှ ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

"လက်ရက်ကန်းရုံ သီးသန့်ခွဲထားတာပါ။ Tours ကုမ္ပဏီတွေ၊ Tours Guide တွေနဲ့ ချိတ်ဆက်ထားတာမရှိပါဘူး။ လက်ရက်ကန်းခတ်နေမှုများကို မည်သူမဆိုဝင်ရောက်လေ့လာနိုင်ပါတယ်။ နိုင်ငံခြားသားဧည့်သည်တွေကတော့ အမြဲလိုလိုဝင်ရောက်လေ့လာကြပါတယ်။ Tours Guide တွေအနေနဲ့ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေကို လွတ်လပ်စွာဝင်ရောက်ပြသနိုင်ပါတယ်။ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေက နိုဝင်ဘာလနဲ့ မတ်လမှာ အများဆုံးလာရောက်ကြပါတယ်"ဟု ရွှေဆင်တိုင်းပိုးထည်တိုက်ပိုင်ရှင် ဦးထွန်းညီညီက ပြောသည်။

အဆိုပါရက်ကန်းရုံတွင် ချိတ်ထည်ရက်လုပ်နေသူများသည် လက်ဆင့်ကမ်း သင်ကြားတတ်မြောက်လာသူများဖြစ်ပြီး လွန်းပေါင်းရာကျော်ကို အသုံးပြု၍ လက်ဖြင့်ရက်လုပ်ရသည့်အတွက် အချိတ်လက်ရက်ထည်ဟုခေါ်ဆိုကြောင်း၊ လွန်းကလေး ၁၀၀ ကျော်ကို တစ်လွန်းနှင့် တစ်လွန်း အချိတ်အဆက်မိမိ ရက်လုပ်ရသည့်အတွက် လွန်းရာကျော်ချိတ်ဟုလည်းခေါ်ကြောင်း သိရသည်။

ယခုအခါ ပိုးအစစ်လွန်းရာကျော်ကြိုးကြိုးချိတ်တစ်ထည်ကို ငွေကျပ်ရှစ်သောင်းမှ သုံးသိန်းအထိ ဈေးပေါက်နေကြောင်း သိရသည်။

**နန်းမျိုးဝင်း(မြစ်ငယ်)**

# ကလေးများအား သတင်းစာပညာ အခမဲ့သင်တန်းဖွင့်

**မန္တလေး မတ် ၁၅**

သတင်းစာပညာစိတ်ဝင်စားသော ကလေးငယ်များအတွက် နွေရာသီကျောင်းပိတ်ရက် ကလေးသတင်းစာပညာအခမဲ့သင်တန်းအား တတိယအကြိမ်အဖြစ် မတ် ၁၁ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်းနှင့် အရှေ့ဘက် သင်္ဂဇာချောင်းပတ်လမ်းအနီး ရွှေလောင်းညွှန့်ရပ်ရှိ ဇာတိမာန် လူငယ်စာဖတ်အသင်း၌ စတင်ဖွင့်လှစ်သည်။

မန္တလေးမြို့ရှိ ကလေးငယ်များ သတင်းစာပညာစိတ်ဝင်စားလာစေရန်၊ စာနယ်ဇင်းလုပ်ငန်းများ၏ သဘောသဘာဝကို သိရှိနားလည်စေရန်နှင့် စာနယ်ဇင်းကျင့်ဝတ်ကို လေးစားလိုက်နာသော မျိုးဆက်သစ်သတင်းစာဆရာများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် အခမဲ့လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါသင်တန်းသို့ အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်းရှိ ကလေးငယ်များတက်ရောက်သင်ယူနိုင်ပြီး မိဘအုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံကာ သင်တန်းအစမှ အဆုံးတက်ရောက်နိုင်သူများကိုလက်ခံသင်ကြားပေးနေခြင်းဖြစ်သည်။ သင်တန်းတွင်သတင်းရေးသားနည်း၊ သတင်းလိုက်နည်း၊ သတင်းဓာတ်ပုံရိုက်နည်း၊ အင်တာဗျူးနည်း၊ သတင်းများတည်းဖြတ်နည်း၊ သတင်းခေါင်းစဉ်ပေးနည်းများ၊ သတင်းသမားတို့ လိုက်နာရမည့်ကျင့်ဝတ်များကိုမန္တလေးမြို့ရှိဝါရင့်သတင်းစာဆရာကြီးများက သင်ကြားပို့ချသွားမည့်အပြင် အင်တာနက် အီးမေးအသုံးပြုနည်း၊ ဗီဒီယိုရိုက်ကူးနည်း၊ တည်းဖြတ်နည်းတို့ကိုပါ သင်ကြားပို့ ချပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာတစ်လကြာမြင့်မည်ဖြစ်ကာ သင်တန်းပြီးဆုံးသွားပါက ဇာတိမာန်ကလေးသတင်းစာအားထုတ်ဝေပြီး အခမဲ့ဖြန့်ချိသွားမည်ဖြစ်ကြောင်းသိရသည်။ **(၀၀၂)**

# ထိုင်းထုတ်ကုန်ပစ္စည်းများ ပြသမည်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ မတ် ၁၀ ရက် နံနက် ၁၀ နာရီခွဲက မြန်မာနိုင်ငံ ထိုင်းစီးပွားရေးသံရုံးမှ ထိုင်းထုတ်ကုန်ပစ္စည်းများပြသမည့် Top Thai Brando 2016 နှင့် သက်ဆိုင်သော သတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့ပြီး အဆိုပါပြပွဲကို ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Part တွင် မတ် ၂၄ ရက်မှ ၂၇ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# သစ်၊ ဝါးရှားပါးမှုကြောင့် သံဆန်ခါကွက်များနှင့် ဘိလပ်မြေအုတ်တိုင်များ ရောင်းအားကောင်းလျက်ရှိ

**ရမည်းသင်း မတ် ၁၅**

ရမည်းသင်းမြို့နယ် ရပ်ကွက်/ကျေးရွာများတွင် မိမိတို့၏ နေအိမ်ခြံစည်းရိုးများ လုံခြုံရေးအတွက် ငွေကြေးတတ်နိုင်သူများက အုတ်တံတိုင်းကာရံခြင်း၊ ပျဉ်ပြားကာရံခြင်းလုပ်နိုင်ကြသော်လည်း ယခုအခါတွင် ပျဉ်ဈေးနှင့် အုတ်ဈေးများမှာ မြင့်တက်လာမှုကြောင့် ယင်းနေရာများတွင်တာရှည်ခိုင်ခန့်သောဘိလပ်မြေတိုင်များနှင့် သံဆန်ခါကွက်များ အစားထိုးဝင်ရောက်နေရာယူလျက်ရှိသည်။

ကျွန်း၊ ပျဉ်းကတိုးတစ်တန်ဈေးမှာရှစ်သိန်းနီးပါးခန့်ရှိသော်လည်း အလွယ်တကူမရပေ။ ထိုနည်းတူအုတ်တစ်ခဲမှာလည်း ၃၇ ကျပ်ခန့်ရှိသဖြင့် ပွင့်လင်းရာသီတွင် ဈေးနှုန်းများတက်နေသည်မှာ တစ်ဘာသာပင်ဖြစ်ပေသည်။

သို့ဖြစ်၍ အလွယ်တကူဝယ်ယူရရှိသည့် သံဆန်ခါလိပ်များနှင့် ဘိလပ်မြေတိုင်များကို ခြံစည်းရိုးများကာရံခြင်း၊ ကျေးရွာများတွင် သီးနှံများမပျက်စီးရန်အတွက် ခြံများကာရံခြင်းတို့ကြောင့် လူသုံးများလာသလို သံဆန်ခါလိပ်များမှာလည်း ရောင်းအားကောင်းကြောင်း ကုန်မာဆိုင်ရှင်တစ်ဦးက ပြောသည်။

ယခင်နှစ်နှစ်ခန့်ကဝါးတစ်လုံးဈေးမှာ ကျပ် ၁၀၀-၁၅၀ ခန့်ရှိခဲ့ရာ ယနေ့အချိန်တွင်ဝါးတစ်လုံးမှာ ကျပ် ၄၀၀-၅၀၀ ခန့်ရှိနေသဖြင့် ဝါးဖြင့်လုပ်သောထရံ၊ ဝါးကပ်၊ စပါးထည့်ရန် ပုတ်စသည်တို့မှာလည်းဈေးများမြင့်မားလျက်ရှိသည်။

ယခင်နှစ်များက စပျစ်စိုက်ပျိုးမှုများကို ဝါးဖြင့်သွယ်တန်း ခဲ့သော်လည်း ယခုအခါဝါးဈေးမြင့်တက်မှုကြောင့် ဝါးအစားသံကြိုးများ အသုံးပြုဆောင်ရွက်ထားကြောင်း စပျစ်စိုက်ပျိုးသူတစ်ဦးထံမှ သိရသည်။

**ညွန့်ရွှေ(ရမည်းသင်း)**



# ထိုင်း-မြန်မာ ချစ်ကြည်ရေးအားကစားပွဲကျင်းပ

**ခမောက်ကြီး မတ် ၁၅**

ထိုင်း-မြန်မာ ချစ်ကြည်ရေးအားကစားပွဲကို ထိုင်းနိုင်ငံ ရနောင်းခရိုင် လအွန်မြို့နယ်၌ ထိုင်းစံတော်ချိန် နံနက်ပိုင်းက စတင်ကျင်းပကြောင်း ထိုင်း-မြန်မာ ချစ်ကြည်ရေး အားကစားပွဲသွားရောက်ဆင်နွှဲသူများထံမှ သိရသည်။

အဆိုပါပွဲ၌ ရနောင်းခရိုင် လအွန်မြို့နယ် အုပ်ချုပ်ရေးမှူး Mrs. Pim TaDa Chaunsuriya က အဆိုပါပွဲသည် ထိုင်းအစိုးရနှင့် မြန်မာအစိုးရတို့ ပူးပေါင်းစီစဉ်သည့်ပွဲဖြစ်ပြီး ထိုင်းနှင့်မြန်မာ ချစ်ကြည်ရင်းနှီးမှုရှိစေရန် ရည်ရွယ်၍ အစိုးရအဖွဲ့သာမက ပြည်သူများအကြားတွင်လည်း ပိုမိုရင်းနှီးမှုရှိစေရန်နှင့် မိသားစုများ မောင်နှမရင်းချာများကဲ့သို့ နေထိုင်သွားလိုကြောင်း၊ ချစ်ကြည်ရင်းနှီးမှုကြောင့် နယ်စပ်ဒေသတွင်ရှိသည့် ပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အားကစားကျင်းပရေးကော်မတီဥက္ကဋ္ဌက ထိုင်းနှင့်မြန်မာ ချစ်ကြည်ရေး အားကစားသမားများအား အားကစားဝတ်စုံပေးအပ်ခြင်း၊ ချစ်ကြည်ရေးပွဲသို့ တက်ရောက်ကြသည့် မြန်မာအဖွဲ့များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ မြန်မာဘက်မှ မြန်မာ့ရိုးရာယဉ်ကျေးမှု မင်္ဂလာဝတ်စုံ ဝတ်စားဆင်ယင်မှုဖြင့် ပြသဖျော်ဖြေခြင်းနှင့် ထိုင်းဘက်ကလည်း ယိုးဒယားအကပဒေသာများဖြင့် ကပြဖျော်ဖြေခြင်းများ ဆောင်ရွက်ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ဆက်လက်ပြီး ချစ်ကြည်ရေးအားကစားပွဲများ ဆင်နွှဲကြပြီး အပြန်အလှန်ရင်းနှီးမှုများတည်ဆောက်ကြသည်။ အဆိုပါပွဲသို့ ထိုင်းဘက်မှ လအွန်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ TBC အဖွဲ့မှ တာဝန်ရှိသူများ၊ ချစ်ကြည်ရေးအားကစားသမားများ၊ မြန်မာဘက်မှ ကော့သောင်းမြို့နယ်၊ မလိဝမ်းကျေးရွာ၊ ၂၂ မိုင် ကျေးရွာနှင့် ခမောက်ကြီးမြို့ အမှတ်(၃)ရပ်ကွက်တို့မှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ချစ်ကြည်ရေးအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်(မြန်/ဆက်)**

# ဆွာမြို့ ဘူတာရထားလမ်းကြားရှိ ပလတ်စတစ်အမှိုက်များရှင်းလင်းဆောင်ရွက်သင့်

**ရေတာရှည် မတ် ၁၅**

တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆွာမြို့ ဘူတာရုံမြောက်ဘက်ရထားလမ်းကြားတွင် ပလတ်စတစ်အမှိုက်များမှာ မြင်မကောင်းအောင်ရှုပ်ပွနေသည့်အတွက် ဘူတာရပ်ဝန်းသာယာလှပရေး၊ မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရန် ရှင်းလင်းဆောင်ရွက်သင့်ကြောင်း မြို့ခံများက သုံးသပ်ပြောကြားမှုများရှိနေသည်။ ဘူတာမြောက်ဘက်ရထားလမ်း အနောက်ဘက်ကပ်လျက်ရှိ စည်ပင်သာယာဈေးအတွင်း ရောင်းချသူများ၏ စည်းကမ်းမဲ့အမှိုက်ပစ်မှုများကြောင့် အဆိုပါပလတ်စတစ်အမှိုက်များမှာ ရထားလမ်းဘက်သို့ ပျံ့နှံ့ရောက်ရှိကာ ရထားဖြင့်ခရီးသွားသူများအနေဖြင့် အဆိုပါအမြင်မတင့်တရာအမှိုက်များကိုမြင်တွေ့ရပါက မြို့၏ ပုံရိပ်ကျဆင်းရမည့်အဖြစ်မျိုးအဖြစ်မခံနိုင်ကြောင်း မြို့ခံများက ပြောကြားသည်။ ထို့အတူဆိုင်ကယ်ကယ်ရီပြေးဆွဲသူများမှာ ရထားလမ်းအကြားအထိ စည်းကမ်းမဲ့ဝင်ရောက်နေရာယူမှုများကြောင့် အခြားသောမလိုလားအပ်သည့် ပြဿနာများဖြစ်ပေါ်နိုင်ကြောင်း သုံးသပ်မှုများလည်းရှိသည်။ **ကိုလွင်(ဆွာ)**



# လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၈၀ ထိ ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်မည့်စီမံကိန်းကို မြင်းမူမြို့နယ်မြေဧက ၄၅၀ ပေါ်တွင် လျာထား

**မြင်းမူ မတ် ၁၅**

လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၈၀ ထိ ထုတ်လုပ်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်မည့် စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်ရှိ မြေဧက ၄၅၀ ပေါ်တွင် အမေရိကန်နိုင်ငံအခြေစိုက် Andaman Capital Partners(ACP) ကုမ္ပဏီမှ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လာရောက်ဆွေးနွေးပြီး အကြိုဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးထံမှ သိရသည်။

"လက်ရှိအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်သူများရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အထောက်အကူဖြစ်စေနိုင်မယ့် မြင်းမူမြို့နယ်ရှိ မြေဧက ၄၅၀ ပေါ်မှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၈၀ အထိ ထုတ်လုပ်နိုင်မယ့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်မယ့် စီမံကိန်းကို အမေရိကန်နိုင်ငံအခြေစိုက် Andaman Capital Partners ကုမ္ပဏီက တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ လာရောက်ဆွေးနွေးပြီး Feasibility Study Report လို့ခေါ်တဲ့ အကြိုဖြစ်မြောက်နိုင်စွမ်း လေ့လာတာကို ဆောင်ရွက်နေပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ပြောသည်။

အနာဂတ်ကာလတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များရရှိလာမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန်စွာဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ ဖွဲ့စည်းမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းတို့ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို မုံရွာမြို့တွင် မတ် ၁၄ ရက်က ဖွင့်လှစ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

❒



# သောက်သုံးရေလိုအပ်လျက်ရှိသည့် မုံရွာမြို့နယ် သာယာစုကျေးရွာသို့ သောက်ရေသန့်များဖြန့်ဝေ

**မုံရွာ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ကျောင်းကုန်းကျေးရွာအုပ်စု သာယာစုကျေးရွာတွင် လတ်တလောတွင် သောက်သုံးရေ လိုအပ်နေကြောင်း သိရ၍ မုံရွာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ချို၊ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်စန်းစန်းမြင့်စိန်နှင့် ဝန်ထမ်းများက မတ် ၁၃ ရက်တွင် လီတာ ၂၀ ပါ ရေသန့်ဘူးကြီး ၁၀၀ အား အဆိုပါကျေးရွာသို့ သွားရောက်ဖြန့်ဝေပေးပို့ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကျေးရွာတွင် သောက်သုံးရေလိုအပ်မှုအခြေအနေနှင့် ပတ်သက်၍ ကျေးရွာသားတစ်ဦးက "သာယာစုကျေးရွာမှာ အိမ်ခြေ ၉၅ အိမ်ရှိပါတယ်။ ရွာမှာ စက်ရေတွင်းတွေ တူးဖော်ထားပေမယ့် သောက်သုံးရေအသုံးပြုရန် တပ်ဆင်ထားတဲ့ စက်ရေတွင်း ဒိုင်နမို ပျက်စီးသွားတာကြောင့် လတ်တလောအခြေအနေမှာ သောက်သုံးရေ ပြတ်လပ်ရခြင်းဖြစ်ပါတယ်။ လက်ရှိ သောက်သုံးရေကို ရွာနဲ့ တစ်မိုင်ခန့်ဝေးတဲ့ သာစည်ကျေးရွာမှ သယ်ယူသုံးစွဲနေရပါတယ်။ အခုလို သောက်ရေအခက်အခဲဖြစ်နေတဲ့အချိန်မှာ ရေဘူးတွေ လာရောက်ဖြန့်ဝေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ချိုက သောက်သုံးရေကို စနစ်တကျ ချွေတာသုံးစွဲကြရန်နှင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် အထူးဂရုပြုကြရန်မှာကြားပြီး ဒိုင်နမိုပျက်စီးမှုကို အမြန်ဆုံးပြင်ဆင်နိုင်ရန်အတွက် စက်ရေတွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နွေရာသီရေပြတ်လပ်နိုင်သောကျေးရွာများသို့ သောက်သုံးရေများ သွားရောက်ပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# သံဖြူဇရပ်မြို့နယ်ရှိ ကျေးရွာ၊ ရပ်ကွက်နှင့် ကျောင်းများတွင် စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**သံဖြူဇရပ် မတ် ၁၅**

မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ကျေးရွာ/ရပ်ကွက်နှင့် ကျောင်း စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၃ ရက် နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ သုတကမ္ဘာ e-Library စာကြည့်တိုက်ခန်းမတွင် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာစာကြည့်တိုက်ကော်မတီများ၊ အသင်းဝင်များ တက်ရောက်ကြပြီး ကျုံကဒတ်ကျေးရွာ စာကြည့်တိုက် နာယက မြို့နယ်ပညာရေးမှူး(ငြိမ်း) ဒေါ်ဝင်းကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်အေးအေးသီက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ကျေးရွာ/ ရပ်ကွက် ၁၆ ခုနှင့် အခြေခံပညာအထက်တန်းကျောင်းမှစာကြည့်တိုက် တာဝန်ခံများ စုစုပေါင်း ၃၅ ဦး တက်ရောက်ပြီး စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေးနှင့် ရှင်သန်တိုးတက်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျေးလက်ဒေသများတွင် ခရမ်းချဉ်သီးကို တာရှည်စွာအထားခံရန် သိုလှောင်(ကျင်း)ထား

**မန္တလေး မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ယခုလရာသီ၌ ဟင်းချက်ရန်၊ အသုပ်စုံသုပ်ရန်နှင့် ထောင်းစားရန်တို့အတွက် အဓိကလိုအပ်ချက်ဖြစ်သော ခရမ်းချဉ်သီးကို သိုလှောင်သိမ်းဆည်း(ကျင်း)၍ ထားကြသည်။



ခရမ်းချဉ်သီးများကို တာရှည်စွာစားသုံးနိုင်ရေးအတွက် ကြိုးဖြင့်သီကာ ချိတ်ဆွဲထား(ကျင်း)သည်ကို တွေ့ရစဉ်။

ထိုသို့ ခရမ်းချဉ်သီးများ ရေရှည်ထားစားသုံးနိုင်ရန်အတွက် သိုလှောင်ခြင်းကို ခရမ်းချဉ်သီးကျင်းသည်ဟူ၍လည်း ခေါ်သည်။ မိမိတို့ လယ်ယာမှထွက်သော ခရမ်းချဉ်သီးများကို အခိုင်လိုက်ဆွတ်(ခူး)၍ ကြိုးဖြင့်သီကာ ချိတ်ဆွဲထားကြပြီး ကျင်းကြသည်။ တချို့အရပ်ဒေသများတွင် စင်လုပ်ဝါးကပ်များခင်း၍လည်း ခရမ်းချဉ်သီးများထားရှိကာ ကျင်းကြသည်။

ကြိုးဖြင့်အခိုင်လိုက်တွဲကာ ကျင်း၍ထားခြင်းက ပို၍ ရေရှည်အထားခံသည်ဟု သိရသည်။ ထိုသို့ ခရမ်းချဉ်သီးကျင်းရန်အတွက် တောင်သူများမှာ ခရမ်းချဉ်ကို တန်ဆောင်မုန်းလတွင် စိုက်ပျိုးကြပြီး တပို့တွဲ၊ တပေါင်းလများတွင် အသီးရရှိဆွတ်ခူးကြသည်။ ခရမ်းချဉ်သီး(အစိမ်း) အသီးရင့်များကိုသာ ဆွတ်၍ ကျင်းကြသည်။ သို့မှသာ ရေရှည်အထားခံသည်။ ခရမ်းချဉ်သီးမစိုက်ပျိုးသော တောင်သူများမှာလည်း ခရမ်းချဉ်သီးကျင်းရန်အတွက် ဈေးသက်သာပြီး ခရမ်းချဉ်သီးပေါသော အချိန်တွင် မိမိတို့အိမ်အတွက်လိုအပ်မည့် အချိန်ပိသာကိုတွက်ကာဝယ်ယူ၍ ကျင်းကြသည်။

ယခုကဲ့သို့ ခရမ်းချဉ်သီးများကို ကျင်း၍ထားခြင်းကြောင့် တောင်သူများ မိုးဦးကျရာသီ လယ်ယာလုပ်ငန်းများပြားပြီး အလုပ်ရှုပ်သော အချိန်တွင် ဈေးသို့သွားဝယ်ရန်မလိုဘဲ အဆင်သင့်ချက်ပြုတ်နိုင်သကဲ့သို့ ဈေးကြီးပေးဝယ်ရခြင်းမှလည်း ကင်းဝေးစေသည်။ ခရမ်းချဉ်သီးကိုကျင်း၍ထားပြီး ချက်ပြုတ်သော်လည်း မူလအရသာမပျက်ဘဲ ထောင်းစားပါက အရသာထူးကဲကာ ပိုလေးသည်ဟု သိရသည်။

အခိုင်လိုက်ကြိုးဖြင့်ချည်ကာ နေရာအမြင့်တန်းများတွင် ချိတ်ဆွဲ၍ ကျင်းကြသည်။ ရမည်းသင်းမြို့နယ်အတွင်း ကျေးလက်ဒေသများတွင် ခရမ်းချဉ်သီးကို ဝါဆို၊ ဝါခေါင်လတို့အထိ စားသုံးနိုင်ရန်ကျင်း၍ ထားကြပြီး ယခုကဲ့သို့ ကျင်းထားကြခြင်းမှာ ရှေးယခင်ကပင် ပြုလုပ်ကြခြင်းဖြစ်သည်ဟု သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**



# ထန်းတပင်မြို့နယ်၌ ကွန်ပျူတာအခြေခံ အသုံးပြုနည်းသင်တန်းဖွင့်

**ရန်ကုန် မေ ၁၅**

နွေရာသီကျောင်းပိတ်ရက်အတွင်း ကလေးငယ်များ ကွန်ပျူတာအခြေခံနှင့် တက်ဘလက်အသုံးပြုနည်းပညာများ တတ်မြောက်လာစေရန်ရည်ရွယ်၍ မေ ၁၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကွန်ပျူတာအခြေခံသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ပြည်သူ့စာကြည့်တိုက်မှ စာရေးဝန်ထမ်း ဦးဇင်မင်းထိုက်နှင့် မင်္ဂလာဒုံ ပြည်သူ့စာကြည့်တိုက်မှ အငယ်တန်းစာရေးဦးဟိန်းဝင်းကိုတို့က ကွန်ပျူတာအခြေခံအသုံးပြုနည်းများ၊ ဂိမ်းများ၊ တက်ဘလက် အသုံးပြုနည်းများကို သင်ကြားပေးခဲ့ပြီး ထန်းတပင်မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်အိသင်းထိုက်က ကြီးမှူး၍ ကြီးကြပ်သင်ကြားပေးခဲ့သည်။

အဆိုပါ ကွန်ပျူတာအခြေခံသင်တန်းကို မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်ဖြစ်သော လေးတန်းမှ ရှစ်တန်း ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး မတ် ၁၄ ရက်မှ ၁၈ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အိသင်းထိုက်(ထန်းတပင်)**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# ကျောင်းကြော်ငြာရိုက်ကူးရန် ရွေးချယ်ခံရတဲ့ ဟန်သီ

***အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ New York Film Academy တွင် အနုပညာဆိုင်ရာပညာရပ်များ သင်ယူလျက်ရှိသော ဟန်သီသည် ကျောင်းကြော်ငြာရိုက်ကူးရေးအတွက် ရွေးချယ်ခံခဲ့ရကာ ဟန်သီနှင့် ဆက်သွယ်မေးမြန်းမှုကို ကြေးမုံပရိသတ်များအတွက် မျှဝေဖော်ပြလိုက်ရပါသည်-***

### ကျောင်းကြော်ငြာရိုက်ကူးရေးအတွက် ဟန်သီရွေးချယ်ခံရတယ်နော်

New York Film Academy ကျောင်းကြော်ငြာမရိုက်ဖြစ်တာ နှစ်အတော်ကြာပြီ။ အခုဟန်သီတက်တဲ့နှစ်မှ စပြီးပြန်ရိုက်ဖြစ်တာပါ။

### ဟန်သီကို ဘယ်လိုရွေးချယ်ခဲ့တာလဲ

Acting Major မှာတက်တဲ့ နိုင်ငံပေါင်းစုံက ကျောင်းသားတွေကြားထဲက ဟန်သီကို ကျောင်းကဆရာတွေနဲ့ ကျောင်းပိုင်ရှင်ကိုယ်တိုင်ရွေးတာပါ။ ရိုက်တဲ့နေ့ကလည်း ပိုင်ရှင်ကိုယ်တိုင်လာကြည့်ပြီး ဓာတ်ပုံတိုင်းကို သဘောကျတယ်ပြောပါတယ်။

### ရိုက်ကူးမှုကိုလည်း ပြောပါဦး

ဓာတ်ပုံဆရာကလည်း ကျောင်းကနာမည်အကြီးဆုံး နာမည်ကျော်မဂ္ဂဇင်းကာဗာတွေ ရိုက်တဲ့ဆရာပါ။ ကင်မရာ lighting တွေလည်း ကောင်းတယ်။ တစ်ခါရိုက်ရင် ငါးမိနစ်လောက်ဆက်တိုက် Nonstop ရိုက်တယ်။

### ဒီလိုရိုက်ခွင့်ရတဲ့အတွက် ဟန်သီရဲ့ခံစားမှုကရော

ဟန်သီကတော့ အရမ်းပျော်လို့ ကင်မရာရှေ့ကတောင်မခွာချင်ဘူး။ မျက်နှာအနီးကပ် အဖြူ အမည်းစတိုင်ရိုက်တာပါ။ ဧပြီလကစပြီး တစ်ကမ္ဘာလုံးမှာရှိတဲ့ ကျောင်းတွေ၊ ကားတွေမှာကြော်ငြာမယ်ပြောပါတယ်။ ဟန်သီနာမည်လည်း ထိုးပေးမယ်ပြောပါတယ်။

### ကျောင်းမှာ သင်ယူမှုအခြေအနေကရော

ဒီမှာဟန်သီ အကောင်းဆုံးကြိုးစားသင်ယူနေပါတယ်။ ဒုတိယနှစ်ဝက်စာမေးပွဲဖြေတာ ဘာသာရပ် ၁၁ ခုမှာ ၁၀ ခုက အမှတ်အမြင့်ဆုံး A ရပြီး စုံတွဲလုပ်ရတဲ့ဘာသာရပ် တစ်ခုကတော့ B* ရပါတယ်။

### မြန်မာပြည်ပြန်ရောက်ရင် ဘာတွေလုပ်ဖြစ်မလဲ

ဟန်သီဇွန်လဆန်းပြန်လာရင် အနုပညာနဲ့ပတ်သက်တဲ့ အလုပ်တွေလုပ်ချင်ပါတယ်။ မြန်မာပြည်မှာတစ်ခါမှ မရိုက်ဖူးသေးတဲ့ ဟန်သီနဲ့လိုက်ဖက်မယ့် ဇာတ်လမ်းကောင်းလေးတွေ သရုပ်ဆောင်ချင်ပါတယ်။

### ပရိသတ်တွေအတွက် စကားလက်ဆောင်ကရော

ပရိသတ်ကြီးကလည်း ဟန်သီကို များများအားပေးကြပါ။ ပရိသတ်တွေအားလုံးလည်း ဟန်သီနဲ့ထပ်တူ ကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

**(မင်းလုသား)**



# ရုပ်ရှင်ဇာတ်ကားကြီး အခမဲ့ကြည့်ရှုခွင့်ရမည်

ကြေးမုံသတင်းစာကို အစဉ်အမြဲ ဖတ်ရှုအားပေးနေကြသည့် ပရိသတ်ကြီး၏ မေတ္တာကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ဧပြီ ၁ ရက်တွင် Mega Ace အဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် Batman vs Superman ရုပ်ရှင်ဇာတ်ကားကြီးအား အခမဲ့ကြည့်ရှုရမည့်အခွင့်အရေးကို ဖော်ပြလိုက်သည်။




ထိုထူးခြားသည့် အစီအစဉ်တွင် ပါဝင်လိုသည့် ပရိသတ်များသည် Batman vs Superman ရုပ်ရှင်ဇာတ်ကားနမူနာကို www. facebook. com/megaacecineplex တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မေးခွန်းများကို ဖြေဆိုမည်ဖြစ်သည်။

မေးခွန်းနံပါတ်(၁)မှာ Batman vs Superman ရုပ်ရှင်ဇာတ်လမ်းတွင် ပါဝင်ထားသည့် သရုပ်ဆောင်တစ်ဦး၏အမည်နှင့် နံပါတ်(၂)မေးခွန်းမှာ Mega Ace Cineplex တွင် ရုပ်ရှင်ကြည့်ရသည့် ခံစားမှုအား ကြိုက်နှစ်သက်သည်ဆိုလျှင် နှစ်သက်ရသော အကြောင်းအရင်း တို့ကို စာလုံးရေ ၂၀ ထက်မပိုဘဲ ရေးသားဖြေဆိုပြီး marketing.megaace@gmail.com သို့ လိပ်မူ၍ မိမိတို့၏ အမည်၊ နေရပ် လိပ်စာ၊ မှတ်ပုံတင်နှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို အပြည့်အစုံရေးသားပေးပို့ရမည်ဖြစ်သည်။

ဖြေဆိုရမည့် ကာလမှာ မတ် ၁၇ ရက်မှ မတ် ၃၁ ရက်အတွင်း ဖြစ်သည်။

မှန်ကန်စွာဖြေဆိုနိုင်သူများမှ ပထမဆုံးဖြေဆိုသူ ငါးဦးကို အမှတ်တရအနေနှင့် တစ်ဦးလျှင် အခမဲ့ရုပ်ရှင်ကြည့်ရှုခွင့် လက်မှတ်နှစ်စောင်နှင့်အတူ i phone6 cover တစ်ခုစီကိုလည်း မေတ္တာလက်ဆောင်ပေးအပ်သွားမှာဖြစ်သည်။ ထို့အပြင် နောက်ထပ်ကံထူးသူ (၂၀) ဦးကိုလည်း တစ်ဦးလျှင် အခမဲ့ရုပ်ရှင်ကြည့်ခွင့်လက်မှတ် နှစ်စောင်စီပေးအပ်သွားမှာဖြစ်သည်။

ရွေးချယ်ခံရသူများစာရင်းကိုလည်း Mega Ace ရုပ်ရှင်ရုံများ၏ facebook စာမျက်နှာများတွင် ဖော်ပြပေးသွားမှာဖြစ်သည့်အပြင် မိမိတို့ပေးထားသည့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ဆက်သွယ်ခေါ်ဆို၍လည်း အကြောင်းကြားပေးသွားမှာဖြစ်သည်။

အကယ်၍ ကံထူးခဲ့မည်ဆိုလျှင် ရုပ်ရှင်အခမဲ့ကြည့်ခွင့် လက်မှတ်များကို မိမိတို့ မှတ်ပုံတင်ကတ်ပြားများပြ၍ Mega Ace ရုပ်ရှင်ရုံများဖြစ်သော ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြရတနာရုပ်ရှင်ရုံ ဖုန်း-၀၁-၅၅၆၇၈၂၊ တာမွေမြို့နယ်ရှိ ရွှေဗဟိုရုပ်ရှင်ရုံ ဖုန်း -၀၁- ၅၅၄၃၈၃နှင့် မန္တလေးမြို့ရှိ မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံ ဖုန်း ၀၂-၆၀၃၆၅ တို့သို့ ဆက်သွယ်ပြီး လက်မှတ်များ ထုတ်ယူနိုင်ကြောင်း သိရသည်။ **(သီသီမင်း)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၆ - ၃ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၉း၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
- ၁၀း၃၅ အောင်မြင်သူနှင့်အတူ
- ၁၁း၁၅ "လောကကိုအလှဆင်သူများ"
- ၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၁၂)
- ၁း၄၀ မဟာဂီတ "တပေါင်းလ"
- ၂း၀၀ "ကျေးဇူးကြီးလှမိနှင့်ဖ"
- ၂း၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၃း၁၅ "တိုင်းရင်းသားအရေးဦးစားပေး သွေးစည်းစေလို(စစ်ကိုင်း) ဖွံ့ဖြိုးရေးတက္ကသိုလ်"
- ၃း၄၅ AFC Cup 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရောဝတီယူနိုက်တက်(မြန်မာ) နှင့် JSW Mengaluru)
- ၆း၂၀ Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
- ၆း၄၀ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ယတြာ" (ကောင်းစံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကိုသိန်းစိုး)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း-၂၃)
- ၈း၃၅ "လူငယ်လူရွယ်များ ကျန်းမာဖွံ့ဖြိုးရေးဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး"
- ၉း၀၀ ပြည်တွင်းသတင်း
  - -နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၁၃)
  - -မှတ်မှတ်သားသားပုံပြင်များ "ရေစစ်ကရား" (ဘလိတ်၊ ဝိလျံထွန်း၊ ထူးမြတ်) (ဒါရိုက်တာ-သီတာလင်း)
  - -အစီအစဉ်ပြီး၏။

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့်
  - -မိုးလေဝသအစီအစဉ်
  - -တေးဂီတအစီအစဉ်
- ၆း၂၀ ပြည်သူ့နီတိ "အလင်းရောင်"
- ၆း၄၀ တေးဂီတအစီအစဉ်
- ၇း၀၀ ကိုရီးယားဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုစ္ဆာ" (အပိုင်း-၂)
- ၇း၅၀၈ ကိုရီးယားဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၂)
- ၈း၃၀ ကာတွန်းအစီအစဉ် "BEN 10 ALIEN FORCE (Part-XII)"
- ၉း၀၀ တေးဂီတအစီအစဉ်
- ၉း၁၀ ပခန်းနတ်ပွဲ (အပိုင်း-၁)
- ၉း၄၀ တေးဂီတအစီအစဉ်
- ၉း၅၀ English Premier League Review (အပိုင်း-၁)
- ၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "ဝိညာဉ်လိပ်ပြာ"

*ည(၀၈း၀၀) - Live: AFC Cup 2016 "Mohum Bagan AC Vs Yangon United"

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၄၀ "ပဋိစ္စသမုပ္ပါဒ် ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း"တရားတော် (အပိုင်း-၁)[ပါမောက္ခချုပ် ဆရာတော်ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ]
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၁၁း၂၀ ဟင်းချက်ရအောင်
- ၁၁း၄၀ MRTV-4 Stage
- ၁၂း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၃၄)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၄၁)
- ၃း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၃)
- ၄း၀၅ Cartoon Series (Welcome To Sky Ville)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၄၂)
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၃)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၃၅)
- ၁၀း၂၀ Let's Talk
- ၁၁း၂၅ World of Knowledge (Doomsday Preppers : Friends Can Become Enemies)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၁ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၀ မျိုးချစ်တပ်မတော်
- ၆း၃၅ မှတ်တမ်း
- ၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၇း၂၅ သင့်အတွက်တစ်နေ့တာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၃၅ ဇာတ်လမ်းတို
- ၈း၄၅ မြဝတီနေ့စဉ်သတင်း
- ၈း၅၀ သူနှင့်သူ၏သီချင်းများ
- ၉း၀၀ စာပေအလင်းစာပေသတင်း
- ၄း၀၈ မျိုးချစ်တပ်မတော်
- ၄း၁၅ လျှပ်တစ်ပြက်
- ၄း၂၅ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ရှေးဟောင်းသုတ
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၅ ပန်းကလေးများပွင့်တော့မည်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အယ်ဒါနာ အပိုင်း(၇)
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ Meet Whith The Celebrities
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၁၁)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - -အမျိုးသားရေးတေးကဗျာ
  - -ဒို့တာဝန်အရေး(၃)ပါး
  - -နိုင်ငံတကာသတင်း
  - -မိုးလေဝသသတင်း
  - -ရယ်စရာပျော်စရာဟာသကမ္ဘာ
  - -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - -မြဝတီရုပ်မြင်သံကြားသတင်း
  - -(၇၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် ငါတို့သည် (ပထမပိုင်း) ထွန်းထွန်းဝင်း၊ လွင်ဖုန်းအောင်၊ ပေါ်လေး၊ ဇော်ဝင်းမောင်၊ ငွေမိုး၊ သူရဇ္ဇ၊သိင်္ဂီထွန်းနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-မိုးဇော်ကို

## ချန်ပီယံလိဂ်သတင်းများ

CHAMPIONS LEAGUE

# ဘိုင်ယန်မြူးနစ်သာ ကွာတားဖိုင်နယ်တက်ရောက်နိုင်မည်

ဘိုင်ယန်မြူးနစ်အသင်းခေါင်းဆောင် ဖိလစ်လမ်းက ဂျူဗင်တပ်အသင်းမှာ ဘိုင်ယန်အတွက် ခက်ခဲသည့်ပြိုင်ဘက်ဖြစ်သည်မှန်သော်လည်း ဘိုင်ယန်သာလျှင် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားလိုက်သည်။ ဂျူဗင်တပ်မှာ အုပ်စုအဆင့်တွင် ဒုတိယနေရာဖြင့်သာ ၁၆ သင်းအဆင့်သို့ တက်ရောက်လာနိုင်ခဲ့သောကြောင့် ဂျာမနီထိပ်သီးဘိုင်ယန်နှင့် စောစောစီးစီး တွေ့ဆုံနေရခြင်းဖြစ်သည်။ ပထမအကျော့ပွဲစဉ်တွင် ဘိုင်ယန်နှင့်ဂျူဗင်တို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး ဘိုင်ယန်မှာ အဝေးဂိုးနှစ်ဂိုးရရှိထားသောကြောင့် ယင်းသွင်းဂိုးများက နောက်တစ်ဆင့်တက်ရောက်ရန် အကောင်းဆုံးအလားအလာကို ပိုင်ဆိုင်စေခြင်းပင်ဖြစ်ကြောင်း ဖိလစ်လမ်းက ယုံကြည်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပထမအကျော့တွင် ဂျူဗင်တပ်၏ အိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရသော်လည်း ပြိုင်ဘက်အသင်းထက် ခြေစွမ်းပိုင်း ပိုမိုသာလွန်ခဲ့ကာ မူလာနှင့် ရော်ဘင်တို့၏ သွင်းဂိုးနှစ်ဂိုးအရင်သွင်းယူနိုင်ခဲ့ပြီးနောက် နောက်တန်းအမှားမှတစ်ဆင့် ချေပဂိုးများပြန်လည်ပေးခဲ့ရခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ပြီးခဲ့သည့် လေးရာသီဆက်တိုက် အနိမ့်ဆုံးအဆင့်အနေဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်၌ ချန်ပီယံအဖြစ်အောင်ပွဲခံနိုင်ခဲ့သည်။ ထို့ပြင် ဖိလစ်လမ်းက ဘွန်ဒက်စ်လီဂါကလပ်ဝုဖ်ဘတ်အသင်း ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခြင်းကလည်း ဂျာမနီဘောလုံးလောကအတွက် အပေါင်းလက္ခဏာဆောင်သည့် ကိစ္စရပ်ဖြစ်ကြောင်းလည်း တစ်ဆက်တည်းပင်ပြောကြားလိုက်သည်။ ဘိုင်ယန်အသင်းသည် ဘွန်ဒက်စ်လီဂါ အမှတ်ပေးဇယားထိပ်ကို ရမှတ်ငါးမှတ်ဖြတ်၍ ဦးဆောင်နေသကဲ့သို့ ဂျူဗင်တပ်သည်လည်း စီးရီးအေတွင် (၁၉) ပွဲဆက်တိုက်ရှုံးပွဲမရှိအောင် ကစားထားနိုင်သည့်အသင်းဖြစ်သည်။ လမ်းကမူ မြူးနစ်မြို့၌ယှဉ်ပြိုင်ရမည့် ယခုပွဲစဉ်မှာ ဘိုင်ယန်အတွက် အစမ်းသပ်ခံမည့် ခက်ခဲသည့်ပွဲစဉ်တစ်ပွဲဖြစ်လာမည်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

## နျူးကမ့်ကွင်းတွင် အာဆင်နယ်မထင်မှတ်သည်များ လုပ်ပြလိမ့်မည်ဟု ဗာမေလန်ယုံကြည်

အာဆင်နယ်အသင်းသည် နျူးကမ့်ကွင်းတွင် လာရောက်ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ်ဒုတိယအကျော့ ပွဲစဉ်၌ မထင်မှတ်သည်များကို လုပ်ဆောင်ပြနိုင်သဖြင့် ဘာစီလိုနာဘက်မှ ပွဲချိန်ပြည့်အာရုံစူးစိုက်ထားရန်လိုကြောင်း ဘာစီလိုနာနောက်ခံလူ ဗာမေလန်က ဆိုခဲ့သည်။ အာဆင်နယ်သည် ၂၀၁၀ ခုနှစ်တွင် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်သို့ နောက်ဆုံးတက်ရောက်နိုင်ခဲ့ပြီးနောက် ငါးနှစ်ဆက်တိုက် ၁၆သင်းအဆင့်မှပင် လှည့်ပြန်ခဲ့ရသည်။ မက်ဆီ၏ သွင်းဂိုးနှစ်ဂိုးကြောင့် အာဆင်နယ်မှာ အိမ်ကွင်း၌ပင် နှစ်ဂိုးပြတ်ဖြင့်အရေးနိမ့်ခဲ့ခြင်းကြောင့် အာဆင်နယ် ပြန်မလာနိုင်တော့ဟူသော ခန့်မှန်းချက်များလည်းရှိနေသည်။

သို့သော် ဗာမေလန်က သူ၏အသင်းဟောင်းအာဆင်နယ်တွင် နည်းစနစ်ကျွမ်းကျင်သည့် ကစားသမားကောင်းများစွာရှိနေသလို မြန်နှုန်းမြင့်တိုးအားကောင်းသည့်ကစားသမားများလည်းရှိနေသဖြင့် အာဆင်နယ်ကို လျှော့မတွက်သင့်ကြောင်း သူ၏အသင်းဖော်များအား သတိပေးခဲ့သည်။ ဗာမေလန်သည် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် အာဆင်နယ်မှ ဘာစီလိုနာသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ "နှစ်ဂိုးအသာဆိုတာက သိပ်ပြီးကြီးမားတဲ့ ကွာဟချက်တော့မဟုတ်ပါဘူး။ ဒါကြောင့် အာဆင်နယ်အသင်းပြိုင်ပွဲက ထွက်ခွာသွားရမယ့် အနေအထားလို့ ယတိပြတ်ပြောမရသေးပါဘူး။ ပွဲကစားချိန်အတွင်း အာရုံအပြည့်အဝစိုက်ဖို့တော့ လိုအပ်ပါတယ်" ဟု ဗာမေလန်က ဆိုလိုက်သည်။

အာဆင်နယ်နောက်ခံလူမာတီဆက်ကာကမူ ဖြစ်နိုင်သမျှထဲမှ အကောင်းဆုံးသော ရလဒ်တစ်ခုကို ဆုပ်ကိုင်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး ပရိသတ်များကျေနပ်စေမည့် ရလဒ်တစ်ခုကို ဆောင်ကြဉ်းပေးနိုင်ရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။ အာဆင်နယ်အနေဖြင့် အကောင်းဆုံးတုံ့ပြန်မှုကိုပြသရန် တိုက်စစ်ဖွင့်ကစားမည်ဖြစ်ပြီး တိုက်စစ်နေရာအတွက် ဝဲလ်ဘတ်နှင့် ဝဲလ်ကော့တို့နှစ်ဦးအား အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**(မေလှဲ့သင်း)**

# ကစားသမားဘဝကနေ နည်းပြလမ်းကြောင်းပေါ်သို့ ရောက်လာတော့မှာလား ဂျွန်တယ်ရီ



ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီဟာ အသက်အရွယ်အားဖြင့် တွက်ဆမယ်ဆိုရင် ၃၅ နှစ်ထဲကို ရောက်ရှိလို့နေပါပြီ။ အဲဒီအသက်အရွယ်ဆိုရင် ကစားသမား ဘဝကနေ အနားယူသင့်တဲ့အချိန်ဖြစ်ပေမယ့် ချယ်လ်ဆီးအသင်းအတွက် အသုံးတည့်နေတာမို့ ချယ်လ်ဆီးအသင်းခေါင်းဆောင်အဖြစ်နဲ့ အချိန်ကြာမြင့်စွာရှိနေခဲ့ရသူပါ။

လက်ရှိမှာ ချယ်လ်ဆီးအသင်းနဲ့ စာချုပ်သက်တမ်းဟာလည်း ရာသီကုန်မှာ ကုန်ဆုံးတော့မှာဖြစ်လို့ ချယ်လ်ဆီးအသင်းကနေထွက်ခွာကာ နည်းပြဘဝသို့ တစ်မုဟုတ်ချင်းဆိုသလို ပြောင်းလဲသွားဖို့ ဆန္ဒပြင်းပြနေခဲ့သူပါ။ အဲဒီလို နည်းပြဘဝကို တောင့်တနေတဲ့ ဂျွန်တယ်ရီကို မိတ်ဆွေတစ်ဦးဖြစ်တဲ့ ဒိန်းမတ်ကလပ် ဘရွန်ဘိုင်အသင်းပိုင်ရှင် ဂျန်ဘက်ချ်အန်ဒါဆန်က နည်းပြအဖြစ်နဲ့ သူ့ရဲ့အသင်းကို ပြောင်းရွှေ့လာဖို့ ကမ်းလှမ်းထားခဲ့ပါတယ်။

ဘရွန်ဘိုင်အသင်းဟာ ပြီးခဲ့တဲ့တစ်ပတ်အတွင်းက အသင်းပိုင်ရှင်နဲ့ အဆင်မပြေဖြစ်ခဲ့တဲ့ နည်းပြသောမက်ဖရန့်ခ် ထွက်ခွာသွားခဲ့ပြီးတဲ့နောက် ယာယီနည်းပြအဖြစ် စကာဘာလူးဝစ်ကို ခန့်အပ်ထားခဲ့ပါတယ်။ ဒါကြောင့် ယာယီနည်းပြအဖြစ်ခန့်အပ်ထားတဲ့ စကာဘာလူးဝစ်ကို အသင်းနည်းပြအဖြစ်ကနေ ရာသီကုန်မှာ အနားပေးမှာမို့ ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီကို ဒိန်းမတ်မြေသို့လာရောက်ရန် ဖိတ်ခေါ်ဖို့ စီစဉ်ထားခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဂျွန်တယ်ရီအနေနဲ့ လက်ခံမယ်ဆိုရင် ကစားသမားဘဝကနေ အနားယူချိန်မှာ နည်းပြအဖြစ်သို့ ရောက်ရှိသွားမယ်လို့ ယူဆထားကြတာပါ။

ဒါပေမယ့် ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီအနေနဲ့ စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဆက်နေမယ်လို့ ဝန်ခံခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းမှာ ဆက်ရှိဖို့ဆိုတာတော့ မသေချာတော့သည့် အနေအထားတစ်ရပ်လို့လည်း သတင်းတွေက ဖော်ပြထားကြပါတယ်။

ဂျွန်တယ်ရီဟာ လူငယ်ကစားသမားဘဝနဲ့ ဝက်စ်ဟမ်းအသင်းမှာ ကစားခဲ့သလို ချယ်လ်ဆီးလူငယ်အသင်းမှာလည်း ကစားခဲ့ဖူးသူပါ။ ပထမအသင်းကြီးမှာ ကစားခဲ့တဲ့အသင်းကတော့ ချယ်လ်ဆီးအသင်းတစ်သင်းတည်းသာရှိခဲ့ပြီး ချယ်လ်ဆီးအသင်းမှာ ၁၉၉၈ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ၁၈ နှစ်ကြာ ကစားခဲ့သူလည်းဖြစ်တယ်။ ချယ်လ်ဆီးအသင်းမှာ ကစားစဉ်ကာလအတွင်း နောက်တန်းသမားတစ်ဦးဖြစ်ပေမယ့် သွင်းဂိုး ၄၀ အထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။

လက်ရှိမှာတော့အသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်လို့ အခြားကလပ်အသင်းကို ပြောင်းဖို့ စီစဉ်နေပြီး ကစားသမားဘဝနဲ့ အသင်းပြောင်းမှာလား ဒါမှမဟုတ် နည်းပြဘဝနဲ့ပဲ အသင်းပြောင်းမှာလားဆိုတာတော့ စောင့်ကြည့်ရဦးမယ့် အနေအထားတစ်ရပ်လို့ ဆိုရမှာပါ။

**(ငွေကြယ်)**

### ဂီတာဖေး-အီဘား နံနက် ၂း၀၀ (၁၉-၃-၁၆)

တန်းဆင်းဇုန်က အသင်းတွေနဲ့အမှတ်ကွာဟမှု ကျဉ်းမြောင်းနေတဲ့ ဂီတာဖေးဟာ တန်းမဆင်းရဖို့အတွက် နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေပေမယ့်လည်း ခြေစွမ်းပိုင်းကအားနည်းမှုတွေ များလွန်းနေပါတယ်။ ဒါပေမယ့် အီဘားကလည်း ခြေပျက်ယွင်းနေကာ ဂီတာဖေးရဲ့အိမ်ကွင်းလည်းဖြစ်နေပါတယ်။ တန်းမဆင်းရဖို့အားစိုက်ကစားလာမယ့် ဂီတာဖေးကသာ ကပ်နိုင်သွားနိုင်တယ်။

### ဂီဂျွန်-အက်သလက် ည ၉း၃၀ (၁၉-၃-၁၆)

အက်သလက်တီကိုဟာ ဒီပွဲမတိုင်ခင်မှာချန်ပီယံလိဂ် ပွဲစဉ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဒါပေမယ့် အက်သလက်တီကိုရဲ့ခြေက အခုနောက်ပိုင်းမှာ တောက်လျှောက်ကောင်းမွန်နေသလို တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ ဂီဂျွန်ကတော့ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေပေမယ့်လည်း ခြေစွမ်းပိုင်းက ပျက်ယွင်းနေပါတယ်။ ဂီဂျွန်တို့ အိမ်ကွင်းမှာကစားရမှာဖြစ်ပေမယ့်လည်း တိုက်စစ်ပိုင်းအားနည်းမှုတွေကြောင့် အက်သလက်တီကိုကိုတုံ့ပြန်ဖိအားပေးနိုင်ဖို့ ခက်ပါလိမ့်မယ်။ အက်သလက်တီကိုပဲအနိုင်ရမယ်။

### ဆိုစီဒက်-လက်စ်ပဲလ်မက်စ် ည ၁၁း၄၅ (၁၉-၃-၁၆)

တန်းဆင်းဇုန်ထဲကအသင်းတွေနဲ့ အမှတ်ကွာဟမှု သိပ်မရှိတဲ့ လက်စ်ပဲလ်မက်စ်ဟာ တန်းမဆင်းရဖို့ဆိုရင် အမှတ်တွေထပ်မံရယူနိုင်ဖို့ လိုအပ်နေပါသေးတယ်။ ဒါကြောင့် လက်စ်ပဲလ်မက်စ်တို့ပွဲတိုင်းကို အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်းမဆိုးပါဘူး။ အထူးသဖြင့် ခံစစ်ကစားပုံ ကောင်းမွန်လာတာကြောင့် ဆိုစီဒက်ရဲ့ အိမ်ကွင်းအားကို ထိန်းချုပ်နိုင်မှာပါ။ ဆိုစီဒက်ခြေကလည်း အခုနောက်ပိုင်း အနည်းငယ်ကျဆင်းလာတာကို တွေ့ရတယ်။ သရေပွဲပါ။

## ရီးယဲလ်မက်ဒရစ် အနိုင်ယူဖို့ ခက်ခဲနိုင်မယ့်

## စပိန်လာလီဂါရင်ခုန်သံ - ၃၀

LFP

***စပိန်လီဂါပွဲစဉ်(၃၀)ကိုလာမယ့် မတ်လ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဘာစီလိုနာနဲ့ ဗီလာရီးယဲလ်၊ ရီးယဲလ်မက်ဒရစ်နဲ့ ဆီဗီလာတို့ ဆုံတွေ့တဲ့ ပွဲကောင်းတွေပါဝင်နေပြီးလို့ စိတ်ဝင်စားဖို့ကောင်းမွန်နေကာ ဘာစီလိုနာနဲ့ ရီးယဲလ်မက်ဒရစ်တို့ နိုင်ပွဲရယူသွားနိုင်မလားဆိုတာ စောင့်ကြည့်သွားရပါလိမ့်မယ်။***

**ရှိုင်းမင်းမင်း**

### ဂရန်နာဒါ-ဗယ်လက်ကာနို ည ၁၁း၄၅ (၁၉-၃-၁၆)

စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲစဉ်ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ နှစ်သင်းစလုံးဟာတန်းဆင်းရမယ့် အခြေအနေနဲ့ နီးကပ်လွန်းနေတာကြောင့် အခုလိုဘဝတူ အသင်းအချင်းချင်း ဆုံတွေ့ရတဲ့ပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ရေးအတွက် နှစ်သင်းစလုံး အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါကြောင့် ပွဲက အကြိတ်အနယ်ရှိနိုင်သလို နှစ်သင်းစလုံးရဲ့ ခြေစွမ်းကလည်း ကွာဟမှုမရှိတာကြောင့် အပြန်အလှန်ရှိမယ့်ပွဲစဉ်လည်း ဖြစ်လာနိုင်ပါတယ်။ သရေကျဖို့များတဲ့ ပွဲတစ်ပွဲပါပဲ။

### ဒီပို့တီဗို-လီဗန်တေး နံနက် ၂း၀၀ (၂၀-၃-၁၆)

ဒီပို့တီဗိုဟာ နောက်ပိုင်းပွဲတွေမှာ ရလဒ်ပိုင်းအားနည်းမှုတွေနဲ့အတူ တန်းဆင်းဇုန်ကအသင်းတွေနဲ့ အမှတ်ကွာဟမှုကလည်း အနည်းငယ်ကျဉ်းမြောင်းလာတာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ရေးအတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေကာ ပြိုင်ဘက်လီဗန်တေးကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေများလွန်းနေတဲ့အသင်းဖြစ်ပါတယ်။ ခံစစ်ကအစ အားနည်းလွန်းတာကြောင့် အိမ်ရှင်ဒီပို့တီဗိုပဲ အနိုင်ရမယ်။

### ဘတ်တစ်-မာလာဂါ နံနက် ၃း၁၅ (၂၀-၃-၁၆)

မာလာဂါဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ဂီဂျွန်ကို အနိုင်ရရှိခဲ့တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းကတော့ အကောင်းဆုံးပုံစံမှာမရှိသေးပါဘူး။ နောက်ဆုံး ငါးပွဲမှာ အဆိုပါတစ်ပွဲတည်းသာ အနိုင်ရရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ ခံစစ်ကလည်း အဆိုပါပွဲမှာ ဂိုးမပေးခဲ့ရပေမယ့် ဂီဂျွန်ဟာ တိုက်စစ်ပိုင်းအားနည်းတဲ့အသင်းဖြစ်ပြီး ကျန်ပွဲတွေမှာတော့ မာလာဂါခံစစ်ကပွဲတိုင်းနီးပါး ဂိုးတွေပေးခဲ့ရတာ တွေ့ရပါတယ်။ ဘတ်တစ်ကတော့ အိမ်ကွင်းဖြစ်သလို ခြေစွမ်းလည်းကောင်းနေပါတယ်။ ဘတ်တစ်ကသာကပ်နိုင်သွားမှာပါ။

### အက်စ်ပန်ညို-ဘီဘာအို ညနေ ၅း၃၀ (၂၀-၃-၁၆)

ဘီဘာအိုဟာ ခြေစွမ်းပိုင်းကောင်းမွန်နေသလို ဥရောပဝင်ခွင့်ရယူနိုင်ခြေလည်းရှိနေတာကြောင့် ပွဲတိုင်းကို အာရုံစိုက်ကစားနေပါတယ်။ ဒီပွဲစဉ်မှာလည်း ဘီဘာအိုတို့ နိုင်ပွဲရယူနိုင်ရေးအတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့် ဘီဘာအိုဟာ ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ်ပွဲစဉ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒီ့အပြင် အက်စ်ပန်ညိုကလည်းခြေစွမ်းပိုင်းကောင်းမွန်ကာ အိမ်ကွင်းအားလည်း ရှိနေတာကြောင့် ဘီဘာအိုတို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။ ဘီဘာအိုကပ်ပြီးသာနိုင်မယ်။

### ဗီလာရီးယဲလ်-ဘာစီလိုနာ ည ၉း၃၀ (၂၀-၃-၁၆)

ဘာစီလိုနာဟာ ဒီပွဲမတိုင်ခင်မှာအာဆင်နယ်နဲ့ ချန်ပီယံလိဂ် ပွဲစဉ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဗီလာရီးယဲလ်ကတော့ လက်ရှိခြေစွမ်းပိုင်းကောင်းမွန်နေကာ အိမ်ကွင်းလည်းဖြစ်တာကြောင့် အမှတ်ခွဲယူနိုင်ရေးအတွက် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါပေမယ့် ဗီလာရီးယဲလ်ကလည်း ဒီပွဲမတိုင်ခင်မှာ လေဗာကူဆင်နဲ့ ယူရိုပါလိဂ်အဝေးကွင်းပွဲကစားခဲ့ရလို့ ပွဲပန်းနေနိုင်ပါတယ်။ ဘာစီလိုနာကသာ နှစ်ဂိုးအသာနဲ့ အနိုင်ရသွားမှာပါ။

### ဗလင်စီယာ-ဆယ်လ်တာဗီဂို ည ၁၁း၄၅(၂၀-၃-၁၆)

ဗလင်စီယာဟာ အခုနောက်ပိုင်းလာလီဂါပြိုင်ပွဲအတွင်း ခြေစွမ်းပိုင်းအနည်းငယ်တိုးတက်လာပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ ဗလင်စီယာတို့ ဒီပွဲမှာလည်း အားစိုက်ကစားလာမှာပါ။ ဒါပေမယ့် ဗလင်စီယာဟာ ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ်ပွဲစဉ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒီ့အပြင် ဆယ်လ်တာဗီဂိုကလည်းဥရောပဝင်ခွင့်ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေတာကြောင့် ဗလင်စီယာကိုတုံ့ပြန်ကစားသွားနိုင်မှာပါ။ ဗလင်စီယာသရေလောက်ပဲကစားနိုင်မယ်။

### ရီးယဲလ်မက်ဒရစ်-ဆီဗီလာ နံနက် ၂း၀၀ (၂၁-၃-၁၆)

ရီးယဲလ်မက်ဒရစ်ဟာ ဘာစီလိုနာနဲ့အက်သလက်တီကိုတို့ကို ဖိအားပေးနိုင်ဖို့အတွက် ဒီအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာပါ။ ရီးယဲလ်မက်ဒရစ်အနေနဲ့ အိမ်ကွင်းပွဲတွေမှာလည်း ခြေကပိုကောင်းတတ်ကာ ဘေးလ်ပြန်ကစားလာနိုင်တာကြောင့်လည်း တိုက်စစ်ပိုင်းက ထက်မြက်လာပါတယ်။ ဒီပွဲမတိုင်ခင်မှာလည်း ကြားပွဲကစားခဲ့ရမှာမဟုတ်လို့ ရီးယဲလ်တို့ ခြေကုန်ထုတ်လာနိုင်မှာပါ။ ဆီဗီလာကတော့ ခြေစွမ်းမဆိုးပေမယ့် ယူရိုပါလိဂ်ပွဲကြောင့် ပွဲပန်းလာနိုင်ပါတယ်။ ရီးယဲလ်ကသာ အိမ်ကွင်းမှာနိုင်ပွဲရယူသွားနိုင်မှာပါ။

# ကျိုက်မော်ဝန်းရေလယ်စေတီတော်(၁၀၆)ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ကျောက်တန်း မတ် ၁၅**

ရန်ကုန်(တောင်ပိုင်း)ခရိုင် ကျောက်တန်းမြို့၏ ကျက်သရေဆောင်ရှေးဟောင်းသမိုင်းဝင်ကျိုက်မော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး၏(၁၀၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ရေလယ်ဘုရားလမ်း ဘုရားပွဲတော်မုခ်ဦး၌ တပေါင်းလဆန်း ၇ ရက် မတ် ၁၅ ရက် နံနက် ၈ နာရီတွင် မတ် ၂၃ ရက် တပေါင်းလပြည့် နေ့အထိဗုဒ္ဓပူဇာ ဓမ္မပူဇာသံဃာ့ပူဇာအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ရှေးဟောင်းသမိုင်းဝင်ကျိုက်မော်ဝန်းရေလယ်စေတီ တော်သည် ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်ကာလပါဒမင်း များလက်ထက်ကပင် မော်ဝန်းမြစ်၏ရေလယ်ကျောက် ကျွန်းပေါ်တွင် စတင်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ် သည်။ နှစ်ပရိစ္ဆေဒကြာမြင့်လာသည်နှင့်အမျှ ရေလယ်တွင် လေထန်လှိုင်းပုတ်ဒဏ်ကြောင့် ကွဲအက်ပျက်စီးပြီး သစ်ပင် များဖုံးလွှမ်းနေသည့် ကျွန်းအဖြစ်သာမြင်တွေ့နေကြရပါ သည်။

မျက်မှောက်ကာလ ဘုရားဒါယကာ ကျောက်တန်းမြို့နေ အမိန့်တော်ရရှေ့နေ ဦးဘထွန်း၏ ဇနီးဒေါ်ဒေါ်သက်၏ ထူးဆန်းသောအိပ်မက်အရ ရေလယ်ကျွန်းမှ ကျိုက်မော် ဝန်း ရှေးဟောင်းစေတီငုတ်တိုကိုရှာဖွေတွေ့ရှိပြီး မြန်မာ သက္ကရာဇ် ၁၂၇၁ ခုနှစ်တွင် ပြုပြင်မွမ်းမံတည်ထား ကိုးကွယ်ခဲ့သည်။ ထိုအချိန်မှစ၍ ဘုရားပွဲတော်ကိုနှစ်စဉ် နှစ်တိုင်းကျင်းပခဲ့ရာ ယခုအခါ(၁၀၆)ကြိမ်တိုင်ခဲ့ပြီဖြစ် သည်။

မတ် ၁၅ ရက်မှ ၁၇ ရက်ထိ တပေါင်းလဆန်း ၇ ရက်မှ ၉ ရက်ထိ ဓမ္မပူဇာတရားပွဲများကို ရေလယ်ဘုရားလမ်း ယာဉ်ရပ်နားကွင်းတွင်လည်းကောင်း၊ လဆန်း ၁၀ ရက်မှ လပြည့်နေ့ အထိ သံဃာတော်အရှင်သူမြတ် အပါး ၃၀ တို့၏ အသံမစဲ မဟာပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲကို ရေလယ်စေတီငါးစပ်ဘုရားတန်ဆောင်းတွင်လည်းကောင်း အသီးသီးကျင်းပသည်။

တပေါင်းလပြည့်နေ့အရုဏ်တွင်စေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ဆွမ်းတော်ကြီး ကပ်လှူ ပူဇော်ခြင်း၊ နံနက် ၁၀ နာရီတွင် ရွှေမော်ဝန်းသာသနာ့ ဗိမာန်တော်၌ ဘုရားအမှူးပြုသော မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ပင့်သံဃာ ၁၈၁ ပါး တို့အား နေ့ဆွမ်းဆက်ကပ်ပြီး မွန်းလွဲ ၁ နာရီတွင် ငွေပဒေသာ ပင်များအပါအဝင် ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ် သည်။

ထို့ပြင် တပေါင်းလပြည့် ညနေ ၆ နာရီအချိန် မော်ဝန်းမြစ် ရေလယ်တွင်ထူးခြားသပ္ပါယ်စွာ စံမြန်းတော်မူသောစေတီ တော်မြတ်အား ၁၁ ကြိမ်မြောက် ဆီမီးမျှောပူဇော်ကြမည် ဖြစ်သည်။

**စိုးဝင်း (ကျောက်တန်း)**



## ကျေးရွာနေပြည်သူများအား ထင်းများဖြန့်ဝေ

မကွေးခရိုင် အပ်ပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းဦး၊ မြို့နယ် ဦးစီးအရာရှိ ဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများမှ မတ် ၁၄ ရက် နံနက်ပိုင်းက အိမ်ထောင်စုအလိုက် ထင်းများကို အသီးသီး ဖြန့်ဝေပေးခဲ့ကြောင်း သိရ သည်။

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျောက် မိချောင်းကြိုးဝိုင်း သဘာဝတောထိန်းသိမ်းခြင်း ဧက ၁၀၀၀ အတွင်း ဓမ္မတာမျိုးဆက်ခြင်း ဧက ၁၀၀မှ ထွက်ရှိသော ထင်း ၈ ဒသမ ၅၅၃၆ တန်အား တိုက်ပွဲကျေးရွာ ပြည်သူ များသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဗိဿနိုးကြိုးပြင် ကာကွယ်တော သဘာဝတော ထိန်းသိမ်းခြင်း ဧက ၁၀၀၀ အနက်မှ ဓမ္မတာမျိုးဆက်ခြင်း ဧက ၁၀၀ မှ ထွက်ရှိသည့် ထင်း ၄ ဒသမ ၂၇၆၈ တန်တို့ကို ကုက္ကိုခွကျေးရွာ အိမ်ထောင်စုများသို့ လည်းကောင်း ဖြန့်ဝေ ပေးခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**

# ခန္တီးမြို့ဘိုးဘွားရိပ်သာနှင့် လဟယ်မြို့မူကြိုကျောင်းများဖွင့်လှစ်

**ခန္တီး မတ် ၁၅**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် မတ် ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သို့ရောက်ရှိပြီး အမှတ်(၅၂) ခြေလျင်တပ်ရင်း မူလတန်းကြိုကျောင်း၌ မူကြိုကလေး များအား ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကို ကြည့်ရှုခဲ့ပြီး မိသားစုသုံးပစ္စည်းများ ထောက်ပံ့ပေး ခဲ့သည်။

ဆက်လက်၍ ဝန်ကြီးဌာနမှ ကျပ်သိန်း ၄၀၀ ထောက်ပံ့ ထားသည့် ခန္တီးမြို့ ဘိုးဘွားရိပ်သာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဆောက်အအုံအတွင်း လှည့်လည် ကြည့်ရှုပြီး သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးလုပ် ငန်းများအကြောင်း ရှင်းလင်းပြောကြားကာ အဘိုး၊ အဘွားများအား အသုံးအဆောင်ပစ္စည်းများ ကန်တော့ ကာ ဘိုးဘွားရိပ်သာအတွက် မိသားစုသုံးပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

မတ် ၁၃ ရက်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ရဒေသ လဟယ် မြို့၌ ဝန်ကြီးဌာနမှ ကျပ်သိန်း ၃၀၀ ဖြင့် ထောက်ပံ့ထား သည့် လဟယ်စံပြမူလတန်းကြိုကျောင်း ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးရှုစံကြူးနှင့် အမြဲတမ်းအတွင်းဝန် ဦးစိုး အောင်တို့နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် အဆောက်အအုံအတွင်း လှည့်လည် ကြည့်ရှုပြီး မူကြိုကလေးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုစောင့် ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကြောင်း (ECCD) ရှင်းလင်းပြောကြား၍ သက်ဆိုင်သူများထံ မိသားစုသုံးပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ လဟယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆရာဝန်၊ သူနာပြုများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ မိသားစုသုံးပစ္စည်းများ ထောက်ပံ့ ပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



# ပေါင်မြို့နယ်ထန်းပင်ချောင်းလေး အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဖွင့်လှစ်

**ပေါင် မတ် ၁၅**

မွန်ပြည်နယ် ပေါင်မြို့နယ် ထန်းပင် ချောင်းလေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင် သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲ ပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၃ ရက် နံနက်၉နာရီက အဆို ပါ ကျောင်းဆောင်သစ်၌ ကျင်းပခဲ့ သည်။

အခမ်းအနားတွင် ပေါင်မြို့နယ် အုပ်ချုပ်ရေးမှူးဦးမြင့်နိုင်၊ အလှူရှင် ဒေါက်တာဦးဆန်းလွင်၊ ဇနီး ဒေါ်တင် တင်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးတို့က ကျောင်း ဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ဆက်လက်၍ ပေါင်မြို့နယ် အုပ် ချုပ်ရေးမှူးဦးမြင့်နိုင်က ဂုဏ်ပြုအမှာ စကားပြောကြားပြီး မြို့နယ်ပညာရေး မှူး ဒေါ်စန်းစန်းအေးက ကျေးဇူးတင် စကားပြောကြားခဲ့သည်။ ထို့နောက် အလှူရှင်မိသားစုမှ လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြခဲ့ သည်။

ထို့နောက် ကျောင်းဆောင်သစ် အလှူရှင်မိသားစုက ကျောင်းဆောင် သစ်နှင့် ပတ်သက်သော စာရွက်စာ တမ်းများကို ပညာရေးဌာနသို့ လွှဲ ပြောင်းပေးအပ်ရာ မြို့နယ်ပညာရေး မှူးက လက်ခံရယူသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးက ကျောင်းဆောင်သစ်အလှူရှင် မိသား စုနှင့် ကျောင်းဆောင်သစ် ဆောက် လုပ်ရန် မြေနေရာလှူဒါန်းခဲ့သော အလှူရှင် ပေါင်မြို့နယ် ညောင်ကုန်း ကြီးကျေးရွာမှ ဦးအုံးတင်ကြီး၊ ဇနီး ဒေါ်ဂျိုးမယ် မိသားစုအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါကျောင်း ဆောင်သစ်သည် အလျား ပေ ၈၀၊ အနံ ပေ ၃၀၊ အမြင့် ၁၃ ပေ RC ကွန်ကရစ်သံဘောင် သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်ဖြစ်ပြီး ရန်ကုန်မြို့နေ ဒေါက်တာဦးဆန်းလွင် ဇနီးဒေါ်တင်တင်ဝင်း 'ဆန်းလွင်' ထရေးဒင်းကုမ္ပဏီလီမိတက်မှ ကျပ် သိန်း ၆၀၀ ကျော် အကုန်ကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရ သည်။

**ပေါင်မြို့နယ်(ပြန်/ဆက်)**

# အိမ်ခြေ ၂၀၆ အိမ် ရှိသော ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာ၌လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ

**ငပုတော မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သက္ကယ်ချောင်း ကျေးရွာအုပ်စု သက္ကယ်ချောင်းကျေးရွာတွင် လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကိုမတ် ၁၂ ရက် ညနေ ၅ နာရီက အဆိုပါကျေးရွာ၌ ကျင်းပ ခဲ့သည်။

မီးလင်းရေးဖွင့်ပွဲသို့ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် ဖွံ့ဖြိုးရေးအထောက်ကူပြုကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်မှူးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထိုနောက် လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူက ဧရာတီတိုင်း ဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအား ရှင်း လင်းပြောကြားပြီး တိုင်းအင်ဂျင်နီယာ ဦးအောင်သန်းက လျှပ်စစ် အန္တရာယ် ကင်းရှင်းရေးအလေးထားဆောင်ရွက်ကြရန် မှာကြား ခဲ့သည်။

ဤသို့ကျေးရွာ လျှပ်စစ်မီးလင်းရေးကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်ကူညီမှုနှင့် ကျေးရွာပြည်သူတို့ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါကျေးရွာသည် ပုသိမ်-ငပုတော ကားလမ်းမဘေးတွင်တည်ရှိပြီး စံပြကျေးရွာဖြစ်ကာ ထိုကဲ့သို့ လျှပ်စစ်မီးရရှိခြင်းကြောင့် ကျေးရွာအုပ်စုအတွင်း ကျေးရွာခွဲ တစ် ရွာတည်း အိမ်ခြေ ၂၀၆ လုံး၊ လူဦး ရေ ၁၀၀၈ ဦး၊ အိမ်ထောင်စု ၂၂၀ တို့၏ လူမှုစီးပွားဘဝအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်ကြောင်းသိရသည်။

**မျိုးကျော်သူ(ငပုတော)**

# သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရေးနှင့် စီမံခန့်ခွဲမှု ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**တီးတိန် မတ် ၁၅**

အယ်နီညိုရာသီဥတုကြောင့် ပူပြင်းခြောက် သွေ့ချိန်၌ သောက်သုံးရေရှားပါးမှု၊ စိုက်ပျိုး သီးနှံများရေပြတ်လပ်မှု၊ မီးလောင်မှုနှင့် ကျန်းမာ ရေးဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာပါက တုံ့ ပြန်ဖြေရှင်းနိုင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ် ရုံဆွေးနွေးပွဲကို မတ် ၁၁ ရက် နံနက်ပိုင်းက ချင်းပြည်နယ် ဖလမ်းခရိုင်၊ တီးတိန်မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့ သည်။

အဆိုပါဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ် ရေးမှူး ဦးလွင်မောင်မောင်က အမှာစကား ပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စည်ပင်သာယာ ရေးကော်မတီအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာ ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ဦးဆောင်ဆွေးနွေးကြသည်။

ယင်းနောက်အဆိုပါအခမ်းအနားသို့တက် ရောက်လာကြသော မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ် ရေး အစီအစဉ်များအား ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။

**ဇိုဟေဆာ**

# နွားထိုးကြီးမြို့နယ်စည်ပင်သာယာမှ မြို့ချင်းဆက်လမ်းများတွင် မြို့ဝင်ကြေးကောက်မည်

**နွားထိုးကြီး မတ် ၁၅**

နွားထိုးကြီးနှင့် မလှိုင်လမ်း၊ နွား ထိုးကြီးနှင့် တောင်သာလမ်းများကို နွားထိုးကြီးမြို့နယ်စည်ပင်သာယာ ရေးက မြို့ဝင် ဘီးခွန်များကောက် ယူခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တွင်းမှစ၍ ကောက်ယူရန် တင်ပြ ထားကြောင်း မြို့စည်ပင်အမှုဆောင် အရာရှိ ဦးလှဝင်းက ပြောသည်။

ထိုသို့ ကောက်ယူမည့်လမ်းများ မှာ နွားထိုးကြီး-မလှိုင် ၂၆ မိုင်နှင့် နွားထိုးကြီး-တောင်သာ ၂၁ မိုင် ရာသီမရွေးသွားနိုင်သော ကတ္တရာ လမ်းများဖြစ်ပြီး မြို့စည်ပင်၏ မြို့ဝင် ကြေးဘီးခွန်ကောက်ခံခြင်းဖြစ်သည်။

နွားထိုးကြီးမြို့နယ်အတွင်း ၁၄ မိုင် ကျော်ဖြတ်သန်းသော ခရိုင်ချင်း ဆက်အမှတ် (၁) ရာသီ မရွေးသွား နိုင်သော ကတ္တရာလမ်းကို ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီး က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ လမ်းတံတားကြေးကောက် ရန်လည်း အစီအစဉ်ရှိကြောင်း သိရသည်။

**ရွှေးမြင့်မောင်**

ပြည်တွင်းရေးရာ

ကျန်းမာရေးဆောင်းပါး



# မုန်းသောသူနှင့် အတူစားရသော်

à ကြည်လွင်မြင့်(မုဒြာ)

အစာစားသောအခါ ငြူစူစောင်းမြောင်းခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ အမျက်ထွက်ခြင်းတို့၌ ယှဉ်သော်လည်းကောင်း၊ လိုချင်ခြင်း၊ အနာရောဂါဆင်းရဲခြင်းတို့သည် နှိပ်စက်အပ်သော်လည်းကောင်း၊ မုန်းသောသူနှင့် အတူစားရသော်လည်းကောင်း အစာမကြေတတ်။ (ဥတုဘောဇနသင်္ဂဟကျမ်း၊ အသက်ရှည်ရာအကျင့်ကိုပြခြင်းမှ)

ယနေ့လူအများတွင် ဖြစ်ပေါ်နေသောရောဂါမှန်သမျှသည် (ကူးစက်ရောဂါမှလွဲ၍) အစာမကြေ ခြင်းမှစသည်။ ဆေးပညာဥပဒေသကျမ်းတွင် 'ရောဂါမူလံ အဇိဏ္ဏကံ' ဆိုသည်မှာ အစာမကြေခြင်းပင်ဖြစ်သည်။ ရောဂါဖြစ်ရခြင်း မူလအစသည် အစာမကြေခြင်းမှစသည်ဟုဆိုသည်။

**အစာကြေရန်အတွက်မှာလည်း–**

၁။ အစာတွင်လည်း အပြစ်မရှိရ။

၂။ အချိန်ကာလလည်း အပြစ်မရှိရ။

၃။ စားသုံးသည့် လူပုဂ္ဂိုလ်တွင်လည်း အပြစ်မရှိစေရ။

အထက်ပါအချက်သုံးချက်နှင့် ညီညွတ်မှသာ ကျန်းမာရေးနှင့်ညီညွတ်သော၊ သင့်လျော်သော စားသုံးခြင်းဖြစ်သည်။ ထိုအချက် သုံးချက်တွင် တစ်ချက်မျှ တိမ်းပါးချွတ်ချော်၍ မဖြစ်သော အရေးကြီးသည့်အချက်များဖြစ်သည်။ တစ်နေ့လျှင် နှစ်နပ်၊ အလွန်ဆုံး သုံးနပ်မျှသောထမင်းသည် လူ့အသက်ရှင်ရေး၊ အသက်ရှည်ရေးအတွက်ဖြစ်သကဲ့သို့ မမှန်မကန်စားသုံးခဲ့လျှင်လည်း လူ့အသက်တိုရေး၊ အသက်မရှည်ရေးအတွက် အဆိပ်သဖွယ် ထမင်းပွဲဖြစ်သွားနိုင်သည်။

မိသားစုမျက်နှာစုံညီစားကြသော ထမင်းဝိုင်းတွင် သာမန်ဟင်းပွဲအနည်းငယ်မျှဖြင့် ပျော်ရွှင်စွာ စားသောက်ပြီး များပြားစုံလင်လှသော ဟင်းပွဲ၊ သောက်သုံးဖွယ်ရာ အချိုနှင့်ယမကာများအကြားတွင် အငြင်း၊ အခုံ၊ ခိုက်ရန်ဒေါသဖြစ်ပွားပြီး စိတ်မချမ်းမြေ့ဖွယ် အဆုံးသတ်သွားရသော ထမင်းဝိုင်းမျိုးလည်း ကြုံတွေ့ရဖူးသည်။ အာဟာရစုံသော်လည်း ကျန်းမာရေးမဖြစ်သည့် ထမင်းဝိုင်းမျိုးဖြစ်သည်။

၁။ အစာတွင် အပြစ်မရှိရဆိုသည်မှာ ရသာခြောက်ပါး မမျှတသောအစာ၊ အချို၊ အချဉ်၊ အငန်၊ အစပ်၊ အခါး၊ အဖန်အရသာတို့တွင် အရသာတစ်မျိုးမျိုးလွန်ကဲနေသောအစာဟု ရှေးကဆိုသည်။ ယခုခေတ်အစားအသောက်များတွင် အချိုမှုန့်၊ ဟင်းခတ်မှုန့်များ သုံးစွဲထားသဖြင့် အချိုဓာတ်လွန်ကဲနေသော အစာများဖြစ်သဖြင့် ရောဂါဖြစ်ရခြင်းဖြစ်နိုင်သည်။ အငန်ဓာတ်လွန်ကဲလျှင်လည်း မကောင်းသကဲ့သို့ အစပ်လွန်ကဲလျှင်လည်း မကောင်းပေ။ သဘာဝအတိုင်းဖြစ်ပြီး မျှတမှသာ ကောင်းသောအစာဖြစ်သည်။ အရောင်လှပအောင် ဆိုးဆေးသုံးထားသော အစာများသည်လည်း အပြစ်ရှိသောအစာ၊ မကောင်းသောအစာမျိုးတွင် ပါဝင်သည်။ ယခုခေတ်မကျန်းမာသူအတော်များများသည် ဤအချက်ကြောင့်ပင် နာတာရှည်သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်နှင့်အသည်းရောဂါများ ဖြစ်ပွားခြင်းဖြစ်သည်။

၂။ အချိန်ကာလလည်း အပြစ်မရှိရဆိုသည်မှာ အစာစားရာတွင် အချိန်မှန်မစားသုံးဘဲ အဆင်ပြေသည့်အချိန်မှ အားလပ်သည့်အချိန်မှ စားသုံးရခြင်းမျိုးဖြစ်သည်။ အဆာလွန်မှ စားသုံးခြင်း သည် အပြစ်ဖြစ်သကဲ့သို့ မဆာဘဲ စားသုံးခြင်းသည်လည်း ရောဂါဖြစ်စေနိုင်သည်။ မဆာက မစားရ။ အစာမကြေဖြစ်တတ်သည်။ အလွန်အကြူးမစားရ။ ဒုက္ခတွေ့တတ်သည်။ အချိန်လွန်၍ သိုးသော ဟင်းလျာကို မစားရ၊ ရောဂါရတတ်သည်။ ဤစကားများသည် ရှေးလူကြီးများ ပြောစကားများဖြစ်သည်။ မှန်ကန်သော စကားများဖြစ်သည်။ လိုက်နာအပ်သောစကားများဖြစ်သည်။

၃။ စားသုံးသည့်လူပုဂ္ဂိုလ်တွင် အပြစ်မရှိရဆိုသည်မှာ အစားအစာများက ကောင်းမွန်လတ်ဆတ်သော်လည်း စားသုံးမည့်သူတွင် ကျန်းမာရေးမကောင်းခြင်း၊ အစာချေမည့် အင်္ဂါဖြစ်သည့် သွားစသည့်အင်္ဂါများမကောင်းခြင်း၊ စိတ်သောကပွားသည့် အချိန်ဖြစ်ရခြင်း၊ ဒေသထွက်သည့်အချိန်၊ အိပ်ရေးပျက်၍ အိပ်ချင်ငိုက်မျည်းနေသည့် အချိန်များတွင် စားသောက်လျှင် အစာကြေနိုင်မည်မဟုတ်ပေ။ အထက်တွင်ဖော်ပြခဲ့သည့် (မုန်းသောသူနှင့် အတူစားရသော်) ရန်ဘက်နှင့်အတူစားရလျှင်လည်း အစာကြေနိုင်မည်မဟုတ်ပါချေ။

'ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး။
ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းတစ်လုံးမခဲပါ။'

အစရှိသော လူတိုင်းသိပြီးဖြစ်သည့် ကျန်းမာရေးဆောင်ပုဒ်များသည် သိပင်သိသော်လည်း မှန်ကန်စွာ လိုက်နာကျင့်သုံးရန် ခက်ခဲသောအရာများဖြစ်သည်။

လူမှုရေးပညာရှင်များ၏ အဆိုအရ ထမင်းလက်ဆုံစားကြသောထမင်းဝိုင်းတွင် ရယ်မောပျော်ရွှင်စွာ စားသောက်ရလျှင် အစာလည်း ပိုဝင်သည်။ စားသောက်သမျှလည်း အစာကြေသည်။ မိတ်ဆွေကောင်းတို့ မည်သည် စားသောက်နေချိန်တွင် ကောင်းသောသတင်းကိုသာ ပြောကြားကြသည်။ မကောင်းသတင်းနှင့် စိတ်ထိခိုက်စရာသတင်းများကို ထမင်းဝိုင်းတွင် မပြောကြဟုဆိုသည်။

အချို့မိသားစုထမင်းဝိုင်းများတွင် မိသားစုအတွင်း မပြေလည်သည့် ကိစ္စရပ်များကို ထမင်းဝိုင်းတွင် ပြောလေ့ရှိကြသည်။ အချို့ ထမင်းမစားတော့ဘဲ ထွက်သွားသည်အထိ ဖြစ်လေ့ရှိသည်။ ထိုမိသားစုများတွင် အစာမကြေခြင်းမှစ၍ ရောဂါများတတ်သည်ကို တွေ့ရသည်။

တစ်ခါက သင်္ဘောပိုင်ရှင် သူဌေးကြီးတစ်ဦးပိုင်ဆိုင်သောသင်္ဘောမှာ ကုန်အပြည့်နှင့်ပင်လယ်ပြင်တွင် နစ်မြုပ်သွားသည်ဟုဆိုသည်။ ထိုသတင်းကိုရရှိချိန်တွင် သူဌေးကြီး ထမင်းစားနေချိန်နှင့်တိုက်ဆိုင် နေသည်။ လိမ္မာပါးနပ်သော မန်နေဂျာသည် ထိုသတင်းဆိုးကို ချက်ခြင်းမပြောဘဲ သူဌေးကြီးထမင်း သုံးဆောင်ပြီးချိန်ထိ စောင့်ပြီးမှ ပြောသည်။ အကယ်၍ လိမ္မာပါးနပ်မှုမရှိသော၊ စိတ်မြန်သောမန်နေဂျာ ဖြစ်ပါက ထိုသတင်းဆိုးကို ချက်ခြင်းပြောလျှင် နစ်ပြီးဖြစ်သော သင်္ဘောအတွက်လည်း အကျိုးမထူး၊ သတင်းဆိုးကြားရသူမှာလည်း အစားအသောက်ပျက်နှင့် ဆုံးရှုံးမှုနှစ်မျိုးကြုံတွေ့ရမည်ဖြစ်သည်။

အလုပ်တစ်ခုပြီးတစ်ခု ဆက်လုပ်တတ်သူ၊ အလုပ်များသူများ သတိထားရန်မှာ ထမင်းစားရာတွင် အစာတစ်လုတ်ကို ၁၀ ကြိမ်ခန့်ဝါးစားရမည်ဟုဆိုသည်။ ကြေညက်အောင်ဝါးမစားဘဲ မျိုချလျှင် အစာမကြေရောဂါဖြစ်နိုင်သည်။ အချို့မှာ သွားမကောင်းသဖြင့် အစာကို ကြေအောင်၊ ညက်အောင် မဝါးနိုင်သဖြင့် အစာမကြေရောဂါဖြစ်သူများလည်း ရှိသည်။ သွားမကောင်းလျှင် ကျွမ်းကျင်သော သွားဆရာဝန်နှင့်ပြပြီး ကုသခြင်း၊ သွားအတုအစားထိုးခြင်းများ ပြုလုပ်သင့်သည်။

စာရေးသူကြုံတွေ့ဖူးသော မဟာစည်ရိပ်သာ တရားစခန်းတစ်ခုတွင် အစာစားချိန်တွင် အစာတစ်လုတ်ကို ယူသည်မှအစ ပါးစပ်တွင်ရောက်ချိန်၊ အစာကို ဝါးစားနေချိန်များကို အမှတ်ဖြင့် စားရသည်။ အစာစားချိန်တွင် အစာစားခြင်းမှလွဲ၍ အခြားသို့စိတ်မရောက်အောင်၊ အာရုံမပြန့်အောင်ထိန်း၍ စားသောနည်းဖြစ်သည်။ ဤနည်းသည် အစာအိမ်အတွက်လည်း အလွန်ကောင်းသောတရားမှတ်နည်း ဖြစ်သည်။

ရှေးကဆေးကျမ်းများတွင် ရသ၊ ဒေါသ၊ ကျင်ကြီး၊ ကျင်ငယ်စသော အညစ်အကြေးတို့သည် ကျက်ကုန် ကြေကုန်သည်ရှိသော် စားလိုခြင်း၊ ဆာခြင်း အကြောင်းသည်ဖြစ်တတ်၏။ ဤသို့စားလိုခြင်း၊ ဆာခြင်းဖြစ်သောအခါသည် အစာစားသင့်သောအခါဖြစ်သည်။ မဆာလျှင် မည်သည့်အခါမဆို မစားကောင်း။

လေမတက်၊ ကျင်ကြီး၊ ကျင်ငယ် အဟုန်မပြတ်သွား၏၊ ကိုယ်လက်ပေါ့ပါး စားသောက်လို၏။ ဤသည်ကား အစာကြေသော လက္ခဏာတည်း။ စားသောက်လျှင် စားသောက်ချင်း၊ စာသောက်သော အစာကြေစေ၍ ထွက်မြဲတိုင်းကျင်ကြီး၊ ကျင်ငယ် ချွေးတို့ထွက်ခြင်းသည် ကျန်းမာသူ၏လက္ခဏာတည်း။

လူသားတို့ အသက်ရှည်ရာ၊ အနာမဲ့ကြောင်းအကျင့်ကောင်းတို့ကို ညွှန်ပြရာတွင် အစာစားခြင်း နည်းလမ်းသည် အရေးအကြီးဆုံး ဖြစ်သည်။ အစာ စားပုံမှန်ကန်၍ အစာကြေလျှင် နောက်ဆက်တွဲရောဂါ ဖြစ်ပွားမှုနည်းသည်။ နေ့စဉ်စားသော အစာကြေညက်အောင် ဂရုစိုက်စားသုံးခြင်းသည် ကျန်းမာအောင်နေထိုင်ခြင်းနည်းပင်ဖြစ်သည်။

## တစ်နေ့လျှင် နှစ်နပ်၊ အလွန်ဆုံး သုံးနပ်မျှသော ထမင်းသည် လူ့အသက်ရှင်ရေး၊ အသက်ရှည်ရေးအတွက် ဖြစ်သကဲ့သို့ မမှန်မကန်စားသုံးခဲ့လျှင်လည်း လူ့အသက်တိုရေး၊ အသက်မရှည်ရေးအတွက် အဆိပ်. . .

# သစ်တောကြိုးဝိုင်းကြိုးပြင်တောအလိုက်(ပုံစံ–၇)ထုတ်ပေးနိုင်ရန် ကွင်းဆင်းတိုင်းတာခြင်းဆောင်ရွက်



**ကျွန်းလှ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် သဖန်းဆိပ်ဆည်စီမံကိန်းကြောင့် ပြောင်းရွှေ့အခြေချသော ကျေးရွာများအား သစ်တောမြေအတွင်း အစားနေရာချထားပေးခဲ့ပြီး ကြိုးဝိုင်း၊ ကြိုးပြင်တောအလိုက် ပယ်ဖျက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ထုတ်ပေးနိုင်ရန် ယခုအခါ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ် တောင်သူများအစားချထားပေးသော သိုက်(ထင်း)ကြိုးဝိုင်းတော၊ သစ်ရာပင်ကြိုးဝိုင်းတော၊ ဖုံမွှာကြိုးဝိုင်းတော၊ဆားတွင်းကြိုးပြင်ကာကွယ်တော၊ ဆားတွင်းကြိုး ကြိုးပြင်ကာကွယ်တောတို့တွင် မတ် ၁၂ ရက်အထိ တောင်သူ ၃၆၃၅ ဦး၏ လယ်မြေ ၆၈၃၄ ဧက၊ ယာမြေ ၂၁၆၅၆ဧက စုစုပေါင်း ၂၈၄၉၀ ဧကအား တိုင်းတာပြီးကြောင်း ယင်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ လယ်ယာမြေကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှု၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနတို့ ဦးဆောင်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများဖြင့် ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# လေရှီးမြို့၌ ရေပေးဝေရေးလုပ်ငန်းဖွင့်ပွဲပြုလုပ်

**လေရှီး မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ခန္တီးခရိုင် လေရှီးမြို့၏ မြို့ရေပေးဝေရေးလုပ်ငန်းအောင်မြင်မှု ဖွင့်ပွဲအခမ်းအနားကို မတ် ၁၀ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရူစံကြူး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးအရာရှိ ဦးဆန်းမိုးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကရှီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်သန်းလှိုင်က မြို့တွင်းရေပေးဝေရေး ရေဘားကိုလှည့်၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် မြို့မိမြို့ဖများ တက်ရောက်အားပေး ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**ဂျိုးနက်**

## ပြည်တွင်းရေးရာ

## (၁၅)ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်ကုသပေးမည်

**သီပေါ မတ် ၁၅**

စစ်ကိုင်းသီတဂူဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ဉာဏိဿရမှ ၂၀၀၈ ခုနှစ် မတ်လတွင် ကမကထပြုတည်ထောင်လှူဒါန်းတော်မူခဲ့သော သီပေါမြို့ သီတဂူစက္ခုဒါန မျက်စိကုဆေးရုံတော်မှ (၁၅) ကြိမ်မြောက် အခမဲ့မျက်စိစမ်းသပ်ကုသပေးမှုလုပ်ငန်းကို မတ် ၃၁ ရက်မှ ဧပြီ ၄ ရက်အထိ လက်ခံဆောင်ရွက်သွားမည်ဖြစ်သည်။

နေရပ်ဒေသမခွဲခြား၊ လူမျိုးဘာသာမရွေး မျက်စိဝေဒနာရှင်များသည် သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးပုရိဝုဏ်အတွင်း၌ ဖွင့်လှစ်ထားရှိသော သီတဂူစက္ခုဒါနမျက်စိကုဆေးရုံသို့ အဆိုပါနေ့ရက်များတွင် လာရောက်စမ်းသပ်ကုသသွားနိုင်ကြကြောင်းနှင့် အလှူရှင်များအနေဖြင့်လည်း ဆက်သွယ်လှူဒါန်း၍ ကုသိုလ်ယူနိုင်ကြကြောင်း သိရသည်။

**သီပေါကိုလတ်**

## အချိန်လည်းတိုး အကျိုးလည်းများ DAPOG နည်းဖြင့် ပျိုးထောင် စိုက်ပျိုးကြပါစို့

**ရေစကြို မတ် ၁၅**

စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးလက်ဒေသနေပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏ ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသော လုပ်ငန်းလည်းဖြစ်သည်။

မြန်မာနိုင်ငံ၏အဓိကကျသော စိုက်ပျိုးရေးကဏ္ဍမြင့်မားတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် နိုင်ငံတော်မှ ဒေသအသီးသီးတွင် စိုက်ပျိုးမြေများ ဖော်ထုတ်ပေးခြင်း စိုက်ပျိုးရေးဖူလုံစွာရရှိစေရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဖန်တီးပေးခြင်း၊ စိုက်ပျိုးရေးသုတေသနပြုနည်းပညာများ အသုံးပြု၍ ဒေသရေ၊ မြေ၊ သဘာဝနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များကို သုတေသနပြု ဖြန့်ဖြူးပေးခြင်း၊ သီးနှံအမျိုးအစားအလိုက် သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်များကို စိုက်ကွင်းများအရောက် နည်းပညာပေးခြင်းများကြောင့် အဓိကကျသော စပါးသီးနှံမှာ ပြည်တွင်းစားသုံးမှု ဖူလုံသည့်အပြင် ပိုလျှံလျက်လည်းရှိနေပြီဖြစ်သည်။

ထိုသို့ ဆန်၊ စပါးသီးနှံဖူလုံပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်ရာတွင် ဒေသခံတောင်သူများ ပိုမိုအကျိုးဖြစ်ထွန်းစေမည့် နည်းလမ်းများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာနအဆင့်ဆင့်မှ နည်းပညာပေးဆောင်ရွက်လျက်ရှိရာ (DAPOG= Mordified Mat Nursery) ပျိုးထောင်စိုက်ပျိုးနည်းမှာ တောင်သူဦးကြီးများအတွက် အချိန်လည်းတို၊ အကျိုးလည်းများသော စပါးပျိုးထောင်စိုက်ပျိုးနည်းကောင်းတစ်ခုအဖြစ်လေ့လာသိရှိရသည်။

အဆိုပါ DAPOG နည်းဖြင့် စပါးပျိုးထောင်ပုံမှာ မိမိ၏ အိမ်ခြံမြေအတွင်းတွင် အလျားပေ ၈၀၊ အနံသုံးပေ မြေကွက်ငယ်တစ်ခုကို တိုင်းတာပြီး အောက်ခံမြေသားမျက်နှာပြင်ကို ညီညာအောင်ညှိပြီး အပေါက်ငယ်လေးများဖောက်ထားသည့် ပလတ်စတစ်စကို ပေ ၈၀၊ သုံးပေ မြေကွက်ငယ်အတွင်း၌ ခင်း၍ နုံးမြေသုံးဆ၊ နွားချေး တစ်ဆ၊ စက်ဖွဲပြာတစ်ဆကို သမအောင်ရောမွှေပြီး လက်မဝက်ထုရအောင် ခင်းထားသည့် ပလတ်စတစ်အပေါ်တွင် ညီညာအောင် ဖြူး၍ထည့်ရမည်ဖြစ်သည်။ ထို့နောက် ရေပန်းခရားဖြင့် ရေကို့ရွဲအောင်လောင်းပြီး တစ်ရက်ရေနှပ်ထားရမည်ဖြစ်သည်။

ရေနှပ်ထားသော အလျားပေ ၈၀၊ အနံသုံးပေ ပေါင်ပေါ်တွင် အညှောက်ဖောက်ထားသော၊ မျိုးစပါးများ ကို ညီညာစွာဖြန့်၍အပေါ်မှ စက်ဖွဲပြာလက်မဝက်ခန့် ဖုံးအုပ်ပြီး ရေပန်းကရားဖြင့် နံနက်တစ်ကြိမ်၊ ညတစ် ကြိမ် ၁၄ ရက် တိတိ ရေဖျန်း၍ ပြုစုကာ ၁၅ ရက်ပြည့်သည့်အခါ ပျိုးပင်များကို အတွင်းမှာထားလျက် ဖျာလိပ်သလို လိပ်၍ စိုက်ပျိုးရန်အသင့် မြေယာပြုပြင်ထားသည့် စိုက်ကွင်းသို့ လွယ်ကူပေါ့ပါးစွာ သယ်ယူ၍ စိုက်ပျိုးနိုင်ပါသည်။ (အလျားပေ ၈၀၊ အနံသုံးပေ ပေါင်တစ်ပေါင်သည် မျိုးစပါးတစ်တင်းပျိုးထောင်နိုင်သည့် အရွယ်အစားဖြစ်ပါသည်။)

ဤကဲ့သို့ DAPOG နည်းဖြင့် ပျိုးထောင်ခြင်းအားဖြင့် တောင်သူများအတွက် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ပျိုးခင်းမြေကို ထွက်ယက်ပြုပြင်စရာ မလိုသည့်အတွက် ထွန်ယက်စရိတ်သက်သာခြင်း၊ သဘာဝမြေသြဇာသုံးစွဲရမှုသက်သာခြင်း၊ အကုန်အကျသက်သာခြင်း၊ ပျိုးနုတ်စရိတ်သက်သာခြင်း၊ ရေပေးသွင်းစရိတ်သက်သာခြင်း၊ သယ်ယူရွှေ့ပြောင်းစရိတ်သက်သာခြင်း၊ လယ်တွင်းထဲတွင် ပျိုးထောင်ခြင်းမဟုတ်သည့်အတွက် တိရစ္ဆာန်ဖျက်ဆီးမှုသက်သာခြင်း၊ ပျိုးခင်းသို့ သွားလာစောင့်ရှောက်ရသည့် လူနှင့်အချိန်သက်သာခြင်း၊ စသည့်အကျိုးများကို ရရှိနိုင်စေသည့်အပြင် ပျိုးမနုတ်ရသည့်အတွက် ပျိုးပင်(ကောက်ပင်) အနာသက်သာခြင်း၊ ပျိုးပင်မနာသည့်အတွက် ပျိုးပင်ရှင်သန်ကြီးထွားမှုကို မြန်စေခြင်း၊ ပျိုးသတ်နုနုတွင် ပြောင်းရွှေ့စိုက်ပျိုးသည့်အတွက် ပင်ပွားအားကိုးကောင်းစေခြင်း၊ ပင်ပွားအားကောင်းသည့်အတွက် စပါးအထွက်နှုန်းတိုးတက်ခြင်း အကျိုးများကိုပါရရှိစေပါသည်။

ကျေးဇူးရှင်တောင်သူများအတွက် အမှန်တကယ်ထိရောက်၍အကျိုးတရားများ တိုးပွားစေသည့် DAPOG နည်းဖြင့် ပျိုးထောင်စိုက်ပျိုးကြရန် လေ့လာအကြံပြုရေးသားလိုက်ရပါသည်။ **ဖေထွန်းဇော်(ရေစကြို)**

သတင်းဆောင်းပါး

# ပုဂံပြည်ကျန်စစ်မင်းကြီးနှင့် ဆက်စပ်သော အမြင့်မြို့ရှိ နန်းဦးစေတီအား စိန်ဖူးတော်နှင့် ရွှေထီးတော်အသစ် တင်လှူပွဲကျင်းပ



**à 0ó ZµÆ(Eycl)**

ကျန်စစ်မင်းသည် ပုဂံပြည်မှာ သူရဲကောင်းဖြစ်နေချိန်တွင် မိဖုရားလောင်း မဏိစန္ဒာနှင့် မှားယွင်းသည်ဟု စွပ်စွဲကာ မင်းကြီးက အရိန္ဒမာလှံဖြင့် ထိုးရာတွင် ကြိုးပြတ်၍ လွှန်တော်ကောက်ယူလျက် ယခုအမြင့်မြို့ရှိ လှိုက်ဂူကြီးတွင် ပုန်းအောင်းခဲ့သည်ဟုဆိုသည်။

ယင်းသို့ ပုဂံပြည် ကျန်စစ်မင်းနှင့်ဆက်စပ်နေသည့် မြို့ကလေးသည် မုံရွာခရိုင် ချောင်းဦးမြို့နယ်ရှိ အမြင့်မြို့၌ရှိသော နန်းဦးစေတီတော်သည် နှစ်စဉ် တော်သလင်းလဆုတ် ၁၅ ရက်တွင် ဘုရားပွဲတော်ကျင်းပကြောင်း သိရသည်။

အမြင့်မြို့လေးသည် ပုဂံနောက်ခံသမိုင်းနှင့်အတူ လူမှုရေးအလွမ်းဇာတ်လမ်းလေးမှာ စိတ်ဝင်စားဖွယ်သမိုင်းရှိခဲ့ပြီး ကျန်စစ်မင်း၏ ခမည်းတော်မှာ ပုဂံပြည်အနော်ရထာမင်းဖြစ်ကာ မယ်တော်မှာ မဇ္ဈိမဒေသဝေသာလီပြည်သူ ပဉ္စကလျာဏီမင်းသမီးဖြစ်သည်။ ကျန်စစ်သားကို အမြင့်မြို့နှင့် မနီးမဝေးချင်းတွင်းမြစ်အရှေ့ဘက်ကမ်း ပရိမ္မအရပ်တွင် မွေးဖွားခဲ့သည်။

ကျန်စစ်သားမင်းနှင့် အပယ်ရတနာမိဖုရားတို့မှ မွေးဖွားခဲ့သော သမီးတော်လေး “ရွှေအိမ်စည်” အရွယ်ရောက်လာသည့်အချိန်တွင် “ပရိက္ခရာ” တိုင်းတစ်ပါးသားလူမျိုးခြားနှင့် မေတ္တာမျှမိခဲ့ကြသည်။ ဖခင်တစ်ယောက်၏ မေတ္တာ၊ စေတနာ၊ အချစ်များဖြင့် သမီးတော်လေးအား နိုင်ငံခြားသားလူမျိုးခြားနှင့် မချစ်ကြိုက်၊ မပေါင်းဖက်လိုပေ။

“မင်းသွေးမို့ အမျိုးဂုဏ်ကို ပိုပြီးစောင့်ထိန်းရလိမ့်မယ်၊ မျိုးဆက်သွေးက တိုင်းပြည်အုပ်ချုပ်ရမယ်၊ မျိုးရိုးမြင့်မြတ်ဖို့ အရေးကြီးလှပါတယ် သမီးတော်”။ ပဋိက္ခရာမင်းသားဟာ သူတို့နိုင်ငံရဲ့ မင်းမျိုးမင်းနွယ်မင်းသွေးပါမှန်း ခမည်းတော် သိပါတယ်။ မင်းသွေးပါပေမယ့် ခမည်းတော်တို့ရဲ့ မျိုးရိုးမဟုတ်ဘူးလေ။ ဒါကြောင့် သွေးချင်း၊ မျိုးရိုးချင်း မတူဘူး။ ခမည်းတော်တို့ရဲ့ နိုင်ငံကိုအုပ်ချုပ်နိုင်တဲ့မျိုးရိုးသွေးဆက်အဖြစ် လက်မခံနိုင်ပေဘူး သမီးတော်ရယ်။

ဒီနိုင်ငံသားတွေကို အုပ်ချုပ်မဲ့သူဟာ ဒီနိုင်ငံသားတွေလက်ခံနိုင်တဲ့ အမျိုးစစ်ဖို့၊ သွေးစစ်ဖို့၊ သွေးမှန်ဖြစ်ဖို့ မြင့်မြတ်တဲ့မျိုးရိုးစစ်မှန်ဖြစ်ဖို့ အရေးကြီးတယ်။ ဒီနိုင်ငံသား မဟုတ်ရင် ဒီနိုင်ငံရဲ့ မျိုးရိုးသွေးဆက်မဟုတ်ရင် ဒီနိုင်ငံသားတွေရဲ့ လေးစားကြည်ညိုအားထားမှုကို မရနိုင်ပေဘူး။ ဒီလိုမရနိုင်ရင် တိုင်းပြည်ကို ဘယ်လိုအုပ်ချုပ်မှာလည်း သမီးတော်။ သွေးမှန်ရင်မဖောက်ပြန်ရဘူးကွဲ့။

တိုင်းပြည်အတွက် အမျိုးဘာသာအတွက် ရေရှည်ကိုမျှော်ကိုးပြီး ကိုယ့်အသက်နဲ့ ဘဝကိုစတေးတန်ရင် စတေးရလိမ့်မယ်။ သွေးရောနှောစေခြင်းကို ဘယ်လိုမှ လက်မခံနိုင်တာကြောင့် မျိုးရိုးစစ်မှန်ဖြစ်ဖို့ နှလုံးတွေကို ကွဲကြေစေရမှာပဲ သမီးတော်။

သမီးတော်ရဲ့ မျိုးရိုးဇာတိကိုကြည့်ပါ။ သမီးတော်ရဲ့ အဘိုးဟာ ဘယ်သူလည်း၊ သမီးတော်ရဲ့ အဖဟာ ဘယ်သူလည်း၊ သမီးကိုယ်တိုင်ကရော၊ ဒါတွေကို စောင့်ထိန်းရမယ်။ သူရဲကောင်းမှန်ရင်၊ ကိုယ့်နိုင်ငံကိုချစ်တတ်တဲ့သူမှန်ရင် နိုင်ငံအကျိုးအတွက် အသက်ကိုတောင် စွန့်ဖို့ အင်မတန်ရက်ရောရလိမ့်မယ် သမီးတော်။

ရွှေအိမ်စည်မင်းသမီးသည်လည်း မင်းသွေးပီပီ၊ ခမည်းတော်၊ ခမည်းတော်၏ အလိုဆန္ဒအရ စောလူးမင်း၏ သားတော် စောယွန်းနှင့် လက်ထပ်ခဲ့ပါသည်။

နိုင်ငံနှင့် လူမျိုးအတွက် ချစ်ဦးသူကို ကျောခိုင်းခဲ့သော ရွှေအိမ်စည်မင်းသမီး၏ စိတ်ဓာတ်ကား လေးစားအတုယူ ဖွယ်ပင်ဖြစ်ပါသည်။

ဤသို့ ပုဂံနောက်ခံသမိုင်းတွင် လူမှုရေးအလွမ်းဇာတ်လမ်းလေးရှိ သော အမြင့်မြို့သည် မုံရွာမြို့မှ ချောင်းဦးမြို့သို့ ၁၃မိုင်ခန့်ဝေး၍ ချောင်းဦးမြို့မှ အမြင့်မြို့သို့ကားဖြင့် ခုနစ်မိုင်ခန့်သွားရသည်။ ချင်းတွင်းမြစ်ကမ်းတွင်ရှိသည်။

အမြင့်မြို့ကို သီရိဓမ္မာသောကမင်းကြီးက ခရစ်သက္ကရာဇ် ၂၁၆ တွင် တည်ခဲ့သည်ဟု ပေစာအရ သိရသည်။ ရှေးအခါက ပုဂံခေတ်နှင့် ယဉ်ကျေးမှုအပြိုင်ထွန်းကားခဲ့သည်။ ကုန်းဘောင်ခေတ်တွင် အစည်ကားဆုံးသောမြို့ကြီး ၁၂ မြို့တွင် အပါအဝင်ဖြစ်သည်။ မြို့၏ အစည်းအဝိုင်းလေးတွင် ဘုရားပုထိုးပေါင်း ၃၃၆ဆူ၊ ဘုန်းတော်ကြီးကျောင်း ၁၁ကျောင်း ကျောက်စာပေါင်း (ပုဂံမှ ကုန်းဘောင်ထိ) ၆၃ချပ်ရှိခဲ့သည်ကို ကျောက်စာပေစာရှေးဟောင်း ပရိုဒ်စုစောင်းသော ဆရာတော် ဦးနန္ဒိကျောင်းမှသိရသည်။

မရည်ရွယ်ဘဲ စော်ကဲမင်းဖြစ် စကားစဉ်အရ သမိုင်းတွင်ခဲ့သော မင်းကြီးစွာစော်ကဲကွန်ဖော်မင်း၏ဒေသ။ သူ့ကျွန်မခံဘဲ နယ်ချဲ့တို့ကိုတွန်းလှန်ကာ ရာထူးကြီးကြီးပေးသည်ကိုပင် လက်မခံသော “မင်းလက်ဝါး”၏ ခေါင်းချခဲ့ရာဒေသ။ နယ်ချဲ့တော်လှန်ရေးတွင်ဖြင့် အစာငတ်ခံဆန္ဒပြခဲ့သော ဆရာတော် ဦးဝိစာရ၏ ဇာတိချက်ကြွေဒေသ။ ယခုခေတ်တွင် အိုးဝေဦးညိုမြ၊ ဦးကျော်သိန်း (အရီးတောင်းလက်ဖက်) တို့၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်ပါသည်။

အမြင့်မြို့၏ အမည်တို့သည် ကကုသန် ဘုရားလက်ထက်တော်တွင် “ငမည်းမြို့”၊ ကောဏဂုံဘုရား လက်ထက်တွင် “ငဆည်းမြို့”၊ ကဿပဘုရားလက်ထက်တွင် “ကြံ့ကူးမြို့”၊ ဂေါတမဘုရားလက်ထက်တော်တွင် “ဥဇ္ဇေနီမြို့”ဟုခေါ် တွင်ခဲ့လေသည်။

“ဥဇ္ဇေနီမြို့”၏ အဓိပ္ပာယ်မှာ “မြင့်မြတ်ခြင်း” ဟုအဓိပ္ပာယ်ရှိရာ “အမြင့်မြို့”ဟုခေါ်တွင်ခဲ့ကြောင်း သိရှိရပါသည်။ အမြင့်မြို့ကို နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားလက်ထက်တော်တွင် “ဖူးမစဲမြို့” ဟုတွင်ဦးမည်ဖြစ်ကြောင်းကို သမိုင်းပေစာမူက ဆိုထားခဲ့ပါသည်။

ပုဂံခေတ်က အရည်းကြီးများကြီးစိုးခဲ့ရာ ဒေသလည်းဖြစ်သည်။

ကမ်းခြေတစ်မြင့်လုံး စေတီပုထိုးကျုံးမြို့ရိုးတို့နှင့် ကာလရှည်ကြာပျက်စီးလာသော် ဆက်လက်ပြုပြင်ပါရမီရှင်၊ ဘုန်းကံရှင်များ နောင်တွင်မုချပေါ်လိမ့်မည်။ ပါရမီထူးခြား ပုဂ္ဂိုလ်များကစုပေါင်းညီညာ ပြုပြင်ပါလိမ့်မည်။ စေတီ ပုထိုး၊ ကျုံးမြို့ရိုးကို ကိုယ်ကျိုး အနေဖျက်ဆီးနေကြ၊ လူအန္တတို့ မြို့စောင့်နတ်များ၊ ထိုလေးပါးက ဒဏ်ခတ်လိမ့်မည်။ ဆွံ့စေ၊ အစေ၊ ပျက်စီးစေသတည်း. . . ဟူ၍ ရေးထိုးထားသည့် ကျောက်စာရှိခဲ့သည်။ ရှေးဟောင်းစေတီပုထိုးများကို ပြုပြင်သည့် ပုဂ္ဂိုလ်များကို မျှော်လင့်ကြသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၂၆ ရက် နတ်တော်လပြည့်နေ့တွင် မြောင်းမြမြို့ ဆရာတော်ဦးကောဏ္ဍညအား အမှူးထား၍ ပဲခူးမြို့နေ ဒေဝယက္ခဆေးတိုက်ပိုင်ရှင်အမျိုးသားစာပေဆုရ ဒေါက်တာဦးဖြေ၊ ဒေါ်မေကြည်၊ အမြင့်မြို့မှ ဒေါ်စန်းစန်းမြင့်၊ မန္တလေး ဒေါင်ရိုးရပ်မှ ဦးအောင်ကျော်ထွန်း၊ ဒေါ်ခင်ထွေးတို့နှင့် အလှူရှင်ဖြစ်ကြသော မြောင်းမြ၊ တောင်ငူ၊ ပခုက္ကူမြို့တို့မှ ဆရာတော်၏ တပည့်များက နန်းဦးစေတီတော်ကြီးမှ ထီးဟောင်းကိုပယ်၍ စိန်ဖူးတော်နှင့် ထီးတော်အသစ်ကို အထွတ်တင်၍ ပူဇော်လှူဒါန်းနေကြခြင်းဖြစ်သည်။

မင်္ဂလာအချိန်နံနက် ၉နာရီတွင် နန်းဦးစေတီ၏ ရင်ပြင်တော်တွင် သုံးပတ် လှည့်လည်ပူဇော်ကြသည်။ ထို့နောက် ဘုန်းတော်ကြီး ၆၆ ပါးတို့က အနေကဇာတင်ပူဇော်၍ အလှူရှင်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ မွန်းလွဲ ၁ နာရီတွင် ဆွမ်းဆန်တော်နှင့် လှူဒါန်းဖွယ်အစုစုတို့အား လောင်းလှူကာ ရေစက်သွန်းချအမျှပေးဝေကြပါသည်။

“ဤဘုရားထီးတော်အသစ် အထွတ်တင်လှူပွဲကြီးကား ရှေးရှေးအခါက ကုသိုလ်ပြုခဲ့သူတို့၏ ပဋ္ဌာန်းဆက်အရ ကျင်းပခြင်းဖြစ်ကြောင်း၊ မကျွတ်မလွတ်သည့် ပုဂ္ဂိုလ်တို့အား အမျှဝေလို၍ ကုသိုလ်ပြုကြခြင်းဖြစ်ကြောင်း၊ သူဌေးသူကြွယ်ရာထူးရာခံရှိသည့် အရှိန်အဝါဖြင့် ဝင့်ကြွားလှူဒါန်းကြခြင်း မဟုတ်ကြောင်း ဆရာတော်က အမိန့်ရှိခဲ့ပေသည်။” အမြင့်မြို့သူ အသက် ၈၀ကျော်အဖွားတစ်ဦးက သူ့သက်တမ်းအရ ဤဘုရားတွင် အဓိဋ္ဌာန်ပြုကောင်းမှု ပြုကြပြီး အဓိဋ္ဌာန်အောင်ကာ ဆုတောင်းပြည့်သည့် စေတီဟုဆိုပါသည်။ မူလက ကိုးတောင်ပြည့် စေတီဖြစ်သော်လည်း ခေတ်အဆက်ဆက် ဉာဏ်တော်မြင့်တည်ထားကိုးကွယ်ကြသည့်အတွက် ယခုဉာဏ်တော်အတိုင်း သပ္ပာယ် ကြည်ညိုစွာဖူးမျှော်ကြရခြင်းဖြစ်သည်။

ကျောင်းတိုက်ပဓာနနာယကဆရာတော်နှင့် မြောင်းမြမြို့ ပဋ္ဌာန်ဘာသာပြုဆရာတော် ဦးကောဏ္ဍည၊ အမြင့်မြို့သူမြို့သားအလှူရှင်များက ဦးဆောင်၍ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက ထပ်မံပြုပြင်လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

ယခုအလှူရှင်တို့၏ သဒ္ဓါတရားကရှေးကလှူဒါန်းခဲ့ကြသော မူလဘုရားဒါယကာ၊ ဒါယိကာမအလှူရှင်တို့အား ကုသိုလ်အမျှပေးဝေကြကြောင်း သိရသည်။

**သူရဲကောင်းမှန်ရင်၊ ကိုယ့်နိုင်ငံကို ချစ်တတ်တဲ့သူမှန်ရင် နိုင်ငံအကျိုးအတွက် အသက်ကိုတောင် စွန့်ဖို့ . . .**

# မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေး


**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၇-ရပ်ကွက်ရှိ အောင်စကြာပရမေတ္တာ စက္ခုဒါနဆေးရုံတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်စစ်ဆေး၍ ခွဲစိတ်ကုသပေးခြင်းများကို နှစ်ရက်ဆက်တိုက် ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေး၍ ခွဲစိတ်ကုသပေးခြင်းကို အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာမှ အောင်စကြာဆရာတော် မဟာကမ္မဋ္ဌာနစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင် ဘဒ္ဒတစန္ဒသီရိနှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မျက်စိအထူးကုဆရာဝန်ကြီးများမှ ပူးပေါင်းပြီး မတ် ၁၂ ရက်တွင် မွန်းလွဲ ၁ နာရီမှစတင်၍လည်းကောင်း၊ မတ် ၁၃ ရက်တွင် နံနက် ၈ နာရီမှ စတင်၍လည်းကောင်း စမ်းသပ်စစ်ဆေး၍ ကုသပေးနေလျက်ရှိကြောင်း သိရသည်။

"အခုတည်ထောင်ဖွင့်လှစ်ထားတဲ့ မျက်စိဆေးရုံက ခုတင် ၄၀ ဆံ့ ငါးထပ်ဆောင်ပါ။ ဆေးရုံတက်လာတဲ့ မျက်စိဝေဒနာရှင်တွေ လွတ်လွတ်လပ်လပ်နေနိုင်အောင် ကျယ်ကျယ်ဝန်းဝန်း ထားပေးထားပါတယ်။ ခွဲစိတ်ကုသရမဲ့ လူနာတွေအတွက်လည်း ခွဲစိတ်ခန်းသုံးစက်ပစ္စည်းတွေကို အပြည့်အစုံ တပ်ဆင်ထားပေးပြီးပါပြီ။ ခွဲစိတ်ပြီးလို့ ဆေးရုံကဆင်းသွားတဲ့လူနာတွေအတွက်ကိုလည်း နေကာမျက်မှန်တွေကို အခမဲ့လှူဒါန်းပေးပါတယ်။ နောက်ဆိုရင်တော့ မျက်စိဆရာဝန်ကြီးတွေကို ဖိတ်ခေါ်ပြီး ကုသပေးသွားဖို့ စီစဉ်နေပါတယ်" ဟု အောင်စကြာဆရာတော်က မိန့်ကြားတော်မူခဲ့သည်။

ယင်းသို့ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေး၍ ခွဲစိတ်ကုသပေးခြင်းကို လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး လာရောက်ကုသနိုင်ပြီး သံဃာတော်များနှင့် သီလရှင်များပါ လာရောက်ကုသကြောင်း သိရသည်။ **ကျော်သူမြင့်စိုး**





# အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှု ကော့သောင်း၌ အပူချိန် ပိုမိုမြင့်မားနေ

**ကော့သောင်း မတ် ၁၅**

ကော့သောင်းမြို့တွင် အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် မတ် ၁၃ ရက်မှ စတင်ကာ ယခုရက်ပိုင်းအတွင်း အပူချိန်ပိုမိုမြင့်မားမှုကို မြို့နေပြည်သူများ သိသာစွာ ခံစားနေကြရကြောင်း သိရသည်။

ကမ္ဘာနှင့်အဝှမ်း အယ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်မှုများဖြစ်ပေါ်လျက်ရှိရာ အာရှတိုက်အတွင်းရှိ နိုင်ငံများတွင် ပိုမိုသိသာစွာ အပူချိန်မြင့်တက်လာမှုအား ခံစားနေကြရကြောင်း၊ အိမ်နီးချင်းထိုင်းနိုင်ငံ ကျေးလက်ဒေသများတွင် ပူပြင်းခြောက်သွေ့မှုကြောင့် သီးနှံစိုက်ပျိုးရေးခြံများ ထိခိုက်ပျက်စီးမှုများနှင့် ရင်ဆိုင်နေကြရကြောင်း၊ ရေရှားပါးပြတ်လပ်မှုအခြေအနေများ စတင်ရင်ဆိုင်ကြုံတွေ့နေကြသဖြင့် တာဝန်ရှိသူများမှ ကျေးလက်ပြည်သူများအား သောက်သုံးရေများ လိုက်လံဝေငှဖြည့်ဆည်းပေးအပ်နေကြရပြီးဖြစ်ကြောင်း ထိုင်းနိုင်ငံမှလာသည့်သတင်းများအရ သိရသည်။



အဆိုပါအပူချိန်မြင့်တက်လာမှုအခြေအနေများအား အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းစွန်းဒေသများတွင် မတ်လ ၁၃ ရက်မှ ၂၀ ရက်များအတွင်း အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်မှ ၄၅ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်မြင့်တက်လာနိုင်ကြောင်း မိုးလေဝသပညာရှင်များ ပြောဆိုချက်အရ မြန်မာနိုင်ငံတောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင်လည်း ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားလှသည့် နေရောင်ခြည်၏အပူဒဏ်အား မြို့နေပြည်သူများခံစားနေကြရပြီဖြစ်သည်။

အပူချိန်မြင့်တက်မှုအနေအထားကြောင့် ကျန်းမာရေးဦးစီးဌာနနှင့် ဒေသတာဝန်ရှိ အဖွဲ့အစည်းများမှ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရသည့် ပြည်သူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပူဒဏ်အန္တရာယ်မှ ကင်းဝေးစေရေး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတိပေးချက်များကို ပြည်သူများအကြား သိရှိလိုက်နာ သတိပြုနေထိုင်ကြရေး ထပ်ဆင့် အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း-ပြန်/ဆက်)**

# ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် မတ် ၁၅**

ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်အသစ် ရွေးချယ် တင်မြှောက်ပွဲကို မတ် ၁၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ YMCA ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိအဖြစ် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါ်တင်မွှေး(မွှေးငယ်ငယ်)က အဖွင့် အမှာစကားပြောကြားပြီးနောက် မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထူးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်း တမ်းကို အတွင်းရေးမှူး ဒေါက်တာ မြင့်သန်းထွန်းက ဖတ်ကြားတင်ပြသည်။

ထို့နောက် အမှုဆောင်ဟောင်းများ နုတ်ထွက်ပြီးနောက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ခဲ့ရာ ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်းထွန်း(ဒေါက်တာကောင်းစံ)၊ အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဝင်း(ကြည်ကြည်ဝင်း- စာပေဗိမာန်)၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဦး(ဗိုလ်တထောင်ကိုဦး)၊ စာရင်းစစ် ဦးမြစိန်(မိုးကျော်သူ)နှင့် အဖွဲ့ဝင် ဦးကျော်ဝင်း(တနင်္သာရီကျော်ဝင်း)တို့ ပါဝင်သော အမှုဆောင်အဖွဲ့နှင့် ညီလာခံကိုယ်စားလှယ်အဖြစ် အသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်းထွန်းတို့အား ရွေးချယ်အတည်ပြုခဲ့ကြသည်။

ဆက်လက်၍ သက်ကြီးစာရေးဆရာကြီး ခုနစ်ဦးတို့အား ပူဇော်ကန်တော့ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ်စာရေးဆရာအသင်း)**

❐

# နိုင်ငံတော်သို့ ပေးဆောင်ရမည့်အခွန်ငွေများကို ဘဏ္ဍာနှစ်မကုန်မီပေးသွင်းကြပါရန် အသိပေးနှိုးဆော်ခြင်း

၁။ ၂၀၁၅-၂၀၁၆ဝင်ငွေနှစ်အတွင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများမှရရှိသည့် ရောင်းရငွေ/ရငွေ/ဝင်ငွေတို့အပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေများအရ ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်များကို ၃၁-၃-၂၀၁၆ရက်မတိုင်မီပေးသွင်းကြရန် လိုအပ်ပါသည်။ ဘဏ္ဍာနှစ်မကုန်ဆုံးမီ ပေးသွင်းရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့အား သတ်မှတ်နေ့ရက်အတွင်း ပေးသွင်းရန်ပျက်ကွက်ပါက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ပါသည်။

၂။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ၃၁-၃-၂၀၁၆ရက်အတွက် ချက်လက်မှတ်များ စာရင်းရှင်းလင်းခြင်းကို ၃၁-၃-၂၀၁၆ ရက် နံနက် ၁၁း၃၀နာရီတွင် တစ်ကြိမ်တည်းသာ MCH Settlement ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အကြောင်းကြားလာပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာန၏အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွက် အခွန်ငွေပေးသွင်းခြင်းများကို ဘဏ္ဍာနှစ်မကုန်ဆုံးမီ အမီပေးသွင်းကြပါရန်နှင့် အခွန်ပေးသွင်းရာတွင် ငွေသားဖြင့် ပေးသွင်းခြင်းကို ၃၁-၃-၂၀၁၆ရက်တွင်လည်းကောင်း၊ ချက်လက်မှတ်များ၊ PO များဖြင့် အခွန်ပေးသွင်းခြင်းကို ၃၀-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင်လည်းကောင်း နောက်ဆုံးထားပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# အညာဒေသတွင် ထန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသူ နည်းပါးလာသဖြင့် နောင်နှစ်အနည်းငယ်အတွင်း ထန်းလုပ်ငန်းများ ပျောက်ကွယ်နိုင်



**ကျောက်ပန်းတောင်း မတ် ၁၅**

မြန်မာပြည်အလယ်ပိုင်း အညာဒေသမြို့တစ်မြို့ဖြစ်သော မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်သည် ရှေးယခင်က ထန်းလျက်ကုန်စည်ဖြင့် ထင်ရှားခဲ့သောမြို့ တစ်မြို့ဖြစ်သော်လည်း ယခုအခါ ကျောက်ပန်းတောင်းဒေသအတွင်း ထန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုသူ တစ်စထက်တစ်စ နည်းပါးလာပြီး နောင်နှစ်အနည်းငယ်ကြာလျှင်ပင် ဒေသတွင်းထန်းလုပ်ငန်းများ ပျောက်ကွယ်သွားနိုင်ကြောင်း လေ့လာသူများက ပြောသည်။

"ကျွန်တော့်မှာ ရှိတာကတော့ ထန်းအပင်တစ်ရာလောက်ရှိတယ်။ ဒါပေမဲ့ အကုန်မတက်နိုင်ဘူး။ ၂၅ ပင်လောက်ပဲ တက်နိုင်တယ်။ ကျန်တာကတော့ ဒီအတိုင်းပဲ ပစ်ထားလိုက်ရတာ။ ဒါတောင်မှ မိရိုးဖလာ လက်ငုတ်လက်ရင်းလေးမို့ ဆက်လုပ်နေတာပါ။ လုပ်နိုင်သ၍လေးပေါ့ဗျာ။ သားတွေကတော့ ဒီလုပ်ငန်းကို သူတို့လုပ်ဖို့နေနေသာသာ ဖအေလုပ်နေတာတောင် သူတို့ကကြိုက်တာမဟုတ်ဘူး။ ပင်ပန်းသလောက် အရာမဝင်ဘူးဆိုပြီးတော့လေ" ဟု အရှေ့အင်တိုင်းကျေးရွာသား ကိုစွတ်တင်က ပြောသည်။

"အခုတော့ ထန်းလုပ်စားတဲ့သူကရှားသွားပြီဗျ။ ထန်းလုပ်မဲ့အစား မြို့ပေါ်လိုက်ပြီး ပန်းရန်တို့ လက်သမားတို့လိုက်လုပ်ကြတယ်။ ကလေးတွေကလည်း မြို့ပေါ်က ပွဲရုံတို့ စားသောက်ဆိုင်တို့မှာပဲ လုပ်ကြတော့တယ်။ အဲဒါက အန္တရာယ်ကင်းတယ်လေ။ အလုပ်လည်းမရှားဘူး။ ထန်းကတော့ တက်မစားကြတော့ဘူး။ အခုကတော့ တချို့ကလည်း တောပြတ်ရောင်းစားကြတယ်။ တချို့ကလည်း တစ်ပင်ချင်းပဲ ဖြည်းဖြည်းချင်းရောင်းစားကြ တယ်။ သစ်ဈေးဝါးဈေးကလည်းကြီးတော့ သစ်အစား ထန်းသားကို သုံးလာကြတာလေ။ တစ်ပင်ကို အနည်းဆုံး ကျပ် ၆၀၀၀ ကနေ ၈၀၀၀ အထိ ရောင်းရတယ်" ဟု ကိုစွတ်တင် က ၎င်းတို့ရွာဝန်းကျင်ရှိ ထန်းလုပ်ငန်းအခြေအနေကို ဆက်လက်ပြောပြသည်။

ထန်းလုပ်ငန်းကို အညာဒေသတွင် နွေဦးပေါက်ရာသီဖြစ်သည့် တပို့တွဲလဆန်းမှ လုပ်ငန်းစတင်ကြပြီး တပေါင်းလအထိလှီး၍ ရရှိသောထန်းလျက်ကို ထန်းဖိုဦးထန်းလျက်ဟုခေါ်တွင်ပြီး ရှေးမြန်မာများက ဆေးဖက်ဝင်သည်ဟုဆိုကာ အမြတ်တနိုး တန်ဖိုးထားစားသုံးကြကြောင်းနှင့် တိုင်းရင်းဆေးဝါးချက်လုပ်ရာတွင်လည်း ထည့်သွင်းသုံးစွဲကြကြောင်း သိရသည်။

ယင်းနောက် အလယ်သီး(ခေါ်) ညှပ်သီးကို တပေါင်းလမှ တန်ခူးလအထိလှီးကြရပြီး အဆိုပါအသီးမှာ ထန်းနို့ခိုင်များကို သစ်သားညှပ်ဖြင့်ညှပ်၍ ထန်းရည်ကိုခံယူရသဖြင့် ညှပ်ရည် (သို့မဟုတ်) ညှပ်သီးဟု ခေါ်ဆိုကြကြောင်းသိရသည်။ ၎င်းနောက် ထန်းမပင်မှ ထန်းသီးရင့်ကို ဓားပွင့်(ဓားဦးချွန်)ဖြင့် အခြေမှထိုးချပြီး အတွင်းမှအူတိုင်ကိုလှီးကာ ထန်းရည်ရအောင်ယူရသည့် သီးရင့်ရည် (ဒေသအခေါ် )သီးယဉ်ကို ဆက်လက်လုပ်ဆောင်ကြရပြီး ၎င်းမှာ ကဆုန်လမှ တော်သလင်းလအထိ လုပ်ငန်းလုပ်ကိုင်ကြရကြောင်း သိရသည်။ ထို့ကြောင့် အညာထန်းသမားတို့၏ လုပ်ငန်းရာသီမှာ တစ်နှစ်ပတ်လုံးတွင် ရှစ်လခန့်လုပ်ကိုင်ကြရပြီး လေးလခန့်မှာ ထိုင်စားဖြင့်သာ အချိန်ကုန်ကြရကြောင်း သိရသည်။

"ကျွန်တော်တို့ ရွာမှာတော့ ထန်းလုပ်သူကရှားသွားပြီဗျ။ ထန်တက်တဲ့လူတိုင်းကလည်း ထန်းလျက်မချက်တော့ဘူး။ ထန်းရည်ကို ထန်းရည်ချိုအတိုင်း ရောင်းကြသလို တချို့ကလည်း ထန်းရည်ခါးပဲရောင်းကြတော့တယ်။ ထန်းရည်ချိုကို မြို့ပေါ်က မုန့်လုပ်ဆောင်းသည်တွေက အထမ်းတွေနဲ့လာဝယ်ကြတာလေ။ ထန်းရေချိုတစ်မြူကို ကျပ် ၃၀၀ ရတယ်။ ထန်းရည်ချိုငါးမြူဆို ငွေကျပ် ၁၅၀၀ ရတယ်ဗျာ။ အဲဒီငါးမြူကို ထန်းလျက်ချက်ရင် ထန်းလျက် တစ်ပိဿာရတယ်ဗျာ။ အဲဒီထန်းလျက်တစ်ပိဿာကိုရောင်းရင် ငွေကျပ် ၈၅၀၊ ၉၀၀ ကျပ်ပဲရတယ်။ အဲတော့ ထန်းရည်ချိုရောင်းစားရတာက ပိုကိုက်တယ်" ဟု ပိန္နဲတောကျေးရွာမှ ဦးကျောက်ဒိုးက ၎င်းတို့ရွာရှိ ထန်းလုပ်ကိုင်သူတို့၏ အခြေအနေကို ပြောပြသည်။

ထန်းလျက်ဈေးမှာ အကြမ်း(ဆေးမခတ်)မှာ တစ်ပိဿာငွေကျပ် ၈၅၀ မှ ၉၀၀ အထိသာရရှိပြီး ထန်းလျက်ဖြူ (ဆေးခတ်)မှာ တစ်ပိဿာ ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ ခန့် ရရှိကြောင်း၊ ထန်းသမားတစ်ဦးသည် တစ်နေ့လျှင် မနက်တစ်ကြိမ်နှင့် ညနေတစ်ကြိမ် ထန်းတက်လုပ်ငန်းကို လုပ်ကိုင်ကြရပြီး ရသမျှထန်းရည်ကို ကျိုချက်ရန်အတွက်လည်း အိမ်ရှိလူကုန် လုပ်ကိုင်ကြရကြောင်း၊ ထန်းတက်ရာတွင် မြူအိုးကောက်သူ၊ ထန်းရည်စုဆောင်းသယ်ယူသူနှင့် ထန်းလျက်ချက်ရန် ထင်းစရှာဖွေရခြင်းတို့မှာလည်း နိစ္စဓူဝအလုပ်များပင်ဖြစ်ကြောင်း သိရသည်။

"ထန်းရည်တစ်ဒယ်ကျဖို့ ထန်းရည်ဒယ်ထဲကို ထည့်တဲ့အချိန်ကနေ ညောင်စေးကျတဲ့အချိန် ထန်းလျက်လုံးလို့ရတဲ့အချိန်ထိပေါ့ဗျာ စုစုပေါင်း အချိန်နှစ်နာရီကြာတယ်။ တစ်ဒယ်ကို ခုနစ်မြူလောက်ပဲထည့်လို့ရတယ်။ အဲဒီခုနစ်မြူကိုကြိုမှ ထန်းလျက်တစ်ပိဿာခွဲပဲရတာ။ မီးဖိုနားမှာထိုင်ပြီး မီးမပြတ်အောင် ဂရုစိုက်ရတယ်။ ဝေမကျအောင်လည်း ယောင်းမနဲ့မပြတ်မွှေပေးနေရသေးတယ်။ ကြိုသားကျအောင်လည်း ထန်းရည်ကြိုချင်း ဦးရည်နဲ့နောက်ရည်ကို သမပေးရသေးတယ်။ မနားရဘူး။ ဒါတောင် ထန်းလျက်ကြိုတဲ့အလုပ်ပဲရှိသေးတာ။ ကျုပ်တို့လို ထန်းတက်ရတာမဟုတ်သေးဘူး" ဟု ထန်းတောကြီး ကျေးရွာမှထန်းလုပ်သား ဦးမောင်ချစ်က ထန်းတောင်သူတို့၏ ပင်ပန်းဆင်းရဲကြီးပုံကို ရှင်းပြသည်။

"ကျွန်တော်ဆို အသက် ၄၂ နှစ်ရှိပြီဗျာ။ နောင်တက်နိုင်သေးရင် ဆယ်နှစ်ပေါ့။ ရွာထဲမှာလည်း ဒီလိုပဲ။ အိမ်ခြေ ၂၀၀ ကျော်ရှိတယ်။ ဟိုးတုန်းက ထန်းလုပ်ငန်းလုပ်ကြတာ အိမ်ခြေ ၁၅၀ လောက်ရှိတယ်။ ပျော်စရာတောင်ကောင်းတယ်ဗျာ။ အခုမရှိတော့ဘူး။ တဖြည်းဖြည်း တစ်နှစ်ထက်တစ်နှစ် နည်းနည်းလာတာ အခုဆို စစ်စစ်ပေါက်ပေါက်တွက်မှ ရှစ်ဦးပဲ ထန်းလုပ်တဲ့သူရှိတော့တယ်။ ကျွန်တော်တို့ပြီးရင်တော့ ထန်းလုပ်မယ့်သူ ပြတ်သလောက်ရှိပါပြီ။ လုပ်စားမယ့်သူ မရှိလောက်တော့ပါဘူး။ နောက်မျိုးဆက်ကလေးတွေကလည်း စိတ်မဝင်စားကြဘူးလေ။ သူတို့စိတ်ဝင်စားလောက်အောင်လည်း ထန်းဈေးကကောင်းလာတာမှမဟုတ်တာကိုး" ဟု အဆိုပါထန်းလုပ်သား ဦးမောင်ချစ်ကပင် အညာဒေသရှိ ထန်းလုပ်သားမဲ့သော ထန်းတောများ၏အနာဂတ်ကို ကြိုတင်တွေးစ၍ ပြောပြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် လွန်ခဲ့သောငါးနှစ်ကျော်က ထန်းပင်လေးသိန်းခွဲကျော် ရှိခဲ့သော်လည်း ယခုအခါတွင် နေရာတော်တော်များများ၌ ခုတ်လှဲ၊ လှီးဖြတ်နေသည့် ထန်းပင်ပြတ်များကိုတွေ့မြင်နေကြရပြီး ဓားနှီးကိုခါးတွင်ချပ်၍ မြူအိုးကိုချိတ်ကာ၊ ရင်းထောင်ကိုနိုင်နိုင်နင်းနင်းကိုင်လျက် တစ်ပင်မှတစ်ပင်သို့ ကူးချီသန်းချီ ပြုနေသည့် ထန်းလုပ်သားများကို မြင်တွေ့ရမှုနည်းပါးလာသည့်နည်းတူ ထန်းတောအတွင်းရှိ ထန်းရွက်တဲငယ်များမှလည်း မီးခိုးတိတ်လျက် ရှိနေကြပေပြီ။ နောင်တစ်ချိန်တွင် ထန်းလုပ်သားများ ပျောက်ကွယ်သွားမည့်နည်းတူ မြန်မာတို့၏ ရိုးရာစားစရာတစ်ခုအဖြစ် မြတ်နိုးတန်ဖိုးထားခဲ့ကြသော ထန်းလျက်ဟူသည့် စားသောက်ဖွယ်ရာပင် ပျောက်ကွယ်သွားလေမည်လား တွေးတော၍ ထန်းပင်မြင့်ကြီးများကို ကြည့်ကာ သက်ပြင်းချနေမိသည်။**ကိုနေ(ကျောက်ပန်းတောင်း)**

# ရှမ်းပြည်နယ် အင်းလေးဒေသသို့ ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြား

**ညောင်ရွှေ မတ် ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသသည် သဘာဝအလှရှုခင်းများနှင့် အင်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များသည် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ၏ ဆွဲဆောင်နိုင်စရာတစ်ခုဖြစ်သောကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည် အများအပြားလာရောက်အပန်းဖြေလေ့ရှိကြောင်း သိရသည်။

အင်းလေးဒေသအတွင်း ညောင်ရွှေလှေဆိပ်မှ ခရီးသွားဧည့်သည်များ သွားရောက်ဖူးမြော်လေ့လာလိုသည့် တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ စက်လှေဖြင့်သွားရောက်ပါကလည်ပတ်မည့်ခရီးအကွာအဝေးနှင့် အချိန်ကြန့်ကြာမြင့်မှုအပေါ်မူတည်၍ စက်လှေငှားရမ်းခ ငွေကျပ်တစ်သောင်းမှ လေးသောင်းအထိပေးရပြီး ခရီးသည်အများစုသည် ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ ရွှေအင်းတိန်ဘုရားနှင့် အင်းအတွင်းရှိ ရိုးရာရက်ကန်းရုံများသို့ သွားရောက်လေ့လာလျက်ရှိကြသည်။

ကမ္ဘာလှည့်ခရီးသည်များသည် ဖောင်တော်ဦးဘုရားနှင့် ရွှေအင်းတိန်ဘုရားသို့ လှည့်လည်လေ့လာကြသည်။ အထူးသဖြင့် အင်းထဲရှိ အင်းလေးရိုးရာရက်ကန်းလုပ်ငန်း၊ မြန်မာ့ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်ရာ လုပ်ငန်းခွင်များနှင့် အရောင်းဆိုင်များသို့ စိတ်ဝင်စားစွာလှည့်လည်လေ့လာကြသည်။



ယင်းအပြင် အင်းလေးကန်၏ သဘာဝအလှများကို မှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးကြကြောင်း ငှက်ဝါသနာရှင်များက ငှက်ကြည့်လေ့လာနိုင်ရန် ပြုလုပ်ထားသည့် နှစ်ထပ်ငှက်စင်သို့ သွားရောက်ပြီး ကြည့်ရှုကြသည်။ အင်းးလေးကန်ဘေးမဲ့တောအတွင်းရှိ နို့တိုက်သတ္တဝါကိုးမျိုး၊ ငှက်မျိုးစိတ် (ရေပျော်ငှက် ၉၀၊ ကုန်းငှက် ၂၅၅မျိုး ) စုစုပေါင်း၃၄၅မျိုးရှိရာ ယင်းငှက်များနှင့်သစ်ခွပန်းများ၊ လိပ်ပြာများကို ခရီးသွားဧည့်သည်များ စိတ်ဝင်တစားလေ့လာကြကြောင်း သိရသည်။

အင်းလေးကန်သည် ပင်လယ်ပြင်မှ အမြင့်ပေ ၂၈၈၀ ပေတွင်တည်ရှိပြီး ကုန်းတွင်းရေချိုကန်ဖြစ်ကြောင်း ရှေးမြန်မာဘုရင်များလက်ထက်တွင် အင်းလေးကန်အတွင်း နန်းပန်ရွာ၊ ဘမ်းပုံရွာ၊ နောင်တောရွာ၊ ဟဲယားရွာမကြီးတို့တည်ပြီး နေထိုင်ခဲ့ခြင်းကြောင့် အင်းလေးဟုခေါ်တွင်ကြောင်း အင်းသားများသည် လှေကိုလက်ဖြင့်မလှော် ခြေနှင့်လှော်ကြသဖြင့် ကမ္ဘာကျော်ခဲ့ပြီး အင်းလေးကန်၏ဖြစ်တည်မှုနှင့် အင်းထဲတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ ထူးခြားသည့်ဓလေ့ထုံးစံ သာယာလှပသည့် ပထဝီအနေအထား ရာဇဝင်နှင့်ချီပြီး ဖြစ်တည်ရှိခဲ့ကြသည့် တန်ခိုးကြီးဘုရား၊ စေတီ၊ ကျောင်းကန်များရှိခြင်း၊ တိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းသည့် ရက်ကန်းလုပ်ငန်းများ၊ ပန်းတိမ်လုပ်ငန်းများကြောင့် ထင်ရှားကာ ဧည့်သည်များ အစဉ်မပြတ် လာရောက်လေ့ရှိသည်။ **စိုင်းလှုမင်း(မီဒီယာဂရု)**

# နွေရာသီကျောင်းပိတ်ရက် စာပေဖတ်ရှုသူများပြားလာ

**ဝါးခယ်မ မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိဒေသခံပြည်သူများအပြင် ကျောင်းသား၊ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်တွင် နီးစပ်ရာစာကြည့်တိုက်များ၌ စာအုပ်စာပေဖတ်ရှုလေ့လာမှုပိုမိုများပြားလာကြောင်း ဒေသခံများ၏ပြောပြချက်အရ သိရသည်။

ယခင်က ဝါးခယ်မမြို့နယ်အတွင်းရှိစာကြည့်တိုက်များတွင် စာပေချစ်မြတ်နိုးသူ ပြည်သူများသာရှိခဲ့ပြီး ယခုအခါ နွေကျောင်းပိတ်ရက်ဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များပါ နီးစပ်ရာစာကြည့်တိုက်များသို့လာရောက်ကာ စာပေများလာရောက်ဖတ်ရှုလေ့လာနေကြကြောင်းစာကြည့်တိုက်တာဝန်ရှိသူများကပြောသည်။


အခုလို စာဖတ်နေတဲ့အတွက် မိဘများလည်း စိတ်အေးချမ်းသာမှုရှိသလို ကလေးသူငယ်များအတွက်လည်း အချိန်ကိုအကျိုးရှိစွာဖြင့် ကုန်လွန်စေပြီး အသိပညာဗဟုသုတများလည်း ရရှိမည်ဖြစ်ကြောင်း ကျောင်းသား မိဘများကပြောသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

ကျန်းမာရေးဆောင်းပါး

# အရိုးပွရောဂါအကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ

ခ ပေါက်ပေါက်



## အရိုးပွရောဂါဆိုတာ

အရိုးဆိုတာ သက်ရှိတစ်သျှူးတစ်မျိုးဖြစ်ပြီး ယင်းကို ဆဲလ်များ၊ ကော်လာဂျင်ဖိုင်ဘာများ၊ သတ္တုဓာတ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ ပျမ်းမျှ အသက် ၃၅ နှစ်နောက်ပိုင်းမှစ၍ အရိုးရဲ့သတ္တုဓာတ်များဟာ စွမ်းဆောင်ရည် တဖြည်းဖြည်းကျဆင်းလာတာကြောင့် အရိုး၏သိပ်သည်းဆလျော့နည်းသွားကာ သန်မာမှုလည်းလျော့ကျသွားပါတယ်။ သို့သော် လူတစ်ဦးနှင့်တစ်ဦး အရိုးအားကျဆင်းမှုနှုန်းထားပမာဏချင်း မတူညီကြပါဘူး။ အရိုးအားကျဆင်းမှုပမာဏ များပြားလာခြင်းကို ဆေးသိပ္ပံနည်းအရ အရိုးပွရောဂါ၊ အရိုးကြွပ်ဆတ်ရောဂါ၊ အရိုးပါးရောဂါ (Osteoporosis) ဖြစ်တယ်လို့ ခေါ်ပါတယ်။ Osteoporosis လောက်မပြင်းထန်တဲ့ရောဂါကိုတော့ Osteopenia လို့ ဆိုပါတယ်။

အရိုးပွရောဂါဖြစ်လာပါက အရိုးဟာ ကြွပ်ဆတ်သွားတာကြောင့် ရုတ်တရက် ချောင်းဆိုးလျှင်ဖြစ်စေ၊ တစ်စုံတစ်ခုကို ကုန်း၍ကောက်လျှင်ဖြစ်စေ၊ ဈေးဆွဲခြင်း ခပ်လေးလေးကို ဆွဲမလိုက်လျှင်ဖြစ်စေ အရိုးအက်သွားတတ်ပါတယ်။ အဆိုးဆုံးကတော့ မတော်တဆခြေချော်လဲရုံမျှဖြင့်တောင် အရိုးတွေအလွယ်တကူ ကျိုးသွားပါတယ်။ အရိုးပွရောဂါဆိုတာဟာ တစ်ကိုယ်လုံးမှာဖြစ်ပွားတတ်တဲ့ ရောဂါဖြစ်ပြီး တမြည့်မြည့်နဲ့ဖြစ်လာတဲ့ရောဂါမို့ စောစီးစွာသိရှိရန် လွန်စွာခဲယဉ်းပါတယ်။ တကယ်တော့ လူ့ခန္ဓာကိုယ်မှာ မွေးဖွားလာကတည်းက အလွန်မာကြောသောအရိုးနဲ့ ပုံမှန်အရိုးမာဟူ၍ နှစ်မျိုးရှိပြီး ပုံမှန်အရိုးမာအမျိုးအစားက ပို၍ထိခိုက်လွယ်ပါတယ်။ အထူးသဖြင့် အရိုးရှည်များဖြစ်ကြတဲ့ ကျောရိုး၊ ခါးရိုး၊ ခြေ၊ လက်၊ လက်မောင်းရိုးများ၊ လက်ဖျံရိုး၊ ပေါင်ရိုး၊ ခြေသလုံးရိုးတွေမှာ အရိုးပွရောဂါဖြစ်လေ့ရှိပါတယ်။

လူတို့မှာ အရိုးကောင်းခြင်းနှင့် အရိုးပွခြင်းတို့ကို ဓာတ်မှန်ရိုက်ကြည့်ရင် သဲကွဲစွာ မြင်နိုင်ပါတယ်။ ကျန်းမာသန်စွမ်းတဲ့ အရိုးဟာ ဓာတ်မှန်ပေါ်မှာ အဖြူရောင်ပုံရိပ် အကွက်များများ ထင်နေပါတယ်။ အကြောင်းမှာ X-rays အိပ်စရေးရောင်ခြည်များက ပိတ်နေတဲ့ ၎င်းအရိုးကို ဖြတ်သန်းမတိုးနိုင်တာကြောင့် ဖလင်ပေါ်မှာ အဖြူရောင်များ တွေ့မြင်ရခြင်းဖြစ်ပါတယ်။ အရိုးပွရောဂါရှိသူရဲ့အရိုးကို ရိုက်ယူထားသော ဓာတ်မှန်မှာတော့ ဓာတ်ရောင်ခြည်တွေက အရိုးပွတွေကို ဖြတ်သန်း၍သွားနိုင်တာကြောင့် အဖြူရောင်ပြန်မထင်ဟပ်ဘဲ အမည်းရောင်များများ ပေါ်နေပါတယ်။

## အရိုးပွရောဂါအတွက် မထိတ်လန့်စေလို


အရိုးပွရောဂါဆိုတာ နှစ်နှင့်ချီ၍ ရောဂါပျိုးလျက်ရှိပြီး နာကျင်ကိုက်ခဲခြင်းနှင့် အခြားလက္ခဏာဟူ၍လည်း တစ်စုံတစ်ရာမပြဘဲ 'အသံတိတ်' ဖြစ်တတ်တဲ့ ရောဂါတစ်မျိုးသာ ဖြစ်ပါတယ်။ အဲဒီလို မိမိကိုယ်ကို စိုးစဉ်းမျှသံသယဖြစ်ဖွယ်မရှိဘဲ ရုတ်တရက်အားထုတ်လှုပ်ရှားမှု ပြုလိုက်ခါမှသာ အရိုးပွရောဂါကို ရုတ်တရက် သိမြင်ခံစားရတာမျိုးပါ။ ထိုမျှရောဂါလက္ခဏာရှိနေပြီဆိုရင် နောက်ကြောင်းပြန်စရာ အကြောင်းမရှိတော့တဲ့ ကြောက်စရာရောဂါပါလို့ အီတလီနိုင်ငံရှိ အရိုးပွရောဂါအထူးကုဆေးရုံမှ ဆရာဝန်ကြီးတစ်ဦးဖြစ်သူ ဒေါက်တာ မစ္စမယ်လ်ဘာ အိုင်းရစ်စ်အိုဗေးလ်ဆိုသူက သတိပေးအကြံပြုထားပါတယ်။ သို့သော် ထိုရောဂါသည်များအတွက် မျှော်လင့်ချက် ကုန်ဆုံးသွားပြီလို့ မထင်လိုက်ပါနဲ့။ ကံကောင်းထောက်မစွာဖြင့် အရိုးဟာလည်း သက်ရှိတစ်သျှူးတစ်မျိုးဖြစ်၍ အရိုး၏သဘာဝမှာ ဆဲလ်အဟောင်းများ ပျက်စီးသွားချိန်မှာ ဆဲလ်အသစ်များက အလိုအလျောက် ပုံမှန်ဖြစ်ထွန်းလာကြပါတယ်။ အဲဒီလို ဆဲလ်အသစ်ဖြစ်ထွန်းမှုတိုးပွားစေရန်နှင့် ပျက်စီးမှုနှုန်းကို နှေးကွေးစေရန်တို့အတွက် ယနေ့ကမ္ဘာမှာ ဆေးသိပ္ပံနည်းအရ နည်းလမ်းများစွာရှိလာပြီမို့ ဆရာဝန်တွေညွှန်ကြားသော ဆေးများကို လိုက်နာမှီဝဲပေးပါ။

## ဘယ်အရွယ်မှာ ဖြစ်တတ်သလည်း

လူတစ်ယောက်၏ အရိုးကို အမြင့်ဆုံးတည်ဆောက်ပြီးချိန်ဟာ အသက် ၃၀ အရွယ်ဖြစ်ပါတယ်။ အမျိုးသားအမျိုးသမီးအားလုံး အရိုးပွရောဂါဖြစ်တတ်ပြီး အမျိုးသမီးတွေမှာ ပို၍အဖြစ်များပါတယ်။ အမျိုးသမီးတွေ သွေးဆုံးပြီးချိန်မှာ ခန္ဓာကိုယ်မှ ဟော်မုန်းထုတ်လုပ်မှုကျသွားခြင်းကြောင့် အရိုးပါးခြင်း လျင်မြန်စွာဖြစ်ပေါ်လာနိုင်ပါတယ်။ အမျိုးသားတွေမှာလည်း တက်စ်တိုထရုန်းဟော်မုန်း ဆုံးရှုံးမှုမှာ အမျိုးသမီးများသွေးဆုံးသည့်သဘောမျိုးနဲ့ ဆင်တူဖြစ်၍ အမျိုးသားများ ပျမ်းမျှအသက် ၆၀ ဝန်းကျင်မှစ၍ အရိုးပါးလာကြပါပြီ။ လေ့လာစမ်းစစ်မှုမှတ်တမ်းများအရ အသက် ၅၀ ကျော် သွေးဆုံးပြီး အမျိုးသမီးဦးရေ ၁၀၀ မှာ ပျမ်းမျှ နှစ်ဦးနှုန်း အရိုးပါးရောဂါ ဖြစ်တတ်ကာ အသက် ၈၀ အရွယ် အမျိုးသမီးလေးဦးမှာ တစ်ဦးက အရိုးပါးရောဂါဖြစ်လာကြတာကို တွေ့ရပါတယ်။ အသက် ၃၀ အောက် ငယ်ရွယ်သူများက ကယ်လ်စီယမ်ကို တစ်နေ့လျှင် ၁၂၀၀ မီလီဂရမ် ရရှိအောင် မှီဝဲပါ။ အသက် ၃၀ မှ ၅၀ အတွင်းရှိသူများက မီလီဂရမ် ၁၂၀၀ မှ ၁၅၀၀ အတွင်း မှီဝဲသင့်ပြီး အသက် ၅၀ ကျော်သွားတဲ့အခါမှာတော့ မီလီဂရမ် ၁၅၀၀ မှ ၂၀၀၀ အတွင်း နေ့စဉ်မှီဝဲသင့်ပါတယ်။

## ဘယ်လိုလူတွေမှာ ပို၍အဖြစ်များသလဲ

အသက် ၄၅ နှစ်မတိုင်ခင် သွေးဆုံးချိန်စောသူများ၊ သားအိမ်ထုတ်ထားရသူများ၊ မတော်တဆ ခြေချော်လဲ၍ အရိုးကျိုးခဲ့ဖူးသူများ၊ မိဘမျိုးရိုးမှာ အရိုးပွရောဂါ ရာဇဝင်ရှိသူများ၊ body mass index (BMI)u 19 (သို့) ၎င်းထက်နည်းသူများ၊ အက်စထရိုဂျင်ဟိုမုန်း ကျဆင်းလေ့ရှိသူများ၊ လေ့ကျင့်ခန်း ပြင်းပြင်းထန်ထန်လုပ်ခြင်း(သို့)အစားတွေလျှော့စားလွန်းတာကြောင့် ဓမ္မတာရာသီခြောက်လ(သို့) တစ်နှစ်ခန့်ရပ်(ထိမ်)တန့်သွားသူများ၊ ပန်းနာရင်ကျပ်ဝေဒနာကြောင့် prednisolone ကဲ့သို့သော စတီရိုရိုက်ဒ်ဆေးဝါးတွေကို ၃ လနှင့်အထက် မှီဝဲသောက်သုံးနေရသူများ၊ ဆေးလိပ်စွဲနေသူများ၊ အရက်ကို ၄ ယူနစ်နှင့်အထက် နေ့စဉ်သောက်သုံးသူများ၊ ကယ်လ်စီယမ်နှင့် ဗီတာမင်ဒီဓာတ် ချို့တဲ့သူများ၊ နေရောင်ခြည်ဓာတ်ကို မရရှိဘဲ နေမထိ လေမထိ နေထိုင်လေ့ရှိသူများ၊ အထူးသဖြင့် ဆယ်ကျော်သက်အရွယ်မှစ၍ ကိုယ်လက်လှုပ်ရှား အားကစားမလုပ်သူများ၊ အိပ်ရာထဲကြာရှည်စွာလှဲနေရသူများ၊ အရိုးကျိုး၍ ကျောက်ပတ်တီးစည်းထားရသူများ၊ ကဖိန်းဓာတ်လွန်ကဲစွာ သောက်သုံးသူများမှာ အရိုးပါးရောဂါ ပို၍အဖြစ်များကြပါတယ်။ ဒါ့ပြင် သိုင်းရွိုက်ရောဂါပျောက်ဆေး၊ celiac(ခေါ်)အစားကျူး၍ဖြစ်ရသော အူသိမ်ရောဂါပျောက်ဆေး၊ Crohn}s disease(ခေါ်)အစာချေလမ်းကြောင်း နာတာရှည် ရောင်တင်းရောဂါပျောက်ဆေး၊ ကျောက်ကပ်ရောဂါပျောက်ဆေး၊ အဆစ်အမြစ်ရောင်နာတာရှည်ရောဂါပျောက်ဆေး၊ အသည်းရောဂါပျောက်




ဆေး၊ အမှတ်-၁ ဆီးချိုရောဂါပျောက်ဆေးစတဲ့ ပဋိဇီဝဆေးများကို အမြဲမှီဝဲသောက်သုံးခြင်း၏ ဘေးထွက်ဆိုးကျိုးများကြောင့်လည်း အရိုးပွရောဂါ ဖြစ်လာရပါတယ်။

## ရောဂါလက္ခဏာများ

အရိုးပွရောဂါလက္ခဏာများမှာ အရိုးနှင့် ခါးရိုးများနာခြင်း၊ အရပ်အမောင်းနိမ့်ဆင်းသွားခြင်း၊ အရိုးကျိုးလွယ်ခြင်း၊ ကျောရိုးကိုတည်ဆောက်ထားတဲ့ အရိုးပွများမှာ အရိုးသိပ်သည်းဆ ပို၍ပွလာတာကြောင့် ဒဏ်မခံနိုင်တော့ဘဲ ခါးမှာအရှေ့ဘက်သို့ တဖြည်းဖြည်းကုန်းလာခြင်း စသည်တို့ဖြစ်ပါတယ်။ လူတစ်ယောက်ဟာ ကုလားထိုင်ပေါ်က ပြုတ်ကျရုံမျှလောက်ဖြင့် အလွယ်တကူ အရိုးကျိုးလေ့မရှိပါဘူး ။ သို့သော် ထိုခုံအမြင့်လောက်မှ ပြုတ်ကျရုံမျှဖြင့် တင်ပါးဆုံရိုးကျိုးသွားခြင်း(သို့)လက်ကောက်ဝတ်ကျိုးသွားခြင်းတို့ ဟာ အရိုးပွရောဂါရှိပြီကြောင်း ၉၀ ရာခိုင်နှုန်းကျော် သေချာနေပါပြီ။

## ဆောင်ရန်ရှောင်ရန် နည်းလမ်းကောင်းများ

(၁) နံနက်စောစော နေပူစာလှုံပါ။ နေရောင်ခြည်ဟာ ကိုယ်အရေပြားပေါ်သို့ကျရောက်တဲ့အခါတိုင်း ခန္ဓာကိုယ်က အရိုးကို ကာကွယ်ပေးတဲ့ ဗီတာမင်ဒီကို ထုတ်လုပ်ပေးလေ့ရှိပါတယ်။ သို့သော် နေရောင်ခြည်တိုက်ရိုက်ခံယူရမှာဖြစ်ပြီး အကယ်၍ တစ်ဆင့်ခံ အလင်းဖောက်မှန်ကိုသုံး၍ နေပူစာလှုံခြင်းက နေရောင်ခြည်မှပါလာသော ဗီတာမင်ဒီဓာတ်ကို ခံစားရမည်မဟုတ်ပေ။ နေလောင်ကာခရင်မ်လိမ်းပြီး နေပူစာလှုံခြင်းကလည်း အရိုးအတွက်လိုအပ်တဲ့ နေရောင်ခြည်မှပါလာသော ဗီတာမင်ဒီဓာတ်ကို အပြည့်မရရှိနိုင်ပါဘူး။ (နေရောင်ခံခြင်းမပြုလိုသူများနှင့် နေမသာမိုးအုံ့သောရာသီဥတုတွေမှာသာ နေထိုင်ကြရသူများအတွက် ဗီတာမင်ဒီအားဆေး မှီဝဲသင့်ပါတယ်)

(၂) ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းက ကျောရိုးမကြီး၏ အရိုးကို ကြံ့ခိုင်မှုအားနည်းစေပါတယ်။ ဒါကြောင့် နေ့စဉ်နေ့တိုင်း ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းကို နာရီဝက်ခန့် လုပ်ပေးပါ။

(၃) ရေကူးခြင်းနှင့် စက်ဘီးစီးခြင်းတို့က အရိုးသန်မာမှုအတွက် အထောက်အကူမဖြစ်စေနိုင်ပါဘူး။ အမြန်လျှောက်ခြင်း၊ အပြေး၊ အေရိုးဗစ် စတဲ့လေ့ကျင့်ခန်းများကို နာရီဝက်ကြာအောင် မရပ်မနားပြု၍ ရက်သတ္တပတ်လျှင် ငါးရက်ခန့်လုပ်ပေးပါ။ လက်မောင်းလက်ဖျံရိုးတွေ သန်မာစေဖို့အတွက်ကိုတော့ မိမိတတ်နိုင်သလောက်အပေါ့စားအလေးပြားမ၍ လေ့ကျင့်ခန်းလုပ်ပါ။ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်များက နေ့စဉ် လမ်းမှန်မှန်လျှောက်ပေးဖို့ လိုအပ်ပါတယ်။

(၄) ကခုန်ခြင်းက အရိုးအားကောင်း၍ အရိုးသန်မာစေတယ်လို့ အမေရိကန်နိုင်ငံရှိ The National Osteoporosis foundation (ခေါ်)အမျိုးသာအရိုးပျော့ရောဂါကာကွယ် စောင့်ရှောက်ရေးအဖွဲ့က အကြံပြုထားပါတယ်။

(၅) မော်တာစက်မပါသော လမ်းလျှောက်စက်(သို့) အပြေးလေ့ကျင့်စက်များကို မသုံးပါနှင့်။ မော်တာမပါသော ၎င်းအားကစားစက်ပစ္စည်းတွေက ခြေထောက်ကို အတင်းဖိအားစိုက်၍ ပြင်းပြင်းထန်ထန်လုပ်ရတာကြောင့် အရိုးများကို ဆက်နွယ်ထားတဲ့ အရွတ်ပြားတွေကို ဒဏ်ဖြစ်စေကာ နောက်ဆက်တွဲဘေးထွက်ဆိုးကျိုးများအဖြစ် အရိုးပွန်း၍ ပါးလာနိုင်ပါတယ်။

(၆) အရိုးပါးခြင်း ရှိ-မရှိကို ခြောက်လတစ်ကြိမ် ပုံမှန်စစ်ဆေးပါ။

(၇) ဆေးလိပ်သောက်ခြင်းနှင့် တစ်ဆင့်ခံစီးကရက်မီးခိုးငွေ့ ရှူရှိုက်ခြင်းတို့ကလည်း အရိုး၏ခံနိုင်ရည်စွမ်းရည်ကို လျော့ကျသွားစေနိုင်ပါတယ်။

## အရိုးပါးရောဂါအတွက် ရှောင်ရန်အစားအစာလေးများ

(၁) အငန်လျှော့စားပါ။ ဆိုဒီယမ်(ဆား)ကို များများစားလေ၊ ကယ်လ်စီယမ်ဆုံးရှုံးရလေပဲဖြစ်ပါတယ်။ ဥပမာ တာရှည်ခံအောင်ပြုပြင်ထားသော ငါးပိ၊ ငါးခြောက်၊ ငန်ပြာရည်၊ ပုစွန်ခြောက်၊ ချဉ်ဖတ်၊ မှုစ်ချဉ်၊ အခြားအသင့်စား အစားအစာတွေမှာလည်း ဆားပါဝင်မှု များတတ်ပါတယ်။

(၂) အချိုမှုန့်ထဲမှာပါရှိတဲ့ ဓာတုပစ္စည်းများဟာ အရိုးပွ၊ အရိုးပါး၊ အရိုးကြွပ်ဆတ်ရောဂါတွေ ဖြစ်ပွားနိုင်ပါတယ်။ ကြက်သားမှုန့်ထဲမှာတော့ ၎င်းအချိုမှုန့်အပြင်၊ တာရှည်ခံမှိုသတ်ဆေးများ၊ ဓာတုပစ္စည်းများပါ ရောနှောပါဝင်နေတာကြောင့် ကြက်သားမှုန့်တွေက အချိုမှုန့်ထက်ပင် ပိုမိုဆိုးရွားနေပါတယ်။

(၃) ကဖိန်းဓာတ်နဲ့ ဓာတ်မတည့်သူများ(သို့) ကဖိန်းဓာတ်ပြင်းပြင်း သောက်သုံးသူများ(သို့)ကော်ဖီအမှုန့်တွေကို မစစ်ခံဘဲ သောက်လေ့ရှိသူများမှာ ခန္ဓာကိုယ်အတွက် အကျိုးယုတ်စေတဲ့ LDL ကိုလက်စထရောတွေ မြင့်တက်လာပြီး ဘေးထွက်ဆိုးကျိုးအဖြစ် အရိုးပါးရောဂါဖြစ်စေနိုင်ပါတယ်။

(၄) ဗီတာမင်စီဓာတ်ပါသော ဆေးဝါးများကို အလွန့်အကျွံသောက်သုံးပါက အရိုးအဆစ်ရောင်ရောဂါကို ဖြစ်ပွားစေပါတယ်။

(၅) အရက်အလွန်အကျွံသောက်သုံးခြင်းကြောင့် အရိုးဆဲလ်သစ်ဖွဲ့စည်းတည်ဆောက်မှုကို အားနည်းစေပြီး ခန္ဓာကိုယ်က ကယ်လ်စီယမ်စုပ်ယူနိုင်မှုကို လျော့ကျသွားတာကြောင့် အလွယ်တကူ အရိုးပွ၊ အရိုးအက်တာတွေ ဖြစ်လာစေပါတယ်။

(၆) ပြုပြင်ထားတဲ့ ဖြူဆွတ်ဆွတ်သကြားများ(သို့ )၎င်းသကြားဖြင့်ပြုလုပ်ဖန်တီးထားသော ဖျော်ရည်၊ အချိုရည်များကို လျှော့၍သောက်ပါ။ ၎င်းထဲရှိ ဖော့စ်ဖရက်စ် သတ္တုဓာတ်များက အရိုးကို သွယ်ဝိုက်သောနည်းဖြင့် ဆိုးကျိုးပေးနိုင်ပါတယ်။

(၇) ကဖိန်းဓာတ်ပါသော ဆိုဒါအချိုရည်များနှင့် ဆိုဒါဓာတ်ပါသော ကိုလာအချိုရည်များကလည်း ခန္ဓာကိုယ်အတွက် ကယ်လ်စီယမ်စုပ်ယူမှုကို ကြီးစွာသောအဟန့်အတားဖြစ်စေပြီး အရိုးကျန်းမာရေးကို ဆိုးကျိုးဖြစ်စေနိုင်ပါတယ်။

## အရိုးပါးရောဂါအတွက် ဆောင်ရန်အစားအစာလေးများ

အကယ်၍ သင့်မိခင်(သို့ )မိသားစုဝင်များထဲမှာ အရိုးပွရောဂါကြောင့် ကွယ်လွန်သွားကြသော ရာဇဝင်ရှိပါက သင်သည် အသက် ၃၀ မပြည့်ခင်ကတည်းမှစ၍ အရိုးအားကောင်းစေတဲ့ အစားအစာများကို မှီဝဲစားသုံးဖို့ အထူးလိုအပ်နေပါပြီ။ အရိုးအတွက် ကောင်းကျိုးပြုသော အောက်ပါအစားအစာများကို မကြာခဏစားသုံးပေးခြင်းဖြင့် အရိုးပွရောဂါမှ ကြိုတင်ကာကွယ်ရာရောက်ပါတယ်။

(၁) အသက် ၁၀ နှစ်မှ ၁၂ အရွယ် ကြီးထွားဖွံ့ဖြိုးဆဲ အမျိုးသမီးငယ်များ အရိုးအားကောင်း စေရန်အတွက် ကယ်လ်စီယမ်ဖြည့်စွက်စာအဖြစ် ဒိန်ချဉ်စားသုံးပေးသင့်ကြောင်း၊ အရိုးကြီးထွားမှုလျင်မြန်ပြီး အရိုးသိပ်သည်းဆအားကောင်းကာ သန်မာစေကြောင်း၊ ဒိန်ချဉ်ထဲတွင် lactoferrin ဓာတ်ပါရှိခြင်းကြောင့် အရိုးပျော့ရောဂါမှ ကာကွယ်ပေးကြောင်း၊ သက်ကြီးပိုင်း အရိုးပွရောဂါမဖြစ်စေကြောင်း၊ အားကစားသမားများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကြွက်တက်ခြင်းမှ သက်သာစေကြောင်း စင်ကာပူနိုင်ငံ၊ ဂျန်ဂီအထွေထွေရောဂါကုဆေးရုံကြီးမှ အာဟာရဗေဒပညာရှင်အကြီးအကဲ Mrs Magdalin Cheong မှ အကြံပြုထားပါတယ် (အကယ်၍ နွားနို့ နှင့် ဓာတ်မတည့်သူများမှာ ပဲပင်ပေါက်နှင့် ပဲပုပ်ပဲ(သို့)ပဲနို့ရည်တို့ သောက်ပေးနိုင်ပါတယ်။)

(ဆက်လက်ဖော်ပြပါမည်)

SECM

YANGON STOCK EXCHANGE

- Announcement -

## Stock Trading

at the

## Yangon Stock Exchange

to be started on

## 25th March 2016

with

**First Myanmar Investment Co., Ltd.**

F M I

as

**the First Listed Company**

* Names of securities companies to join YSX on 25th March will be announced later.

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/2527 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

---

မင်းဓမ္မကုန်းတော်

## လောကချမ်းသာ အဘယ လာဘမုနိရုပ်ပွားတော်မြတ်ကြီး

(ကျောက်တော်ကြီးဘုရား)

# တပေါင်းပွဲတော် Free Show

၂၃-၃-၂၀၁၆ - ပေါက်ကျော်မ မဂ်လာဆိုင်း၊ ၂၄-၃-၂၀၁၆ - 5 Star အငြိမ့်

၂၅-၃-၂၀၁၆ - သီးလေးသီး အငြိမ့် ၊ ၂၆-၃-၂၀၁၆ - မျက်လှည့်ပဒေသာ

၂၇-၃-၂၀၁၆ - ခြင်းအလှခတ်ပွဲ များဖြင့် ညစဉ်ဖျော်ဖြေပါမည်။

**တပေါင်းပွဲတော်တွင် ဈေးပွဲတော်ပါဝင်လိုသူများ ဂေါပကအဖွဲ့သို့ ဆက်သွယ်နိုင်ပါသည်။**

ဂေါပကအဖွဲ့ရုံး ♦ ဖုန်း-၆၄၄၈၆၀၊ ၆၄၄၈၅၈၊ ၆၄၄၈၅၇။ ရုံးအဖွဲ့မှူး ♦ ဖုန်း-၀၉ ၇၃၁၁၀၆၀၅။

---

## SOLO ADVENTISSO Travel & Tours

Solo Adventisso Travel & Tours

ဧည့်သည်တော်များအတွက် အထူးသတင်းကောင်း . . .

| | | |
|---|---|---|
| စင်ကာပူ ခရီးစဉ် | ဧပြီလ (၁၅ မှ ၁၈) | ဒေါ်လာ ၇၅၀ |
| ဗန်ကောက်-ပတ္တရား ခရီးစဉ် | ဧပြီလ (၁၇ မှ ၂၀) | ဒေါ်လာ ၆၀၀ |

ဖုန်း - ၀၉ ၇၃၀ ၆၈၈၆၅၊ ၀၉ ၃၁ ၉၄၄၈၅၉၊ ၀၉ ၄၂၀ ၂၅၀၇၇၈

ခြံအမှတ်(၅၂)(ဘီ) တိုက်(၂) (မြေညီထပ်) ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

---

**အများသိစေရန်ကြေညာခြင်း**

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ် ၆၈/က၊ မြေကွက်တည်နေရာအမှတ် (၆၈/က)အနေအထားရှိသောလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ဦးခင်မောင် (ပီဘီအီး-၁၁၂၇၇၂) အမည်ပေါက်နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးခင်မောင် (၁၂/သဃက(နိုင်)၁၅၇၁၃၅) ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်ပျောက်ဆုံးကြောင်းထင်ရှား၍ ဂရန်မိတ္တူပျောက်ဆုံးသွားခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မှုမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးခင်မောင် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

**စိန်တလုံးသရက်ခြံ အကျိုးတူဆောင်ရွက်လိုသူများအား ဖိတ်ခေါ်ခြင်း**

လှည်းကူးမြို့နယ်၊ ရှမ်းတပ်မြို့ရှိ ဧက(၈၀)ကျော်ရှိ သရက်ခြံတွင် လက်ရှိ အသီးသီးနေသော မျိုးသန့်စိန်တလုံးသရက်ပင် (၄၀၀၀)ခန့်အား ယခုရာသီမှစ၍ သရက်ပင်နှင့်အသီးများ စနစ်တကျထိန်းသိမ်းခြင်း၊ ဈေးကွက်ရရှိရေးဆောင်ရွက်ခြင်းလုပ်ငန်းများ စီမံဆောင်ရွက်နိုင်သည့် အကျိုးတူလုပ်ငန်းဆောင်ရွက်လိုသော လုပ်ငန်းရှင်များ အမြန်ဆက်သွယ်ပါရန်ဖိတ်ခေါ်အပ်ပါသည်။

**(အကျိုးခံစားခွင့်အားနှစ်ဖက်ညှိနှိုင်းဆောင်ရွက်ပါမည်။)**

**ဆက်သွယ်ရန်**

**ဦးမောင်မောင်အေး -၀၉၇၉၅၁၁၈၉၁၊ ၀၉၆၅၀၀၀၅၈၊ ၀၉၇၃၀၂၇၇၇**

---

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



ကြော်ငြာ

**Asia Top** 0943164118,09421099574,098635520

- ဖော်တင်ဂွင်းဘုရားပွဲတော်နှင့် ငွေတောင်ကာမ်းခြေ 45000
- ပန်းတွဲကော်ဖော်၊ မကွေးမြဲသလွန်၊ ကျောင်းတော်ကြာ၊ စဉ်ကိန်းဘဲ၊ နဂါးဆွမ်းကြီး၊ ပြည်ဘုရားစုံ 45000
- ရွှေစက်တော်၊ ဘာလောင်းတော်ကာဿပ၊ စစ်ကိုင်း၊ ပုဂံ လမ်းဘုရားစုံ 75000
- ရွှေစက်တော်၊ ပုဂံ (ဓွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ မနုဟ္ဟ-သီဟိုဠ်ရှင် 70000
- ဘာလောင်းတော်ကာဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ 55000 ဆက်၍- ပြင်ဦးလွင်ပါ 75000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလို၊ ကက္ကူ၊ တောင်ပေါ်တန်းဘုရားစုံ 65000
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက်မီ၊ ငပလီကမ်းခြေ 100000
- ပုဂံ (ဓွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ မနုဟ္ဟ-သီဟိုဠ်ရှင် 60000
- ဖော်လပြင်၊ ကျိုက္ကမီ၊ ဇက်ခဲကမ်းခြေ၊ လမ်းဘုရားစုံ 25000
- ရခိုင် မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ၊ ကမ်းသာယာ 140000 Air-con

မြစ်သူထက်

PGDMA, PPTT

ပြည်တွင်းအခွန်

English 4 skills

ကွန်ပျူတာ စာစီစာရိုက်

Non-Stop

UDE

# ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း(NWEA) စည်းရုံးရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးညွန့်မှ ဗီယက်နမ်နိုင်ငံတွင် ချီးမြှင့်သော Outstanding ASEAN Women Entrepreneur award ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**KSS Co.,Ltd** မိသားစု
နှင့်ဝန်ထမ်းများ

**ကား** မျိုးစုံ

(Alphard/Crown/MarkII/Hiace ...)

Ph: 09795549249, 095418126

**Pleasant Times**
Travels & Tours Co., LTD
Release Your stress with Pleasant Times

တနင်္သာရီကမ်းရိုးတန်း၏ သဘာဝအလှတရားများဆီသို့ . . .

**Luxury Packages (Apr: 12,16,17)**

- မြိတ်ဘုရားစုံ – သဘာဝကျွန်းစု
- ထားဝယ် – ရှင်ကိုးရှင် – လောင်းလုံးကျွန်း
- ကော့သောင်း – သူ့ချေးကျွန်း – ရနောင်း

နေ့ချင်းပြန်ခရီးစဉ် ဘားအံ – ကျုံဆောင်ရေတံခွန် (Mar: 19,26)

အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့၊
Ph: 01-9317220, 09-73158702, 09-73072661, 09-252872529

**တာဝတိံသာ**

Ph: 09 32152526
09 421024222
09 31483218
09 49344288

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
စင်ကာပူ- မြန်မာသက်မွေးပညာသင်တန်းကျောင်း
Singapore- Myanmar Vocational Training Institute(SMVTI)

**သင်တန်းသားသစ်များခေါ်ယူခြင်း**

(၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၁၆)နှစ်နှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်သည်။

(၂) သင်တန်းကာလ(၆)လ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate)ရရှိပါမည်။

(၃) ခေတ်မီ Lab ပစ္စည်းများ အသုံးပြု၍ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးပါမည်/ Engineering နှင့် Hospitality and Tourism ဘာသာရပ်များအတွက် လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးရန် ရည်ရွယ်ပါသည်။

(၄) လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံစာ၊ အမှတ်စာရင်းမူရင်းနှင့်မိတ္တူ၊ ကျောင်းသားနှင့်မိဘများ၏ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်တကွ ပူးတွဲလျှောက်ထားရမည်ဖြစ်ပါသည်။

(၅) ပဏာမရွေးချယ်ခံရသူများသည် Interview ဖြေဆိုရန် လိုအပ်ပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ

**Courses for Hospitality & Tourism**

1. Front Office Operations
2. Housekeeping Operations
3. Restaurant Operations
4. Retail Operations

**Courses for Engineering**

1. Electrical Technology (Electrical Appliances and Special Installations)
2. Residential Air-Conditioning
3. Building Fixtures and Equipment
4. General Welding
5. Mechatronics(Basic Servicing)

သင်တန်းဖွင့်လှစ်မည့်ရက်

Hospitality and Tourism

မေလ ၉ ရက် ၂၀၁၆ခုနှစ်၊

Engineering

မေလ ၉ ရက် ၂၀၁၆ခုနှစ်

သင်တန်းနေရာ

SMVTI, အမှတ် (၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်စုံစမ်းရန်ဖုန်း - 09-781002571 (Engineering)
09-781002572 (General Office)
09-781002573 (Hospitality and Tourism)

လျှောက်လွှာများကို ၁၄-၃-၂၀၁၆ရက်မှ ၂၅-၃-၂၀၁၆ရက်အထိ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရယူလျှောက်ထားနိုင်ပြီး နောက်ဆုံးတင်ရမည့်ရက်မှာ ၃၀-၃-၂၀၁၆ရက်ဖြစ်ပါသည်။

မှတ်ချက် - အစိုးရရုံးပိတ်ရက်များဖြစ်သော(၂၀)ရက်နှင့် (၂၃)ရက်နေ့များတွင် ပိတ်မည်ဖြစ်ပါသည်။

# Topsyne®

မှလလက်ပောင်းအရည်အသွေးအတိုင်း ထုတ်လုပ်ထားသော "သနပ်ခါးမိတ်ကပ်"




**Herbal Cream**
(ငွေရောင်ဘူး)

အသစ်ထပ်မံထုတ်လုပ်ထားသော "ခေတ်သစ်မျိုးမေများရဲ့ ပန်ဆင်းရှင်အစစ်"




**Herbal Cream**
(ပန်းပွင့်ပုံဘူး)

(ကျား/မ မရွေးသုံးနိုင်သည်)

**Apple Production Co.,Ltd.**

အမှတ် (အေ – ၂၉) ၊ ဦးဝိစာရလမ်း ၊ (၃၄) တိုး ...

**ဈေးနှုန်းသက်သာစွာဖြင့် အမြန်ရောင်းမည်**

ဂျပန်နိုင်ငံမှတင်သွင်းသည့် အသစ်နှင့် အသစ်ကဲ့သို့ကောင်းမွန်သည့် အိမ်သုံးပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းမျိုးစုံတို့အား ၁၆-၃-၂၀၁၆ ရက်မှ ၂၀-၃-၂၀၁၆ရက်အတွင်း အမှတ်(၅၈၆)၊ ဓမ္မာရုံလမ်း၊ (၁၀)ရပ်ကွက်၊ ၆မိုင်၊လှိုင်မြို့နယ်၊ အင်းယားကန်ဘောင်အဆုံး I.B.C ရှေ့ဓမ္မာရုံလမ်း၊ ဘယ်ဘက်ခြမ်း (၂)ခြံကျော် အချိန်-မွန်းလွဲ(၂)နာရီမှ ည(၇)နာရီ အတွင်း

ဖုန်း-၀၉-၄၄၀၄၉၅၃၆၂

**အမည်ဖြည့်စွက်ခေါ်ပါရန်**

စလင်းမြို့နယ်၊ ပေါင်းပင်ဇင်းရပ်နေ ဦးဝင်းညွန့်၏သား မောင်ငြိမ်းလှိုင်သူဝင်း [၈/စလန(နိုင်)၁၃၅၆၀၃] အမည်အား မောင်ငြိမ်းလှိုင်သူဝင်း(ခ)မောင်ကောင်းခန့်သွင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မောင်ငြိမ်းလှိုင်သူဝင်း(ခ)
မောင်ကောင်းခန့်သွင်

**SUPER RICH MAN**
SWIMMING POOL SPECIALIZED COMPANY

**ဝန်ထမ်းအလိုရှိသည်**

ပိုက်ပြင်၊ ပိုက်ဆက် ကျား (၅)ဦး
- လုပ်သက်အနည်းဆုံး(၅)နှစ်ရှိရမည်၊
- အခြေခံလစာ (၁၅၀၀၀၀) - (၁၈၀၀၀၀)

အထွေထွေလုပ်သား ကျား(၃)ဦး
- အနည်းဆုံး(၈)တန်းအောင်ရမည်၊
- အခြေခံလစာ (၁၀၀၀၀၀)

ဖုန်း – ၀၁-၄၀၁၅၁၈၊ ၀၁-၈၆၀၄၀၆၄

KONICA MINOLTA

hp

Panasonic

Authorized Business Partner
**GANDAMAR**
Business Solutions

မဟာသင်္ကြန်အကြို GOLD MEMBER'S PROMOTION Up to 20% DISCOUNT AND FREE GIFT

( 14th March to 30th April )




09-253547980, 09-253547981, 01-383932, 01-383934


ATTIC MASTER
HOTEL
Coming soon
UNVEILED
19/3
6PM
IN SEDONA
Shareholders Joining...
Welcome To Attend
Tel
09 789 777 666
ADD / NO(88,89,90)Kyaik Waing pagoda road,
Mayangone township ,Yangon, Myanmar.

# ဒေသတွင်းနိုင်ငံအားလုံး သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများ ပိုမိုတိုးပွားလာ

# အာဆီယံနိုင်ငံများအချင်းချင်း နီးကပ်စွာပူးပေါင်းဆက်ဆံရန် အလွန်အရေးကြီး




မတ် ၁၄ ရက်က လာအိုနိုင်ငံ ဗီယန်ကျန်းမြို့ရှိ Don Chan Palace Hotel ၌ ကျင်းပသော (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘော အစည်းအဝေးတွင် အာဆီယံတပ်မတော်အကြီးအကဲများ သဘောတူညီချက်လက်မှတ်ရေးထိုးစဉ်။ (မြဝတီ)

**နေပြည်တော် မတ် ၁၅**

အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်းတွင် ယုံကြည်မှုတည်ဆောက်ခြင်း၊ သံတမန်ရေးရာကာကွယ်ထိန်းသိမ်းခြင်း၊ စည်းလုံးညီညွတ်မှုခိုင်မာခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ခြင်းများ ပိုမိုပြုလုပ်လာနိုင်ခဲ့ကြောင်း၊ အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ပူးပေါင်းမှု၊ စည်းလုံးညီညွတ်မှုများကို ပိုမိုတိုးမြှင့်ပြီး အင်အားတောင့်တင်းသော အာဆီယံအသိုက်အဝန်းဖြစ်စေရန် အာဆီယံတပ်မတော်များအကြား ပူးပေါင်းမှုများကို ပိုမိုတိုးမြှင့်နိုင်ရေး စီမံဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မတ်၁၄ ရက် နံနက်ပိုင်းတွင် လာအိုနိုင်ငံ ဗီယန်ကျန်းမြို့ရှိ Don Chan Palace Hotel ၌ ကျင်းပသော

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## ယနေ့ မာတိကာ

လွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား အထက်ပစ္စယံစေတီထီးတော်နှင့် လုံးတော်ပြည့်ရွှေသက်န်း ကပ်လှူမည် — စာမျက်နှာ - ၂

ဥရောပချန်ပီယံလိဂ်ဖလား မတ် ၂၀ ရက်တွင် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိလာမည်ဖြစ်ပြီး ရန်ကုန်မြို့တွင် လှည့်လည်ပြသမည် — စာမျက်နှာ - ၈

ကျိုက်မှော်ဝန်းရေလယ်စေတီတော် (၁၀၆)ကြိမ်မြောက် ပူဇော်ပွဲတော်ကျင်းပ — စာမျက်နှာ - ၁၅

# (၈) မိုင်လမ်းဆုံခုံးကျော်တံတားသစ်၌ ယာဉ်များ စတင်ဖြတ်သန်း

**ရန်ကုန် မတ် ၁၅**

ယာဉ်ကြောကျပ်တည်းမှုကိုအထိုက်အလျောက်ပြေလျော့စေမည့် ငွေကျပ် ၁၅ ဒသမ ၅ ဘီလီယံ ကုန်ကျခံတည်ဆောက်ထားသော မရမ်းကုန်းမြို့နယ်ရှိ (၈)မိုင်လမ်းဆုံခုံးကျော်တံတားသစ်စီမံကိန်း (8 Miles Junction Flyover Bridge) မှာ တံတားတစ်စင်းလုံးတည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် ယနေ့နံနက်ပိုင်းက ယာဉ်များအား စတင်ဖြတ်သန်းသွားလာခွင့်ပြုလိုက်ပြီဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၃ သို့ ❖**




၂၀၁၅ တက္ကသိုလ်ဝင်တန်း Top Ten နှင့် ဘာသာစုံ ဂုဏ်ထူးရှင်များ ထွက်ရှိရာ . . .
သဉ္ဇာသန်းနိုင် တည်ထောင်သည့် ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၅)
ကျောင်းကြီး၊ ကျူရှင်၊ ဂိုက်၊ တက်စရာ မလိုတော့ပါ။ DAY CAMP စာကျက်ဝိုင်း စီစဉ်ပေးသည်။
ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ Grade 11(မတ် ၃၀) Grade 10 (ဧပြီ ၂၅) Grade 9,8,7,6 (မေ ၄) စ,မည်]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
ကျောင်းအပ် လက်ခံပါပြီ
အဆင့်မြင့် ဘော်ဒါ
ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့်စာသင်ဝိုင်း
Grade 10,11(တက္ကသိုလ်ဝင်တန်း)[ဘာသာစုံ]
Grade 11 [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
Grade 9 [သင်္ချာ၊ အင်္ဂလိပ်၊ သိပ္ပံ]
Grade 11(မတ် ၂၈) Grade 10 (ဧပြီ ၂၅) Grade 9 (ဧပြီ ၃၀) စ,မည်။
ကျောင်းပြန်ကား ferry စီစဉ်ပေးသည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
ကိုယ်ပိုင်အထက်တန်းကျောင်း (သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း

themirror.npt@gmail.com
www.facebook.com/themirrordaily